www.burmeseclassic.com

# ဆုမြတ်မွန်မွန်

စန်းပွင့်နေသော

ဝတ္ထုတိုများ



BURMESE CLASSIC .com

L လင်း

www.burmeseclassic.com

www.burmeseclassic.com


# ဆုမြတ်မွန်မွန်

## စန်းပွင့်နေသောဝဏ္ဏတို့များ

[illegible]

ဆုမြတ်မွန်မွန်

စန်းပွင့်နေသောဝဏ္ဏတို့များ/ဆုမြတ်မွန်မွန်၊ ရန်ကုန်။

[illegible]

စန်းပွင့်နေသောဝဏ္ဏတို့များ




## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်

## စန်းပွင့်နေသော ဝတ္ထုတိုများ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


၁။ အကြီးတို့မေ့တ္တာ ၉

၂။ စိမ့်မိုးရွှေဇာ်ရည်းစားထားနည်း ၂၇

၃။ ဆံပင်ဖြောင့်ချင်တယ် ၆၁

၄။ ဆရာ့ ဆရာကြီး ၈၃

၅။ ပင်နံဆဲယ်ဟီးလ် ၁၁၃

၆။ ချွေးထွက်ချင်သူများ ၁၄၁

၇။ သရီးအင်ဝမ်းချွေးမ ၁၅၃

၈။ နေရောင်အောက်ကအိမ်ထောင်ဖက် ၁၇၅

၉။ ကိုယ့်ဓာတ်လမ်းမှာကိုယ်ဓာတ်လိုက် ၂၀၁


၁၀။ အပျိုကြီးဒီပရက်ရှင် ၂၂၁

၁၁။ စင်ဒရဲလားကိုမကယ်တင်နိုင်သူ ၂၆၁


www.burmeseclassic.com

www.burmeseclassic.com







# စာရေးသူ၏အမှာစာ

စာဖတ်ပရိသတ်များသို့ ...

ဝတ္ထုတိုခေါင်းစဉ်နှင့် ပတ်သက်၍ ရှင်းပြဖို့ လိုအပ်သည်ဟု ထင်မိ၍ ဤအမှာစာကို ရေးရခြင်း ဖြစ်ပါသည်။ (၂၀၀၈)ခုနှစ် အောက်တိုဘာလတွင် ကျွန်မ၏ပထမဦးဆုံး ဝတ္ထုတို စုစည်းမှုစာအုပ်အဖြစ် "စိတ်ကူးကဲ့ကော်နှင့်အမြတ်နိုးဆုံးနှင်းပွင့်များ" ထွက်ရှိခဲ့ပါသည်။ မှတ်မှတ်ရရ ဆိုရလျှင် ထိုစာအုပ်ထဲမှ ဝတ္ထုတိုလေးများမှာ လုံးချင်းဝတ္ထုများ မထွက်သေးခင်၊ ဝါသနာရှင်ဘဝ၌ မဂ္ဂဇင်းများတွင် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရသော ဝတ္ထုတိုလေးများကို စုစည်းဖော်ပြထားခြင်း ဖြစ်ပါသည်။

ယခုစာအုပ်ပါ ဝတ္ထုတိုများမှာတော့ ပရော်ဖက်ရှင်နယ် စာရေးဆရာ ဖြစ်ပြီးသည့်အချိန်တွင် မဂ္ဂဇင်းတိုက်များမှ စာမူတောင်းခံလာသဖြင့် ရေးပေးခဲ့ရသော ဝတ္ထုတိုများဖြစ်ပါသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com




ပရိသတ်များထံမှလည်း နှစ်သက်သဘောကျသည်ဟု မှတ်ချက် အပေးခံရသောကြောင့် "စန်းပွင့်နေသောဝတ္ထုတိုများ"ဟု အမည် ပေးခဲ့ခြင်းပဲ ဖြစ်တော့သည်။ ပထမဆုံးလုံးချင်းဝတ္ထုမှသည် ယခု အချိန်အထိ ကျွန်မ၏လိုအပ်ချက်၊ ချို့ယွင်းချက်များကို နားလည် ခွင့်လွှတ်ကာ ဖတ်ရှုပေးခဲ့သော ပရိသတ်ကြီးအားလည်း စာဖြင့် ရေးသားဖော်ပြခြင်း မစွမ်းနိုင်အောင်ပင် ကျေးဇူးဥပကာရ အထူး တင်ရှိပါကြောင်း လေးနက်စွာ ပြောကြားလိုပါသည်။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်





www.burmeseclassic.com



တင့်သီတာသည် သူမဘက်လှည့်လာသော အမျိုးသမီးကို တစ်ချက်ပြုံးပြလိုက်ရင်းမှ နှုတ်ဆက်သလိုဖြင့် ခေါင်းလေးကို မသိမသာ တစ်ချက်ညွှတ်ပြလိုက်သည်။ အဲဒီအခါမှာ သူမကလည်း ပြန်ပြုံးပြပါသည်။ သို့သော် အပြုံးတွေက သိပ်မလန်းဆန်းချေ။ ဒါကလည်း သူမကို မခင်မင် မဖော်ရွေလို့ မလန်းဆန်းတာတော့ မဟုတ်။ သူမရဲ့ပုံစံကိုက လောကကြီးကို စိတ်ကုန်နေသလိုလို ဘဝမှာ နေရတာ မပျော်ရွှင်သလိုလို စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံမျိုးဖြစ်သည်။ ဒီအမျိုးသမီးကို သူမသတိထားမိတာ တစ်လလောက် ရှိခဲ့ပြီ။ သူက ဒီသင်တန်းသို့ ရောက်လာတာ သူမနှင့် ရှေ့ဆင့်နောက်ဆင့်လောက်ပဲ ဖြစ်သည်။ သင်တန်းကိုတော့ ထိုမိန်းမရဲ့သမီးဖြစ်သူက ကားနဲ့လာပို့တတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ လာကြိုတတ်သည်။ ပြည့်ပြည့်စုံစုံထဲက ဖြစ်ပုံရသော ထို မိန်းမသည် လောကကြီးကို ဘာကြောင့်များ အလိုမကျသည့်ပုံစံနှင့် ကြည့်နေရပါသနည်း။

သူ့အသက်မှာ တင့်သီတာထက် ဆယ်နှစ်လောက်တော့ ကြီးနိုင်သည်ဟု ထင်သည်။ ဆယ်နှစ်ထက်တော့ ပိုမကြီးနိုင်မှန်း မိန်းမအချင်းချင်း အသက်ခန့်မှန်းရာမှာ အင်မတန်တော်သည့် တင့်သီတာက သိသည်။ ဒါတောင် ဒီမိန်းမရဲ့ပုံစံက မလန်းမဆန်း ဖြစ်နေလို့ သိသာနေတာပင်။ သပ်သပ်ရပ်ရပ်နှင့် ပြင်ပြင်ဆင်ဆင်နေလျှင် မိန်းမတစ်ယောက်ရဲ့အသက်ဟာ ရှိရင်းစွဲထက် အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိတော့ လျှော့ပြောလို့ရသေးသည်။

"အစ်မ နည်းနည်းကျသွားသလိုပဲ"

သူမက ကိုယ့်ဘေးနားက လမ်းလျှောက်စက်မှာ လမ်းလျှောက်နေသည့် မိန်းမကို ထပ်ပြီး စကားဆိုလိုက်သည်။ သူမတို့ ကစားနေသည့် Fitness Center တွင် သူမတို့လိုအရွယ်တွေက နည်းနည်းရှားသည်။ ဆယ်ကျော်သက်တချို့နှင့် နှစ်ဆယ်





ကျော်တွေ လာကစားတာ များပြီး၊ လေးဆယ်တန်းတွေ လေးဆယ်ကျော်တွေ သိပ်မလာကြ။ ဒါကြောင့် သင်တန်းဆရာမက တောင် ပြောဖူးသေးသည်။

"ဒီက အိမ်ထောင်ရှင် အမျိုးသမီးတွေက အယူအဆတွေ မှားနေကြတာ၊ အိမ်ထောင်ကျပြီးသွားရင် လှစရာမလိုတော့ဘူးလို့ ထင်နေတာလေ၊ Body Beauty ဆိုရင် အပျိုတွေကပဲ လာဆော့တာ များတယ်၊ သင်တန်းမှာ အပျိုနဲ့အအိုဆိုရင် အပျိုတွေက ပိုများတာပေါ့။ တကယ်တော့ အိမ်ထောင်ရှင်တွေက ပိုကစားသင့်တာ၊ အိမ်ထောင်ရှင်တွေက ပိုလိုအပ်တာလေ၊ အိမ်ထောင်ရှင်တွေက အပျိုတွေထက် ပိုလှသင့်တာ"

အဲဒီစကားကို သူမကလည်း အပြည့်အဝ ထောက်ခံသည်။ သူမရဲ့ဘေးက မိန်းမကတော့ အပြည့်အဝ ထောက်ခံဟန်ဖြင့် သင်တန်းလာတက်တာတော့ ဟုတ်ဟန် မတူပါ။ ဝေ့ကျင့်ခန်း လုပ်တော့လည်း စိတ်မပါ လက်မပါဖြင့်။

"ဟုတ်လား ... သိပ်ကျတယ်လို့တော့လည်း မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တင့်သီတာရဲ့စကားကို သူမက ဖျော့တော့စွာ တုံ့ပြန်သည်။ ဒီမိန်းမကြည့်ရတာ အားမရှိလိုက်တာ။ အားမရှိဘူးဆိုတာက စိတ်ဓာတ်အင်အား မရှိတာကို ဆိုလိုတာဖြစ်သည်။ ပြည့်စုံရဲ့သားနဲ့ နွမ်းဖျော့နေသော အသွင်သဏ္ဌာန်ကို သူမက မကြိုက်ချေ။ ဘာကြောင့်မှန်းမသိဘဲ ဒီမိန်းမရဲ့ပုံစံကို အားမလိုအားမရ ဖြစ်နေမိသနည်း။ ကိုယ့်ထမင်း ကိုယ်စားပြီး သူများကိစ္စကို စိတ်ဝင်စားတတ်တာ တင့်သီတာရဲ့အကျင့်ပဲ ဖြစ်တော့သည်။

"အစ်မက ညစာပါ စားလား၊ ညစာကို လျှော့စားရင်စားဒါမှမဟုတ် အသီးအနှံတို့ အသုပ်တို့ စားရင်လည်း ပိုပြီးထိရောက်တယ်လေ"

"အင်း ... ထမင်းပဲ ပုံမှန်စားဖြစ်ပါတယ်။ ညီမရော ညစာမစားဘူးလား"

"ဟင့်အင်း ... ကျွန်မက ပန်းသီးပဲစားတာ၊ ပန်းသီးကို တစ်နေ့တစ်လုံး စားပေးရင် ဆရာဝန်ဆီ သွားစရာမလိုဘူးတဲ့လေ၊ အစ်မက အဲဒီလောက် အဝကြီးလည်းမဟုတ်ပါဘူး၊ သေချာ ဝတ်စား ပြင်ဆင်တတ်ရင် အရမ်းကြည့်ကောင်းသွားမှာ၊ ငယ်ငယ်ကဆို တော်တော်လှခဲ့မယ့်ပုံပဲ၊ အစ်မ သမီးလေးကို ကြည့်ရင် သိသာတယ်"





တင့်သီတာရဲ့စကားကြောင့် သူမက ယဲ့ယဲ့မျှပြုံးသည်။ ဒီတစ်ခါ အပြုံးကတော့ နည်းနည်းတော့ လန်းဆန်းသွားသည်ဟု ထင်သည်။

"သမီးကလည်း $2^{nd}$MB တက်နေတာလေ၊ ဒီသင်တန်းကိုလည်း သမီးကပဲ ဖွတ်တက်ခိုင်းတာပေါ့၊ ညီမရော သားသမီး မရှိဘူးလား၊ အပျိုကြီးနဲ့တူတယ်"

တင့်သီတာက တစ်ချက်ပြုံးကာ ခေါင်းယမ်းပြလိုက်သည်။ အပျိုကြီးဟု အထင်ခံရတာတော့လည်း ကျေနပ်သားပင်။

"အပျိုကြီး မဟုတ်ပါဘူး၊ သားသမီးတော့ မရှိဘူးအစ်မ"

"ဩော်"

ထိုမိန်းမက စကားနည်းသူပီပီ ဩော် တစ်လုံးနှင့် ဆက်မပြောတော့ချေ။ သူ ဆက်မပြောတော့လည်း တင့်သီတာကပဲ ဆက်ပြောလိုက်သည်။

"အရင်တုန်းကတော့ မလိုအပ်ဘူးထင်လို့ မယူခဲ့တာပေါ့အစ်မရယ်၊ ခုတော့ လိုတော့ လိုချင်သား၊ ယောက်ျားကလည်း ခြေလှမ်းပျက်နေပြီလေ၊ ဒါကြောင့် အလှအပလေးတွေ မယိုယွင်းခင် အမြန်လာထိန်းသိမ်းရတာ၊ ခက်တော



www.burmeseclassic.com

www.burmeseclassic.com



က အလှအပကိုသာ ထိန်းလို့ရချင် ရမယ်၊ အသက်ကို တော့ ဒီနေရာမှာတင် တန့်သွားအောင် ထိန်းလို့မရဘူး လေ"

ထိုမိန်းမ၏ မျက်လုံးတွေက ဖျတ်ခနဲ အရောင်လက်သွားသည်ဟု ထင်သည်။ မျက်လုံးတွေက တင့်သီတာ ပြောလိုက်သော စကားကြောင့် တင့်သီတာ အပေါ်မှာ နီးကြားရိပ်တွေ တက်လာတာကို မြင်တွေ့လိုက်ရသည်။

တင့်သီတာ ပြောလိုက်သော စကားလုံးသည် သူမရဲ့ ရင်ဘတ်တည့်တည့် ထိမှန်သွားသည်ဟု ထင်သည်။ ထိုမိန်းမက တင့်သီတာကို ပွင့်လင်းလှချည်လား ဟူသော အကြည့်မျိုးဖြင့် အားကျသလို ကြည့်သည်။ အဲဒီ အကြည့်ကြောင့် တင့်သီတာက ခပ်မော့်မော့်လေး ထပ်ပြုံးပြလိုက်သည်။ လောကမှာ လူတွေက ခံစားချက်ချင်းတူ၊ ဘဝတူတွေဆိုလျှင် ပိုပြီး ပေါင်းမိတတ်ကြတာ သဘာဝပဲ ဖြစ်လေသည်။

"သူနဲ့အစ်မက မိဘတွေက ပေးစားထားလို့ ယူရတယ် ဆိုပေမယ့် အစ်မကတော့ သူ့ကို ချစ်ခဲ့ပါတယ်။ ကိုယ့် လင်သားဖြစ်လာတော့ သံယောဇဉ်နဲ့ရောပေါ့လေ။ သူက





တော့ အစ်မကို မချစ်ဘူးနဲ့ တူပါတယ်၊ သိပ်ကြင်ကြင် နာနာလည်း မဆက်ဆံပါဘူး၊ နောက်ပိုင်းကျတော့ နိုင် တောင် နိုင်လာတာလေ၊ အစ်မကတော့ နဂိုတည်းက အေးတဲ့သူပီပီ သည်းခံခဲ့တာ သမီးလေးတစ်သက်ပေါ့၊ မယားဝတ္တရားငါးပါး ကျေပွန်ရင် ပြီးပြီပဲလို့ မှတ်ထားတာ၊ သူ ဘယ်လောက်ပဲ ပွေနေနေ ရှုပ်နေနေ ကိုယ်ကသာ ပွဲတက်မယားဆိုပြီး နှစ်သိမ့်ကျေနပ်ခဲ့ပေမယ့် တစ်ဖက်က တော့ စိတ်ဆင်းရဲရတာလည်း ရဲရတာပေါ့လေ ...

သမီးလေး အရွယ်ရောက်လာတော့ သူက ကိုယ့် ထက် ထက်တယ်လေ၊ မေမေက အထိန်းအသိမ်းမတတ် လို့ ဆိုပြီးတော့ အခု သူကပဲ ကိုယ့်ကိုလမ်းညွှန်ပေးနေ တာ၊ ဒီသင်တန်းကလည်း သူပဲ တက်ခိုင်းတာလေ၊ အစ်မ ကတော့ သိပ်အတက်ချင်ကြီးရယ်လို့လည်း မဟုတ်ဘူး၊ ဒီအရွယ်ကျမှလည်း သိပ်လည်းမလှချင်တော့ပါဘူးလေ"

ထိုမိန်းမက နောက်ရက်တွေမှာ တင့်သီတာကို ရင် ဖွင့်လာခြင်း ဖြစ်သည်။ ထင်တော့ ထင်သားပင်။ စီးပွားဥစ္စာ ပြည့်စုံပြီး အိမ်ထောင်လည်းရှိသော မိန်းမတစ်ယောက်ရဲ့လောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ် စိတ်ကုန်နေသော ပုံစံဟာ ဒီလိုကိစ္စမျိုးမှလွဲ၍ တခြား မရှိနိုင်ဟု သူမ တွက်ဆခဲ့တာ မှန်ခဲ့ပြီ။

"ဘယ်ဟုတ်မလဲ အစ်မရဲ့၊ အသက်လေးဆယ် ဆိုတာ ဘယ်မှာကြီးသေးလို့လဲ၊ အဘွားကြီးမှ မဟုတ်တာ၊ နေတတ်ရင် လေးဆယ်နဲ့ သုံးဆယ့်ငါးဆိုတာ ဘာမှမကွာဘူး၊ မသိသာဘူး၊ ခွဲမရဘူး၊ ကျွန်မဆို သာတီဖိုက်။ အစ်မသာ ပြင်ပြင်ဆင်ဆင် နေလိုက်ရင် ကျွန်မနဲ့ ရွယ်တူ သူငယ်ချင်းပဲ ထင်မှာ၊ စိတ်ဓာတ်မကျပါနဲ့ အစ်မရယ်၊ အစ်မမှာက သမီးလေး ရှိသေးတယ်၊ ကျွန်မဆို အားပေး မယ့်သူ ဘယ်သူမှ မရှိဘူး"

"ညီမ အမျိုးသားက အိမ်တော့ မှန်မှန်ပြန်လာတယ် မဟုတ်လား"

အဲဒီစကားကိုတော့ တင့်သီတာ ဘယ်လိုဖြေရမှန်း မသိတော့ချေ။ အရင်ကတော့ အိမ်ကလူလည်း အိမ်ကိုမှန်မှန်ပြန် လာလေ့ရှိသည်။ အခုတော့ သိပ်မလာတော့။ သိပ်မလာတာတောင် မဟုတ်ပါချေ။ လာကို မလာတော့တာဖြစ်သည်။ ဖုန်းဆက်တော့ လည်း ခပ်ပြတ်ပြတ် ပြောလွှတ်ကာ ဖုန်းချပစ်သည်။ တင့်သီတာ





သည် သူ့အကြောင်းကို စဉ်းစားမိလျှင် ဒေါသတွေ တနုံ့နုံ့ထွက် လာတတ်သည်။

"အိမ်ပြန်မလာတာ ကြာပါပြီ အစ်မရယ်၊ ခုဆို တစ်လ လောက်မှ တစ်ခါလောက်ပဲ လာတော့တာ"

"ဩော် ... ညီမလည်း အရွယ်ကောင်းပါပဲ၊ လှလည်းလှ သေးတဲ့ဟာ"

"အခု သူတွဲနေတဲ့ ကောင်မလေးက ကျွန်မထက် ပိုလှတယ် တဲ့ အစ်မရဲ့၊ အသက်ကလည်း သူ့ထက် ထက်ဝက်လောက် တောင် ငယ်တယ်တဲ့၊ တကယ့် ဟော့ရှော့ အလန်းလေးတဲ့၊ မော်ဒယ်ဂဲလ်လေးလို သေးသေးသွယ်သွယ်လေးတဲ့"

တင့်သီတာရဲ့ အပြောကို ထိုမိန်းမက မျက်လုံး အပြူးသားဖြင့်ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အင်း ... ခုခေတ် ယောကျ်ားတွေက သေးသေးသွယ် သွယ်လေးတွေမှ ကြိုက်ကြတာလား မသိဘူးနော်၊ စမောလ် ဆိုတဲ့အတိုင်း တကယ့်ကို စမောလ်လေးတွေကိုမှ ရှာတတ် တာ၊ အိမ်ကတစ်ယောက် တွဲနေတဲ့ ကောင်မလေးကလည်း ငယ်ငယ်လေး ပစိလေးလို့ပဲ ပြောတယ်၊ အခု ကြားနေရတာ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ အဲဒီကောင်မလေးကို တော်တော်ကြွေနေတယ်တဲ့၊ အတည်တောင် ယူတော့မယ် ကြားနေတယ်၊ သမီးကလည်း အဲဒါကိုကြားပြီး စိတ်တွေတို၊ ဒေါသတွေထွက်နေတာလေ"

"အရင်ရှေ့ကဟာတွေကို အိမ်တစ်ဆောင် မီးတစ်ပြောင် ထားပေးရုံကလွဲလို့ အတည်ကတော့ မယူဘူးလေ၊ ခုတော့ အဲလိုလုပ်မယ် ကြားနေတယ် ညီမရယ်"

"ဟုတ်လား၊ ကျွန်မယောကျ်ားလည်း အဲလိုပဲ ကြားနေရတယ်၊ မေးတော့လည်း မင်း လစာပုံမှန်ရနေရင် ပြီးတာပဲ မဟုတ်လားတဲ့၊ တကယ် ပြောရက်တယ်၊ ကျွန်မကတော့ မရဘူး၊ သူနဲ့ အဲဒီ စမောလ်လေးကို ရအောင်ကို လိုက်ချောင်းပြီး ကောင်းကောင်းကြီး ပညာပေးဦးမှာ၊ မစားရတဲ့ အမဲ သဲနဲ့ပဲ ပက်ရ ပက်ရ"

"အို ... သီတာက သတ္တိရှိလိုက်တာ၊ အစ်မကတော့ အဲဒီလောက် သတ္တိမရှိဘူး"

"အစ်မကလည်း ယောကျ်ားတွေဆိုတာ ကြောက်ရင် ဖြဲခြောက်တတ်တယ်၊ အကြီးတွေက ငြိမ်ခံနေမှန်းသိရင် အငယ်တွေကလည်း ရောင့်တက်ကြတယ်၊ ဒီတော့ နောက်





ဆုံး ပါးတစ်ချက် ရိုက်လိုက်ရလည်း အမြတ်လို့ ကျွန်မကတော့ ယူဆတာပဲ၊ အစ်မကြောက်ရင် ကျွန်မကို နမူနာကြည့်ထား၊ ကျွန်မကတော့ နွဲကိုနွဲရမှ ..."

သူတို့ လူမြင်ကွင်းကို ဘယ်တော့ထွက်မလဲ အတိအကျ စုံစမ်းနေတာ၊ သိတဲ့နေ့တော့ အပီအပြင် ပွဲကြမ်းပြီပဲ"

ထိုမိန်းမရဲ့မျက်နှာက သူမကို အထင်ကြီးရိပ်တို့ဖြင့် တောက်ပ ရွှန်းလက်ပြီးလာသည်။ နှုတ်ခမ်းတွေက တလှုပ်လှုပ် တရွရွဖြင့် ပြုံးလာရင်းမှ တင့်သီတာရဲ့ လက်ကို အားရပါးရဆုပ်ကိုင်လိုက်သေးသည်။

"ကြည့်စမ်း ... ညီမက သတ္တိရှိလိုက်တာ၊ အဲ ... အဲလိုလုပ်တော့ ညီမရဲ့ယောကျ်ားက ညီမကို ပစ်သွားမှာ မစိုးရိမ်ဘူးလားဟင်"

"စိုးတော့ စိုးရိမ်တာပေါ့ အစ်မရယ်၊ ဒါပေမဲ့ သူတို့လုပ်သမျှကို နှစ်ရှည်လများ စိတ်ဆင်းရဲကြီးစွာ ဒဏ်ခံနေရတော့ ဖြစ်ချင်ရာဖြစ် ပွဲကြမ်းပစ်ချင်ပြီလေ၊ မထူးတော့ဘူး ဓာတ်ပေါ့၊ ဘယ်လိုလဲ အဲဒီနေ့ကျရင် အစ်မ လိုက်မလား"

"အင်း ... လိုက်မယ်လေ"


www.burmeseclassic.com

www.burmeseclassic.com

"အိုကေ လိုက်ခဲ့၊ **အစ်မကိုလည်း** သတ္တိရှိရှိ ရင်ဆိုင်ဖို့ မှာချင်တယ်"

ထိုမိန်းမက **တင့်သီတာကို** အားကျသော မျက်လုံးများဖြင့် ကြည့်ကာ **ခေါင်းညိတ်ပြ**လေသည်။

✧ ❦ ✧

[illegible]





"ညီမ ယောကျ်ားနဲ့ သူ့ကောင်မလေးတို့ ဒီကိုလာမှာ သေချာတယ်ပေါ့"

ထိုမိန်းမက မေးလျှင် တင့်သီတာက ရဲရင့်သော အပြုံးဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ ပြီးတော့ နာကြည်းသံဖြင့် လက်သီးကို တင်းတင်းဆုပ်ကာ ...

"ဒီနေ့ ကောင်မလေး မွေးနေ့တဲ့ အစ်မရဲ့၊ မွေးနေ့လက်ဆောင်တောင် စိန်လက်စွပ် ပေးမှာတဲ့၊ ဒီမှာ အထူးခန်းမှာ ဘွတ်ကင် လုပ်ပြီးသားတဲ့လေ"

"သြော်"

တင့်သီတာက မမှာ,မဖြစ် မှာထားသော အချိုရည်ကို တစ်ငုံသောက်ကာ အဝင်ဝဘက်သို့ စိတ်လှုပ်ရှားစွာဖြင့် တစ်ချက်ကြည့်မိသည်။ ပြီးတော့ တိုင်ကပ်နာရီကို တစ်ချက်ကြည့်သည်။ ခြောက်နာရီထိုးနေပြီ။ ဒီပုံအတိုင်းဆို သိပ်မကြာခင်


www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့မည်။ အဲဒီလို တွေးနေတုန်းမှာပဲ တင့်သီတာရဲ့ ...ပ်မှာ သူ့ရဲ့အသည်းကျော်လေးဖြင့် ပျော်ရွှင်ကြည်နူးစွာ ဝင်ရောက်လာခဲ့တာဖြစ်သည်။ မြက်နုနုလေးကို လတ်လတ်ဆတ်ဆတ် စားနေရသဖြင့် နပျိုသယောင် ဖြစ်နေသော ပုဂ္ဂိုလ်ကြီးနှင့် ဘေးနားက မရှေချောလေးကို သူမက အငြိုးတကြီး မျက်ဝန်းများဖြင့် အသေအကြေ စိုက်ကြည့်မိသည်။ ကြည့်ဦး ... ကြည့်ဦး။ တကယ် အရှက်မရှိ မျက်နှာပြောင်တိုက်သော ကောင်မလေး။ တစ်လောကလုံးမှာ သူပနဲ့နှစ်ယောက်တည်း ရှိသည့်အလား။ ပျော်မဆုံး မော်မဆုံး ဟပြုံးပြုံး ဖြစ်လို့နေကြသော မြင်ကွင်းကိုကြည့်ကာ တင့်သီတာရဲ့ရင်ထဲမှာ အနုကို ကျွဲငါးကောင်လောက် ပြိုင်ခတ်သလို ခံစားလာရသည်။

ထိုင်နေရာ နေရာမှ ဝုန်းခနဲထကာ ထိုနှစ်ယောက်ရှေ့သို့ ဘယ်လိုတောင် ရောက်သွားမှန်းတောင် မသိတော့ချေ။ တင့်သီတာကို တွေ့သွားသော ယောက်ျားရဲ့မျက်နှာကြီးမှာ ခရမ်းသီးဖုတ်ကို ထော်လာဂျီတက်နင်းလိုက်သလို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်။ တင့်သီတာကတော့ အောင်သေအောင်သားစားရတော့မည့် မျက်နှာမျိုးဖြင့် ... ညစ်ကျယ်စွာပြုံးကာ ...





"ရှင် တော်တော် ပျော်နေတယ်ပေါ့လေ၊ ဟုတ်လား"

"မင်း ဘာ ... ဘာလုပ်တာလဲ၊ နောက်မှ တွေ့မယ်ကွာ၊ ဖုန်းဆက်လိုက်မယ်"

"ဘာမှဖုန်းမဆက်နဲ့၊ ဖုန်းဆက်ခိုင်းဖို့ ဒီနေရာကို ရောက်နေတာ မဟုတ်ဘူး၊ ဒီမှာ ကောင်မလေး၊ နင် မရှက်ဘူးလားဟင်၊ နင့်ရုပ် နင့်ရည်လေးနဲ့ ဒီလိုလုပ်စရာလား"

"ရှင် ... ဘာတွေ ပြောနေတာလဲ ကိုကြီး"

ကောင်မလေးက ခုထိ လက်မောင်းကို မလွှတ်သေးဘဲ ချွဲနွဲ့ပြီး အားကိုးတကြီးခေါ်သည်။ အဲဒီပုံစံသည် တင့်သီတာကို ဒေါသစနက်တံ ဖြုတ်ပေးလိုက်သလိုပဲ ဖြစ်သည်။ ဒါကြောင့် နဂိုတည်းက မြင်မြင်ရာ ကုတ်ဖဲ့ပစ်ချင်နေသူပီပီ၊ ကောင်မလေးကို အင်္ကျီစအား ဆောင့်ဆွဲပစ်လိုက်သည်။ ထင်မှတ်မထားသော အပြုအမူကြောင့် ကောင်မလေးက ယက်ကန် ယက်ကန်ဖြင့် ပါလာကာ ယောက်ျားကလည်း ဘာလုပ်ရမှန်းမသိ။ ဟာ ... ဟော့... ဟော့နဲ့ လင်စိတ် ငယ်ထိပ်တက်ကာ မွှန်နေသော တင့်သီတာကို ဆွဲလွဲတော့သည်။ အဲဒီအချိန်မှာပဲ တင့်သီတာကို နောက်တစ်ယောက်က ဝင်ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com

"သီတာ ... လာပါ မလုပ်ပါနဲ့၊ စိတ်ကိုလျှော့ပါ သီတာ"

"အို ... မမကလည်း ဖယ်စမ်းပါ၊ ဒီကောင်မ လူဝါးဝ လွန်းလို့"

"မလုပ်ပါနဲ့ ထားလိုက်ပါ၊ လွှတ်ပါ ... သွား ... သွား၊ ကိုမြင့်နိုင် ... ရှင့်လူရှင် ခေါ်သွားတော့"

တင့်သီတာရဲ့ လက်ထဲမှ ကောင်မလေးကို နှစ်ယောက်က ဝိုင်းဆွဲပေးသဖြင့် ကောင်မလေးလည်း လက်ကလွှတ်ကာ ပါသွားသည်။ စိတ်ရှိ လက်ရှိ မလုပ်လိုက်ရသော ဒေါသများသည် သူ့လှ ကိုယ်ဘက်သား အသားထဲက လောက်ထွက်သော ထိုမိန်းမထံ ပုံကျသွားသည်။

"အစ်မကလည်း ကျွန်မကို ဘာကိစ္စနဲ့ ဝင်ဆွဲရတာလဲ၊ တောက် ... သင်းရော သင်းဟာမရဲ့ သောက်ရှက်ကိုရော ခွဲချင်လို့ အစ်မရဲ့ ... တောက်"

"ဆိုင်ထဲမှာ လူတွေကြည့်နေတာ သိက္ခာကျမှာ စိုးလို့ပါ ကွယ်"

"ကျွတ် ... ဘာသိက္ခာလဲ၊ နေပါဦး အစ်မက ကျွန်မ ယောကျ်ားကို သိနေတာလား၊ သူ့နာမည်ကို ခေါ်လိုက်တာ လားလို့"





"ဒီဆိုင်ထဲမှာ သူ့အသိတွေ ရှိနေတယ် ညီမ၊ အဲဒါကြောင့် သူ သိက္ခာကျမှာစိုးလို့ပါ"

"ဘာရယ် ... သူ သိက္ခာကျတာနဲ့ အစ်မနဲ့ ဘာဆိုင်လို့လဲ"

ထိုမိန်းမက သူ့ကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်သည်။ ထိုမျက်လုံးများသည် ပြင်းထန်သော ခံစားချက်များဖြင့် ဝေသီမှုန်မှိုင်းနေကြသည်။

"ညီမ ခုတော့ အစ်မရဲ့နေရာကို ကိုယ်ချင်းစာတတ်ပြီပေါ့"

"ဘယ်လို ... ဒါ ဘာကို ဆိုလိုတာလဲ"

"သူက အစ်မရဲ့ယောကျ်ားပါ"

တင့်သီတာရဲ့ပါးစပ်မှာ အပေါင်းသား ပွင့်ထွက်သွားသည်။ ဘာမှ ဆက်မပြောနိုင်တော့။ ထိုမိန်းမက ညင်သာစွာ ပြုံးပြကာ လှည့်ထွက်သွားသည်။ တင့်သီတာသည် နေရာမှာတင် ငုက်တုတ်မေ့ကာ ကျန်ရစ်ခဲ့သည်။ သူမဟာ အရင်တည်းက တင့်သီတာကို သိခဲ့တာလား။ အဲဒါတော့ မဖြစ်နိုင်ပါ။ သိခဲ့လျှင် ဒီလောက်ကြီး ဟန်ဆောင်နေနိုင်မှာတဲ့လား။ ဒါမှမဟုတ် သိသိရက်နဲ့ကို သူ့ယောကျ်ားရဲ့ မောင်းမတစ်ထောင်ထဲမှာ တင့်သီတာက အစွာဆုံး၊ အရိုင်းဆုံးမို့ ထိန်းသိမ်းရအောင် တမင်အချိုသင့်


www.burmeseclassic.com


www.burmeseclassic.com

ပြီး ပေါင်းခဲ့တာလား။ မေးချင်နေသော မေးခွန်းတွေကို ဘာတစ်ခုမှ မေးလို့မရတော့ချေ။ အဲဒါကတော့ နောက်နေ့ကစပြီး ထိုမိန်းမမှာ သင်တန်းသို့ မလာတော့သောကြောင့် ဖြစ်သည်။

တင့်သီတာသည်သာ အကြီးတို့၏မေတ္တာကို အံ့သြဘနန်းဖြစ်ရင်း ကြိုတ်မနိုင်ခဲမရဖြင့် ကျန်ရစ်ခဲ့ရသည်။ သူ့ယောက်ျားကြီး သိက္ခာကျမှာစိုးသတဲ့။ ဒီလိုမေတ္တာမျိုးတော့ တင့်သီတာတို့က မထားနိုင်ချေ။ အေးလေ ... ကိုယ်က အငယ်ကိုး။

✧ ✧ ✧






www.burmeseclassic.com

www.burmeseclassic.com



"စိမ့် ... ပင်းဆီမှာ ကိုယ်နဲ့ထပ်တူထပ်မျှ နောက်တပ်ရည်းစားတစ်ယောက် ရှိတယ်ဆိုတာ တကယ်ပဲလား"

စိမ့်သည် သူ အမြဲတမ်း ဖွဲ့လမ်းခဲ့ရသော မျက်ဝန်းညိုကြီးများဖြင့် သူ့ကို တည်တည်ငြိမ်ငြိမ်ပဲ ကြည့်သည်။ သူမကိုကြည့်ရသည်မှာ တစ်နေ့ကျရင် ဒီလိုမျိုး သူ မေးလာခဲ့လိမ့်မည်ဟု ကြိုတင် သိထားခဲ့ဟန် တူပါသည်။ သူကတော့ သူမထံမှ အဖြေကို နားထောင်နေရသည့် အခိုက်မှာ အသက်တောင် မရှူမိဘူးဟု ထင်သည်။

"ဟုတ်တယ် မောင်"

အဲဒီအသံသည် နူးညံ့တိုးသက်သော ဖြေဆိုသံလေးဖြစ်သော်လည်း သူ့ကိုတော့ ပါးနားရင်းတွေ လည်ထွက်အောင် ရိုက်ပစ်ခံလိုက်ရသလို ထူပူပြီး လည်ထွက်သွားသည်။ သူမ ဘာလို့ ဝန်ခံလိုက်ရတာလဲ။ တကယ်ဆို သူ့မျက်စိနှင့် တပ်အပ်ပြင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရတာလည်း မဟုတ်။ တိကျသေချာသော တစ်စုံတစ်ယောက်ရဲ့ပြောကြားချက်ကြောင့်သာ မေးမြန်းကြည့်ရဟာဖြစ်သည်။ သူမငြင်းလျှင်လည်း အဲဒီအငြင်းစကားကို သူ ယုံမှာပဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမကို သူ တစ်ချိန်လုံး ယုံကြည်နေခဲ့သောကြောင့်ဖြစ်သည်။ ယုံကြည်နိုင်လောက်အောင်လည်း သူမက သူ့ကိုချစ်ခဲ့သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အင်မတန် အပေးအယူမျှကာ နားလည်စွာ ချစ်ခဲ့ကြသော ချစ်သူတွေသာ ဖြစ်ပါသည်။ သူ့ကို နားလည်ပေးနိုင်လွန်းသော ဒီမိန်းကလေးကို ဘဝတစ်ခုလုံးအတွက်ပါ ရည်ရွယ်ထားပြီးသားဖြစ်ကြောင်း သူမလည်းပဲ သိသည်။ ဒါကိုမှ ...။ သူက ဆက်မတွေးရဲတော့စွာဖြင့် သူမမျက်နှာကို ရင်နင့်စွာ ငေးနေမိသည်။ ဘာပြောရမှန်း မသိအောင်ကို ရင်ထဲမှာ ဆို့နင့်မွန်းကျပ်နေသည်။ သူချစ်သော၊ မြတ်နိုးရသော မိန်းကလေးတစ်ယောက်ဟာ ရည်းစားနှစ်ယောက်ကို တစ်ပြိုင်နက် ထားနေတဲ့သူတဲ့။

ဘယ်လိုမှ ယုံနိုင်စရာ မရှိပါ။ သူမဟာ အဲဒီလို မိန်းကလေးတစ်ယောက် မဟုတ်ပါ။ ထင်ရက်စရာလည်း မရှိ။ ကြားရတုန်းကဆို ယုံတောင် မယုံခဲ့ချေ။ သို့သော် အတိအကျ





ပြောပြခဲ့သော စကားလုံးတွေအောက် သူ တွေဝေလာတာကိုတော့ ဝန်ခံသည်။ ဒါပေမဲ့ သူမကိုတော့ ယုံကြည်ထားဆဲပဲ ဖြစ်ပါသည်။ အခုတော့ သူ့နှုတ်ခမ်းမှ စကားတစ်ခွန်းက ထွက်မိထွက်ရာ ထွက်သွားသည်။

"မင်း ကိုယ့်ကို သစ္စာဖောက်တာလား စိမ့်"

သူမ ပြန်ဖြေသော စကားက သူ့ကို အာကာသထဲသို့ လွင့်မျောသွားစေသည်။

"မောင့်ကို သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး၊ သူ့ကိုသစ္စာဖောက်ခဲ့တာပါ"

ဘုရားရေ ... ဒါဖြင့်ရင် သူက ဒုတိယလူပေါ့။ ဘာတွေလဲ။ သူသည် မျက်စိရှေ့က မိန်းကလေးကို မမြင်ဖူးသောသူလို ကြောင်ပြီး ကြည့်နေမိသည်။ သူမက သူ့ကိုငေးကြည့်နေရာမှ မျက်နှာတစ်ချက် လွှဲသွားသည်။ သူမက ဟိုတစ်ယောက်ကို သစ္စာဖောက်ခဲ့တာတဲ့။ ဒါဆို သူက သူမမှာ ရည်းစားရှိမှန်း မသိဘဲနဲ့ ချစ်ခဲ့တာလား။ အဲဒီလိုတော့ မဟုတ်ပါ။ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် စတင်ရင်းနှီးမိကြပြီ ဆိုကတည်းက ကိုယ် သဘောကျသည့် မိန်းကလေးမှာ ရည်း


www.burmeseclassic.com

www.burmeseclassic.com


စားရှိလား၊ မရှိဘူးလား ဆိုတာ ယောကျ်ားလေးတိုင်း ရူးစမ်းစိတ်ဝင်စားသောကိစ္စပဲ ဖြစ်သည်။ သူ့...က်လည်း သူ မေးခဲ့ဖူးပါသည်။ သူသည် အဲဒါကို ရုတ်တရက် သတိရသွားသည်။

"မင်းမှာ ရည်းစားရှိသလားလို့ မင်းကို ကိုယ် မေးခဲ့ဖူးပါတယ်နော်"

သူမက တည်ငြိမ်စွာ ခေါင်းညိတ်ပြသည်။ အဲဒီပုံစံကို သူ တကယ်ပဲ ကြောက်သွားပါသည်။ လောကကြီးဟာ ဘယ်လိုတွေများ ဖြစ်သွားတာပါလိမ့်။ အခုခေတ်မှာ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေရဲ့အသည်းကို ခွဲတာ ပိုများတယ်ဟု ပြောသူတွေအတွက် ဒီဖြစ်ရပ်ကို သူက လက်ဆွဲပြီး ခေါ်ပြချင်လာသည်။

"မောင် မေးတဲ့အချိန်တုန်းက စိမ့်မှာ ရည်းစားမရှိသေးပါဘူး၊ မောင်ကလည်း အဲဒီတစ်ခါတည်း မေးပြီး ထပ်မမေးတော့ဘူး မဟုတ်လား"

အိုး မိုင်ဂေါ့ဒ်။ တစ်ခါမေးပြီး ထပ်မမေးတော့တာ သူ့အပြစ်တဲ့လား။ သူမကရော ဘာသဘောနဲ့ သူ့ကို ဖုံးကွယ်ထားရတာလဲ။ သူ ဘယ်လိုမှ မစဉ်းစားတတ်တော့ပါ။ သူသည်



နဲ့ ယဉ်ဝင်း၏ ဘယ်ရည်းစားကိုအချစ်ဆုံးလဲ ဟူသော သီချင်းကိုသာ အကျယ်ကြီး အော်ဆိုပစ်ချင်တော့သည်။ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းခြင်း၊ ဘာမှန်းမသိသော ခံစားမှုပေါင်းစုံဖြင့် သူဟာ ဘာစကားမှ ဆက်မပြောနိုင်တော့။ သူမက သူ့လက်ဖဝါးတစ်ဖက်ကို လာရောက်ဖျစ်ညှစ် ဆုပ်ကိုင်သည်။ အဲဒီအရာပါပဲ။ စတွေ့ကတည်းက သူက သူ့လက်ဖဝါးတွေကို ဆုပ်ကိုင်ခဲ့တာဖြစ်သည်။ သူမ ကမ်းပေးသော လက်ထဲတွင် သူ့လက်တွေသာမကဘဲ သူ့နှလုံးသားတစ်ခုလုံး ပါသွားခဲ့တာဖြစ်သည်။ သူ့စိတ်တွေသည် အတိတ်ကို အမောတကော ကူးခတ်လို့သွားသည်။

✧ ✧


www.burmeseclassic.com

www.burmeseclassic.com

သူ့မှာ ကိုယ်ပိုင်ကား ဆလွန်းလေးတစ်စီး ရှိသော်လည်း အဲဒီနေ့က သူ ကားမမောင်းနိုင်ခဲ့ပါ။ သူငယ်ချင်းတွေနှင့် ရေကူးကန်မှာ သွားကဲရာမှ သူငယ်ချင်းတစ်ယောက်က သူ့ကို ရေကူးကန်ထဲသို့ နောက်ပြီး တွန်းချလိုက်လေရာ သူက ရေကူးကန်ထဲသို့ ကိုးရိုးကားရား ပြုတ်ကျသွားပြီး ရေကူးကန်ပေါင်နှင့် နံရိုးတစ်ဖက်နှင့် သွားဆောင့်ကာ နံရိုးတစ်ခြမ်း အောင့်နေ၍ ကားမမောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒါကြောင့် မြို့ထဲသို့ သွားရာမှာ တက္ကစီအားကိုးဖြင့် သွားဖို့ ဆုံးဖြတ်ထားသော်လည်း ဒီနေ့ကျမှပဲ တက္ကစီတွေကလည်း ခရီးသည်တွေနှင့် စည်ကားနေလေရာ သူ့မှာ တော်တော်နှင့် တက္ကစီငှား၍မရ။ နောက်ဆုံးတော့ ရွှေမည့်သည်ပဲစီးဖို့ ဆုံးဖြတ်လိုက်လေရာ သိပ်မကြာခင်မှာပဲ ရွှေစည့်သည် ယာဉ်လိုင်းကားကြီးက ထိုးဆိုက်လို့လာသည်။ မှတ်တိုင်မှာဆင်းတဲ့လူတွေ၊



တက်တဲ့လူတွေနှင့် နည်းနည်းရှုပ်သွားလေရာ သူက ဘတ်စ်ကားပေါ်တက်ဖို့ နောက်ကျသွားသည်။ ဒီကြားထဲ နံရိုးတစ်ဖက်က အောင့်နေသောကြောင့် သွက်သွက်လက်လက်လည်း မတက်နိုင်။

သူ တက်လိုက်သော အချိန်မှာ ကားကထွက်သွားပြီဖြစ်သောကြောင့် သူ့မှာ တက်ရင်းတန်းလန်းနှင့် လဲကျတော့မလို ဖြစ်သွားလေရာ လက်ကလေးတစ်ဖက်သည် သူ့ရှေ့သို့ ဖျတ်ခနဲပဲ ကျရောက်လို့ လာလေသည်။ သူ့မှာ စပယ်ယာရဲ့လက်က ဒီလောက် ဖြူဖွေးနူးညံ့နေရသလားဟု တွေးတော့ တွေးမိသွားသော်လည်း မျက်နှာကိုတော့ မော့မကြည့်အားသေး။

သူမလက်ကို အားပြုပြီး အပေါ်သို့ ရောက်သွားတော့မှ အသက်ကို ဝဝရှူကာ ကယ်တင်ရှင်ကို ကြည့်တော့သည်။ ကယ်တင်ရှင်သည် နူးညံ့သော မျက်လုံးများဖြင့် သူ့ကိုကြည့်ကာ နှုတ်ခမ်းတွေက ပြုံးယောင်ယောင်မျှ ရှိနေသည်။ သူက "ကျေးဇူး" ဟု ယောင်ယမ်းထွက်သွားသော်လည်း သူမက ရပါတယ်တွေ ဘာတွေ ဘာမှပြန်မပြောပါ။ အမြင်မတော်သော ယိုင်နဲ့နဲ့ပုရိသတစ်ယောက်ကို ဘာမျှော်လင့်ချက်မှ မပါသော ကူညီမှုမျိုးဖြင့် အေးအေးဆေးဆေးသာ ရှိနေသည်။ ခဏကြာသောအခါ သူမက

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတစ်နေရာစာ ရသွားသည်။ သူက သူမရဲ့ဘေးမှာ မတ်တတ်ရပ်လျက်သား ဖြစ်ပါသည်။

သူသည် ကယ်တင်ရှင်ကောင်မလေးကို တစ်ချက်ငုံ့ရှိုးလိုက်ရာ အဆင်ပြေသော မျက်နှာထားလေးကို တွေ့မြင်လိုက်ရသည်။ သိပ်အချောကြီးမဟုတ်ပေမယ့် ဘာလို့မှန်းမသိဘဲ မျက်လုံးထဲတွင် ကြည့်ကောင်းနေပါသည်။ သူသည် သူမကို ကျေးဇူးတင်စကား ပီပီပြင်ပြင် ထပ်ဆိုချင်လှသော်လည်း သူမက ခပ်တည်တည်ပဲ ရှိနေတာကြောင့် ရှိန်သွားကာ ဘာမှထပ်မပြောဖြစ်တော့။

(ဘယ်လိုထင်ခဲ့မှာလဲနော်။ ရည်းစားနှစ်ယောက်တစ်ပြိုင်နက်ထားမယ့် မျက်နှာလေးလို့ ...။)

သူမက ဆင်းရမယ့်မှတ်တိုင် ရောက်သောအခါ ဘတ်စ်ပေါ်မှ ဆင်းသွားသည်။ ဆင်းခါနီးမှာ သူ့ကိုကြည့်သွားသော အကြည့်တို့သည် ရက်သတ္တပတ် တစ်ခုကြာအောင် သူ့အာရုံထဲမှာ ရှိနေခဲ့သည်။ ဘတ်စ်ပေါ်မှာ အမှတ်မထင် တွေ့ဆုံခဲ့ရသော သူမကို ရေစက်မကုန်စွာဖြင့် တင်းနစ်ကွင်းတစ်ခုမှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ဆုံတွေ့ခဲ့ရတာကတော့ ကိုရီးယားကားတွေထဲက မိုးနတ်မင်း၏ အလိုတော်ကြောင့်ပဲ ဖြစ်ပါလိမ့်မည်။





သူ့သူငယ်ချင်းတစ်ယောက်က အခုမှပဲ ဘာစိတ်ကူးပေါက်သည်မသိ၊ ရှုးကြောင် မှုးကြောင်ဖြင့် တင်းနစ်ထရိုက်လေရာ တစ်နေ့မှာတော့ သူက ပျင်းပျင်းရှိတာနှင့် တင်းနစ်ကွင်းကို လိုက်သွားရာမှ အစပြုသည်။ သူမကို မတွေ့ရသေးခင်အထိ သူက သူငယ်ချင်း တင်းနစ်ရိုက်တာကို ဝေဖန်ပြောဆိုနေခဲ့သေးသည်။

"မင်းကွာ တင်းနစ်ရိုက်မယ့်အစား ရေကူးပါလား။ ရေကူးကန် သွားတာကမှ အလန်းတွေ တွေ့ရဦးမယ်"

"ဒီမှာလည်း လန်းပါတယ်ကွ"

"ဘာလဲ ... မင်းတို့ တင်းနစ်ကွင်းက မိန်းကလေးတွေက ရှာရာပိုပါတို့ ဝတ်သလို ဝတ်ကြတာလား"

"ရှာရာပိုပါလောက်တော့ မဟုတ်ဘူးပေါ့ကွာ"

သူ့သူငယ်ချင်းက သူ့ကို မျက်စောင်းထိုးကာပြောသည်။ သူသည် ဘော်ဒါချင်းမို့ သည်းခံပြီး အားပေးနေခဲ့ရသော်လည်း ခွေးကြီးမှ လက်ပေးသင်နေသလို ရှိသော သူငယ်ချင်းဝေဖြိုးရဲ့ ရိုက်ချက်တွေကို အူနှိပ်အောင် ရယ်မောနေခဲ့ရသည်။ ရယ်ရလွန်းသဖြင့် မောလာသောကြောင့် စတိုးဆိုင်လေးမှာ ကိုကာ



www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်ဖို့ အထွက်မှာ ကစားပြီး ပြန်ထွက်လာဟန်ရှိသော သူမ နှင့် ထိပ်တိုက်ဆုံစည်းသွားတာ ဖြစ်လေသည်။

ဆံပင်တွေကို ထိပ်မှာထုံးဖွဲ့ထားကာ ချွေးတွေရွှဲနစ်နေသော အသွင်သဏ္ဌာန်နှင့် သူမသည် ကျောပိုးအိတ်တစ်လုံး ကိုလွယ်ကာ လည်ပင်းနှင့် မျက်နှာတွေကို မွေးပွတဘက် တစ်ထည်ဖြင့် သုတ်ရင်းမှ ခပ်ဖြည်းဖြည်း လျှောက် လျှောက်လှမ်းလို့ လာသည်။

သူက ပထမတော့ ဘာရယ်မဟုတ် လှမ်းရှိုးလိုက်တာဖြစ်သော်လည်း ပြီးတော့မှ မှတ်မိသွားတာဖြစ်သည်။ သူမက တော့ သူ့ကို အမှတ်တမဲ့ သဘောမျိုးဖြင့် ငဲ့တောင်မကြည့်။ ဒီအမူအရာသည် ရည်းစားသက်စေ့ထားခဲ့သော သူ့မာနကို နည်းနည်းတော့ ထိနိုက်သွားစေသည်။ ဒါကြောင့် သူမကို ဟိတ်ခနဲ လှမ်းခေါ်လိုက်သည်။ သူမက ချာခနဲ လှည့်ကြည့်ပုံမှာ စွဲမက်ဖို့ ကောင်းလှပါသည်။

"မင်း ကိုယ့်ကို မှတ်မိလား"

သူမက သူ့ကို စူးစမ်းသလိုဖြင့် ကြည့်သည်။ သူက အစနည်းနည်း ဖော်ပေးလိုက်ပါသည်။





"မင်း ကိုယ့်ကို ဘတ်စ်ကားပေါ်မှာ ပြုတ်မကျအောင် ဆွဲဖမ်းပေးဖူးတယ်"

ဒီတော့မှ သူမရဲ့မျက်လုံးတွေက လက်ခနဲ ဖြစ်သွားပါသည်။ အဲဒီမျက်ဝန်းထဲမှ အလင်းများကို သူက တကယ်ပဲ ကြွေသွားပါသည်။ သူမက မှတ်မိသွားပြီဟူသော သဘောမျိုးဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

"အဲဒီတုန်းက ကျေးဇူးတင်စကားတောင် သေချာမပြောလိုက်ရဘူး၊ မင်းကို ကျေးဇူးတကယ်တင်ပါတယ်၊ အဲဒီတုန်းက ခါးနာနေတာကြောင့်ပါ"

သူမက နူးညံ့သောအပြုံးဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ဒီမိန်းကလေးဟာ စကားလုံးကို တော်တော် ကပ်စေးနဲတာပါလား။ ခုထိကို သူ့ကို အင်းတစ်လုံးတောင် မပြောသေးသောကြောင့် သူ နည်းနည်းတင်းလာသည်။ ဒါကြောင့် လှုပ်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ကာ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ခပ်တည်တည် မေးလိုက်သော သူ့ပုံစံကြောင့် သူမ ရုတ်တရက်တော့ ကြောင်သွားပုံရသည်။ သို့သော် အံ့သြစရာကောင်းစွာ ဖြေပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်မိုးရွှေပါ"

အား ... ကြာ ရတာနှင့်တောင် အသည်းက စိမ့်သွားသလို ခံစားရပါသည်။ နာမည်နှင့် လူကို အငိုက်မိနေတုန်းမှာပဲ သူမက ခေါင်းတစ်ချက် ညွတ်ပြကာ ...

"နှင့်ပြုပါဦး"

နှင့်ပြုပါတယ်ဟု ပြန်မပြောခင်မှာပဲ သူမက လမ်းဆက်လျှောက်ပြီး ထွက်သွားသည်။ သူသည် သူမရဲ့နောက်ကျောကို ငေးကြည့်နေခဲ့မည်မှာ အသူ့ပြောဖို့ လိုမည်မထင်တော့ပါ။ သေချာတာကတော့ သူမတို့ ကင်းနစ်ကွင်းကြီး ရေမျောတော့မှာ ဖြစ်သည်။ သူ့နှလုံးသားကတော့ သူမနှင့်အတူ တစ်ပါတည်း မျောပါသွားကာ သူမရဲ့နှလုံးသားကမ်းပေါ်မှာ သွားပြီး သောင်တင်နေခဲ့သည်။

✧ ❦ ✧





ယောက်ျားလေးတစ်ယောက်သည် မိန်းကလေးတစ်ယောက်ရှိသော နေရာကို အမြဲလာကာ မျက်ဝန်းချင်းဆုံဖို့ ကြိုးစားခြင်း၊ အဲဒီကတစ်ဆင့်တက်ကာ ရင်းနှီးမှု အရယူလျက် ဖုန်းနံပါတ်တောင်းခြင်း၊ ဖုန်းနံပါတ် ရသွားရင်တော့ ဖုန်းတွေ နေ့တိုင်း ဆက်ခြင်းတို့ဟာ ဘာကိုရည်ရွယ်သလဲဆိုတာ ခေတ်နောက်ကျနေခဲ့သော ကျေးတောသူလေး တစ်ယောက်ကတောင် သိနိုင်သော အပြုအမူမျိုးပဲ ဖြစ်ပါသည်။

သူသည် သူမကို သူလို ငါလို ယောက်ျားလေးမျိုး သုံးစွဲသည့် ရိုးစင်းသော နည်းလမ်းများနှင့်သာ ချဉ်းကပ်ခဲ့ပါသည်။ လုပဆန်းပြားသော နည်းလမ်းများကို မသုံးခဲ့ပါ။ အဲဒါတွေက ရှေ့မှာ အများကြီး လုပ်ခဲ့ဖူးသောကြောင့် သူကိုယ်တိုင်ကလည်း မလုပ်ချင်တော့သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အကြောင်း မသိခင်တုန်းကတော့ နွတ်နည်းသည့် မိန်းကလေးဟု ထင်ခဲ့ရသော်လည်း ခင်မင်ရင်းနှီးသွားပြီးသည့် နောက်ပိုင်းမှာတော့ သူမက ထင်ထားတာထက် ပွင့်လင်းသော မိန်းကလေးတစ်ယောက်ဆိုတာ သိခွင့်ရခဲ့သည်။

ပွင့်လင်းရိုးသားသော ကောင်မလေးနှင့် သူသည် ခင်မင်သွားပြီးတဲ့ နောက်ပိုင်းမှာ သိပ်မတည့်ကြတော့ချေ။ သူက သူမကို ချစ်ဇနီးဖြင့် စနောက်လျှင် သူမက တအားစိတ်ဆိုးကာ ကဲကဲဆတ် ဧန်တွေ့သောကြောင့် ဖြစ်လေသည်။

သူကလည်း အဲဒီရန်တွေ့သံကို သဘောကျသောကြောင့် စနောက်လေလေ သူမက ချိုးချိုးဖွဲ့ဖွဲ့ ပြန်ပြောလေလေဖြင့် သူတို့မှာ ဂျာအေး သူ့အမေရိက်သလို ရှာလည်နေလေ့ရှိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ ပျော်ပါသည်။

သူက သူမကို တကယ်ချစ်သွားသောကြောင့် ရေးရေးက ထားခဲ့သော ရည်းစားတွေအကြောင်း ဘာမှ မချွင်းမချန် ပြောပြခဲ့သည်။ သူ ထားခဲ့သော ရည်းစားတွေထဲတွင် တကယ့်ဂရိတ်တွေလည်း ပါဝင်သောကြောင့် သူမက ဟုတ်လား ဟုတ်လားဖြင့် အံ့သြနေတတ်သည်။ ပြီးတော့ မျက်လုံးဝိုင်းတောက်တောက်လေးများဖြင့် သူ့ကိုကြည့်ကာ ...





"ရှင်ကတော်တော်ပွေခဲ့တဲ့ လူပဲပေါ့နော်" ဟု ကြောက်ရွံ့သလို ပုံစံမျိုးဖြင့် ပခုံးကျုံ့ကာပြောလျှင် သူ့မှာ တကယ်ပဲ မကျေမချမ်း ခံစားရသည်။ အဲဒီအခါတွင် မခံမရပ်နိုင်သောပုံစံမျိုးဖြင့် ...

"ဟော့ ... ဘာလဲကွ၊ လူကို နာမည်မဖျက်နဲ့နော်"

"ဖျက်မှာပဲ၊ ရည်းစားတွေ အများကြီးထားတာဟာ ပွေတာပဲပေါ့"

"ဩော် ... ဒါက ပြီးခဲ့ပါပြီကွာ၊ အဲဒီတုန်းက အချစ်စစ်အချစ်မှန်ကို မတွေ့ခဲ့လို့ပေါ့။ မင်းနဲ့သာ စောစောစီးစီးတွေ့ခဲ့ရင် ဒီလို ကိုယ် ရည်းစားများခဲ့စရာ ဘယ်အကြောင်းရှိမလဲ"

အဲဒီအခါမျိုးတွင် သူမက ရှက်ရွံ့သွားရမည့်အစား တဟားဟား အော်ရယ်လျှင် သူ့မှာ ရယ်ရမလို ငိုရမလို ဖြစ်ဖြစ်သွားသည်။ သူမ ဘာကြောင့် ဟားတိုက်ရယ်မောရသလဲ ဆိုတာကို ပထမတော့ သူ နားမလည်ခဲ့။ နောက်များကျမှ ခံရခက်လွန်းအားကြီးသဖြင့် မေးကြည့်လျှင် သူမက အောက်ပါအတိုင်း ဖြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီစကားမျိုးတွေ မိန်းကလေးတိုင်းကို ပြောခဲ့တာပဲ မဟုတ်လား လပြည့်ရဲ့၊ အဲဒီလိုတွေ ပြောခဲ့မှုမှန်း သိနေတော့ ရယ်စရာကြီးပေါ့၊ အရမ်း ရယ်ချင်တာပဲ ... ဟားဟား"

သူမက တကယ်ပဲ ဟာသကြီးတစ်ပုဒ်လို ရယ်မောနေလျှင် ဒီတစ်ခါတော့ သူက ဆွေ့ဆွေ့ခုန်အောင် စိတ်ဆိုးရသည့် အလှည့်ဖြစ်သည်။ ကိုယ်က ရင်ထဲကစကားကို အပီအပြင် ထုတ်ဖော်ပြောနေသည့် အချိန်မှာ တစ်ဖက်သားက အဲဒါကို မယုံတာလောက် ခံရခက်သောကိစ္စ မရှိပါ။ ပြီးတော့ ဒါဟာ နလုံးသားနှင့် ဆိုင်သောကိစ္စလည်း ဖြစ်သေးသည်။

"ဟေ့ ... မင်း ရယ်မနေနဲ့နော်၊ ကိုယ် တကယ်စိတ်ဆိုးတော့မှာ၊ အဲဒီကျမှ လာမချော့နဲ့"

"ချော့စရာလား၊ ပစ်ထားလိုက်ရုံပဲဟာကို"

"မင်း ကိုယ့်ကို တကယ်ပဲ ပစ်ထားရက်တယ်ပေါ့၊ ငဲ့ကြည့်ချင်စိတ်တောင် မရှိတော့ဘူးပေါ့"

သူက ဖီလင်အပြည့်ပါသော မျက်ဝန်းများဖြင့်မေးလျှင် သူမက သူ့မျက်ဝန်းတွေထဲသို့ တစ်ခဏတော့ စိုက်ကြည့်သေး





သည်။ သူ့မှာတော့ သူမများ ကြွေသွားပြီလားဟုသော အထင်ဖြင့် နားထင်သွေးရောက်မယ် မကြံသေး။ သူမက တဟားဟားနှင့် ထပ်၍ရယ်လျှင် သူသည် အင်းလျားကန်ထဲ ခုန်ချပစ်ချင်စိတ်များ ပင် ပေါက်ရလေသည်။

ပထမပိုင်းမှာတော့ သူမက တမင်ချွတ်နေသည်ဟု ထင်သော်လည်း နောက်များကျမှပဲ သူမဟာ သူ့စကားတွေကို တကယ်ပဲ မယုံကာ ဟာသတွေ လျှောက်ပြောနေသည်ဟု ထင်ထားခဲ့မှန်း သိခဲ့ရလျှင် သူသည် အကြီးအကျယ်ပဲ စိတ်မာတက်ကျ ရပါသည်။

သူနှင့် သူမသည် မတူညီသော စိတ်ထားများဖြင့် ဆက်ဆံမိကြသူတွေ ဖြစ်သည်။ သူသည် သူမကိုချစ်သည့်စိတ်မှလွဲ၍ စိတ်နေသဘာဝမှာ သူမနှင့် ထပ်တူထပ်မျှ ဘာမှမရှိခဲ့ပါ။ ဘာမဆို ဆန့်ကျင်ဘက်တွေချည်း ဖြစ်သည်။ သူမက ဘာသာရေးစာအုပ်တွေကို အရမ်းဖတ်ကာ လောကကြီးကို လေးနက်သော ရှုထောင့်တစ်မျိုးမှ ကြည့်တတ်သူဖြစ်၏။

သူမရဲ့ နေ့စဉ်ဘဝ နေထိုင်မှုပေ့သည် ရိုးစင်းကာ စနစ်ကျနေတတ်သည်။ နံနက်ခင်း ဘယ်အချိန်မှာ အိပ်ရာထသည်၊



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သူနှင့် လမ်းလျှောက်ထွက်တတ်သည်၊ ဘယ်အချိန်မှာ ဘုရားရှိခိုး တရားထိုင်သည်၊ ဘယ်အချိန်မှာ သင်တန်းသွားသည်၊ ဘယ်အချိန်မှာ တင်းနစ်ရိုက်သည် စသည်ဖြင့် ဘဝကြီးကို စနစ်တကျ ဖြတ်သန်းနေသူ ဖြစ်သည်။

ဆီကြော်စာတွေကို မစား၊ ဆိုးဆေးပါသော လက်ဖက်ကို မစား၊ Beauty Saloon မှာ ခေါင်းသွားလျှော်ခြင်းကို မနှစ်သက်၊ Nail Art လုပ်တတ်သော အလေ့အထကို ဝါသနာမပါသူ၊ စီးကရက်၊ ဘီယာ၊ အရက်၊ နိုက်ကလပ်များကို မုန်းတီးသူ စသဖြင့် ... ယဉ်ကျေးလိမ္မာပုံပြင်တွေထဲကအတိုင်း နေထိုင်တတ်သူဖြစ်သည်။

သူကတော့ သူမနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ စနစ်ကျမှုကို အင်မတန် မုန်းတီးသောသူဖြစ်သည်။ ညတစ်ညလုံး မအိပ်ဘဲ သူငယ်ချင်းတွေနှင့် ကလပ်တက် လျှောက်သွားကာ နှစ်နာရီသုံးနာရီလောက်မှ အိမ်ပြန်ရောက်ပြီးနောက် တစ်မနက်ခင်းလုံး အိပ်နေတတ်သူဖြစ်သည်။ သူ့မှာ အိပ်ချိန် စားချိန်ရယ်လို့ သတ်သတ်မှတ်မှတ်မရှိ။ သူက စိတ်ထဲမှာရှိတဲ့ဖီလင်အတိုင်း လွတ်လွတ်လပ်လပ် နေတတ်သည်။





အားကစားလိုက်စားကာ တင်းနစ်ချန်ပီယံဖြစ်သော သူမနှင့် စီးကရက်သောက်တတ်သော သူသည် နေပုံထိုင်ပုံ၊ အတွေးအခေါ်ခြင်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သော်လည်း သူတို့နှစ်ယောက် ချစ်မိသွားတာ အဆန်းတော့မဟုတ်ပါ။ အချစ်သည် မတူညီမှုတစ်ခုသာ ဖြစ်ပါသည်။

ဘာအတွက်နဲ့မှ ချစ်မယ် ဟူသော စည်းဘောင်မျိုး အချစ်မှာမရှိ။ နားလည်မှု မရှိလျှင် ချစ်ခြင်းတရား တစ်ခုဟာ မခိုင်မြဲနိုင်ဟု လူတွေသတ်မှတ်ထားသော်လည်း စတင်ချစ်မိသော အချစ်တစ်ခုတွင် ဘယ်သူမှ အဲဒါကို ထည့်မစဉ်းစားကြပါ။

နားလည်မှုသည် ဦးနှောက်၏ အကန့်ဖြစ်ပြီး နှလုံးသားကတော့ ချစ်ဖို့တာဝန်ကိုပဲ သီးသန့်ထမ်းဆောင်ပါသည်။ အမှန်အတိုင်း ပြောရလျှင် သူမကိုချစ်တယ်လို့ ဖွင့်ပြောခဲ့သော်လည်း သူမထံက အချစ်ကိုတော့ဖြင့် သူ ပြန်မမျှော်လင့်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူနှင့် သူမတို့၏ မတူညီသော ဓလေ့စရိုက်များကြောင့် သူမ သူ့ကို လက်ခံလိမ့်မည်ဟု မထင်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို ချစ်မိသွားရုံသက်သက်ဖြင့် သူနှစ်သက်သော လွတ်လပ်မှုများကို စွန့်လွှတ်ပစ်ဖို့ စိတ်ကူးလည်း မရှိသောကြောင့် သူမကို မမျှော်လင့်ခဲ့ခြင်းလည်းဖြစ်သည်။

ဒါကြောင့် ရည်းစားစကား ပြောတာမျိုးထက် သူချစ်နေကြောင်းကို အသိပေးတဲ့အနေလောက်သာ ဖွင့်ပြောပြခဲ့ခြင်းဖြစ်သည်။ ပြောမယ်လို့လည်း ရည့်ရွယ်ချက် မရှိခဲ့။

အဲဒီနေ့က သူမ ရှိသော တင်းနစ်ကွင်းသို့ ရောက်သွားခဲ့ခြင်းဖြစ်ကာ သူမ သောက်နေသော ရေဘူးကို သူက ဆွဲယူ လုသောက်ပြီး ရန်စလိုက်တာ ဖြစ်သော်လည်း သူမက ခါတိုင်းလို စိတ်မဆိုးဘဲ သူ့ကို ပြုံးစစဖြင့်ကြည့်ကာ ...

"လပြည့် ... ရှင် ငယ်ငယ်တုန်းကအကျင့်တွေ ဖျောက်ရင် ကောင်းလိမ့်မယ်နော်"

အဲဒီအခိုက်မှာ သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိပေ။ ချွေးစလေးတွေ နစ်နေသော မျက်နှာလေးကို ငေးကာ သူ ရင်တွေခုန်လာသည်။ ရင်ခုန်စိတ်ကြောင့် သူမရဲ့မွေးပွတဘက်





လေးကို ဖျတ်ခနဲယူကာ သူ့မျက်နှာကို သုတ်လိုက်လျှင် သူမက အံ့သြဟန်ဖြင့်ကြည့်သည်။ ပြီးတော့ သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ "အရူး"ဟု ခပ်တိုးတိုး ရေရွတ်သည်။

အဲဒီအခိုက်မှာပဲ သူက မထင်မှတ်ဘဲ ဖွင့်ဟမိသွားတာ ဖြစ်ပါသည်။

"စိမ့် ... မင်းကို ကိုယ် အရမ်းချစ်နေတယ် သိလား"

သူမက အံ့သြသွားသလို ရှိသော်လည်း ရှက်ရွံ့ဟန်တော့ မပြခဲ့ပါ။

တဟားဟား အော်မရယ်တာပဲ ကံကောင်းလှပြီ ပြောရမည်ဖြစ်သည်။ သူက စကားဆက်ပြောမိသည်။

"ကိုယ်ချစ်တာကို မင်း မယုံဘူး မဟုတ်လား"

သူမက မယုံဘူး ဟူသော စကားလုံးကို မျက်လုံးများဖြင့် ဖြေသည်။ အဲဒီအတွက် ရင်နင့်သွားသော်လည်း သူမဟာ ဒီလိုပဲ သူ့ကို နှိပ်စက်နေကြမို့ သူက သိပ်ကြီးလည်း ခံစားမနေဖြစ်တော့ပါ။ သို့သော် သူမ ဆက်ပြောလိုက်သော စကားကြောင့် သူ့နှလုံးသားတစ်ခုလုံး ကျဉ်တောင့်ပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို မယုံကြည်ပေမယ့်လည်း ပြန်ချစ်လို့ ရတာပဲ မဟုတ်လား၊ အချစ်ဆိုတာ ယုံကြည်ခြင်းနှင့် တိုက်ရိုက်အချိုးမကျပါဘူး"

"ဘာရယ် ... မင်း"

သူမက ကြားတဲ့အတိုင်းပဲဟူသော သဘောမျိုးဖြင့် ပခုံးတစ်ချက် တွန့်ပြသည်။ သူက သူမရဲ့မျက်နှာကို အသည်းအသန် လိုက်ကြည့်ကာ နှလုံးသားတွေ တဒိန်းဒိန်းနှင့် ခုန်လာသည်။ ရည်းစားများစွာ ထားခဲ့ဖူးသော်လည်း ဒီလို ရင်ခုန်စိတ်လှုပ်ရှားသည့် ခံစားမှုမျိုးဟာ ဒါ ပထမဆုံးလားတော့ မသိ။ သေချာတာတော့ ဒါမျိုး ခဏ ခဏ မဖြစ်ဖူးပါ။

"စိန် ... အဲဒါ မင်း ကိုယ့်ကို အဖြေပေးလိုက်တာလား"

သူမက သူ့ကို ညို့ရီရီစွာ ကြည့်သည်။ နှုတ်ခမ်းတွန့်ရုံပြုံးပြီး ပြောသော အဖြေသည် သူ့နှလုံးသားကို တကယ်ပဲ စားသွားပါသည်။

"ရှင် စိမ့်ကိုချစ်တယ် ဆိုတဲ့စကားကို မယုံဘူး၊ ဒါပေမဲ့လည်း ရှင့်ကိုတော့ စိမ့် ချစ်တယ် ထင်တာပဲလေ"





ပြီးတာပဲ။ ချစ်တယ်လို့ ထင်တာပဲဟူသော ဆန်းဆန်းပြားပြား အဖြေပေးပုံမျိုးကို သူ တစ်ခါမှ မကြုံဖူးခဲ့ပါ။ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းသည် စလာကတည်းက အဲဒီလို အူကြောင်ကြောင်လေးပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်နှင့် စခဲ့သော အချစ်ဇာတ်လမ်းသည် သူ မျှော်လင့်ထားတာထက်တောင် အများကြီး အဆင်ပြေနေခဲ့မှုမှာ သူမ၏ နားလည်မှုကြောင့်လား၊ အချစ်ဆိုသော အရာကြောင့်လားဟုတော့ သူ သေချာမပြောတတ်ပါ။ သူ့သူငယ်ချင်းတွေကတောင် သိပ်အဆင်ပြေမယ် မထင်ဘူး၊ Type ချင်းမတူဘူးဟူသော ထင်မြင်ချက်တို့သည် အချိန်ကြာလာတာနှင့်အမျှ အံ့ဩစရာအဖြစ်သို့ ပြောင်းလဲခဲ့သည်။ သူသည်လည်း သူမနှင့် ရည်းစားမဖြစ်ခင်ကအတိုင်း နေမြဲ နေစဉ်အတိုင်းဖြစ်ကာ လွတ်လပ်မှုကို ခုံမင်ဆဲ။ သူမကို ချစ်တဲ့စိတ်ဖြင့် ဘာတစ်ခုမှ ပြောင်းလဲခြင်း မရှိပါ။ သူမကလည်း သူ့ကို ပြောင်းလဲမယူ။ သဝန်တိုခြင်းလည်းမရှိခဲ့။ (ဘာကြောင့် သဝန်မတိုရသလဲဆိုတာတော့ နောက်မှ သိခဲ့ပြီဖြစ်သည်။) အားကစားသမား တစ်ယောက်ဖြစ်သော သူမ





က ဆေးလိပ်အနံ့ကိုတော့ မခံနိုင်ဖြစ်လေရာ သူမရှေ့မှာ မသောက်ဖို့ request လုပ်ထားသည်။ ဒါကို သူက နည်းနည်းအံ့ဩသောစိတ်ဖြင့် မေးကြည့်ဖူးသည်။

"စိမ့် ... မင်း ကိုယ့်ကို စီးကရက်မသောက်ဖို့ ဘာလို့ မပြောတာလဲ"

"ပြောလည်း မောင်က သောက်မှာပဲ မဟုတ်လား"

အဲဒီအပြောကြောင့် သူက နည်းနည်းတော့ ခံစားသွားရသည်။ သူ့ရဲ့ချစ်သူတစ်ယောက်အနေဖြင့် သူမက ဘာတစ်ခုမှ မတောင်းဆိုဖူးသောကြောင့် သူမကို သနားသလိုလိုလည်းဖြစ်သွားခဲ့သည်။ သူမ သူ့ကို ဘယ်လိုပုံစံမျိုး နေထိုင်တာကြိုက်သလဲ။ သူ တစ်ခါမှ မေးမကြည့်ခဲ့ဖူးပါ။

"ကိုယ် နေပုံထိုင်ပုံတွေကို မင်း ကြိုက်လား စိမ့်"

"တစ်ခုမှကို မကြိုက်ပါဘူး"

"ဟာ ... ဒါဖြင့်ရင် မင်း ဘာဖြစ်လို့ မပြောတာလဲ။ မင်း ကိုယ့်ကို ပြောင်းလဲယူဖို့ မကြိုးစားဘူးလား စိမ့်"

သူမက သူ့မေးခွန်းကို ပညာရှိဆန်စွာ ပြုံးပါသည်။ သူ့စိတ်ဆိုတာကလည်း နည်းနည်းတော့ ဆန်းကြယ်သားပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ လိုက်ပြောနေရင်တော့ လုပ်ချင်မှလုပ်မည့် စိတ်များသည် ဘာတစ်ခုမှ ဝေဖန်ချက်မပေး။ သူ့လွတ်လပ်ခွင့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ မဝေဖန်သော အခါမှာလည်း ဂရုတစိုက် ဝေဖန်တာကို ခံချင်လာသည်။

"စိမ့် လူတစ်ယောက်ကို ပြောင်းလဲယူရတာမျိုး စိတ်မဝင်စားဘူး မောင်၊ သူ့အသိစိတ်ဓာတ်နဲ့သူ ပြောင်းလဲတာမျိုးကိုပဲ သဘောကျပါတယ်။ အစတည်းက ဒီပုံစံရှိတဲ့ လူတစ်ယောက်ကို ချစ်ခဲ့တာမို့ ဒါတွေကို လက်ခံရုံပဲလေ"

အဲဒီအပြောကြောင့် သူမကို သူ အဆုံးမရှိ ချစ်မြတ်နိုးသွားခဲ့ပါသည်။ အဲဒီအကြောင်းကိုလည်း သူငယ်ချင်းတွေရှေ့မှာ ဂုဏ်ယူဝံ့ကြွားစွာ ပြန်လည်ပြောပြခဲ့သည်။ သူ့သူငယ်ချင်းတစ်ယောက်ကတောင် တအံ့တဩဖြင့် ...

"မထင်ရဘူးနော်၊ စိမ့်မိုးစွေနှင့် မင်းကို ရန်ပွဲတွေ တချိမ်းချိမ်း ဖြစ်ပြီး အမြဲသတ်နေကြမယ် ထင်ထားတာ၊ ခုတော့ အေးဆေးပဲ၊ လူ့စိတ်ကို မှန်းရခက်တယ်ဆိုတာ သိပ်မှန်တယ်၊ သူက ထင်မထားအောင်ကို မင်းကို နားလည်ပေးခဲ့တဲ့သူပဲ"





သူလည်း အဲလိုပဲ ထင်ခဲ့ကာ သွေးနားထင်ရောက် ဘဝင်မြင့်ခဲ့ဖူးပါသည်။ သို့သော် သူမထံမှာ သူ့အပြင် နောက်တစ်ယောက် ရှိသေးသည်ဆိုတဲ့ကိစ္စကို သိလိုက်ရစဉ်မှာတော့ သွေးနားထင်မရောက်နိုင်တော့။ သူ့သွေးတွေသည် မြောင်းထဲမှာ စီးဝင်ကုန်ပြီလားဟု ထင်ရလောက်အောင် ပက်လက်မျောခဲ့ရသည်။ ဒီထက် ပိုဆိုးသည်မှာ သူမထံမှ သူ့အတွက် သဘောထားများကို သိခွင့်ရလိုက်သည့် အချိန်ကပဲ ဖြစ်ပါသည်။

✧ ✿ ✧



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဘာဆက်လုပ်မှာလဲ စိမ့်”

သူ့စိတ်တွေသည် ပစ္စုပ္ပန်သို့ တည့်တည့်ပြန်ရောက်လာကာ သူမကို စူးစိုက်ကြည့်ပြီး မေးမိလျှင် သူမက အဝေးသို့ ငေးနေရာမှ သူ့ကို လှမ်းကြည့်သည်။ သူမမျက်ဝန်းတွေမှာ ဝေဝါးနေသော အရိပ်အယောင်မျိုး မရှိပါ။ တစ်ခုခုကို တိတိကျကျ ဆုံးဖြတ်ထားသော အရိပ်ယောင်မျိုးသာ တွေ့ရသဖြင့် သူပင် မျက်စိလည်သွားချင်သည်။

ဘုရားသခင်၊ လောကမှာ ဒီလိုသွေးအေးတည်ငြိမ်စွာ ရက်စက်တတ်သော မိန်းမမျိုးတွေ အမြန်ဆုံးမျိုးတုံးပါစေ။ ဒီလို မိန်းမမျိုးတွေ များလာရင် သူတို့ ယောကျ်ားတွေအတွက်တော့ လွယ်မှာမဟုတ်ပါ။





“စိမ့် ဘာဆက်လုပ်ချင်တယ် ဆိုတာထက် မောင်ဘာဖြစ်ချင်တယ် ဆိုတာကသာ အရေးကြီးတာပါ”

“မင်း … ဘာကိုဆိုလိုတာလဲ၊ ကိုယ့်ကို ရှင်းရှင်းပြောစမ်းပါ စိမ့်၊ မင်း ဘယ်လို စဉ်းစားထားလို့လဲ”

“ဆောရီးပါ မောင်၊ ရှင်နဲ့ စိမ့်နဲ့က ဘဝတစ်ခုကို အတူတည်ဆောက်လို့ရတဲ့လူတွေ မဟုတ်ပါဘူး”

“ဘာပြောတယ်၊ ဒါဖြင့်ရင် …”

သူက တစ်စုံတစ်ခုကို တရေးရေး သဘောပေါက်လို့လာသည်။ သူ ဘယ်လို နေထိုင် နေထိုင်၊ သူမ မကြိုက်သော အပြုအမူတွေကို ဘယ်လောက်ပဲ လုပ်လုပ်၊ သူ့ကို တစ်ခွန်း တစ်ပါဒမှ မဝေဖန်ခဲ့ခြင်းဟာ နားလည်မှုသက်သက်တော့ မဖြစ်နိုင်။ သူ့ကို သူမက အစတည်းက တလေးတနက် မရည်ရွယ်ခဲ့တာလား။ အပျော်ကြံခဲ့တာလား။ အဲဒီလို တွေးမိလျှင် သူ တကယ်ပဲ ငိုချင်သွားခဲ့ပါသည်။

“ဆောရီးပါ မောင်၊ ကျွန်မ စိတ်ကူးယဉ်ဆန်တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး၊ ကိုယ်နဲ့ စရိုက်သဘာဝချင်း မကိုက်ညီတဲ့ ယောကျ်ားမျိုးကို ငါလက်ထဲရောက်ရင် ကောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြုပြင်ယူမယ့် မိန်းမမျိုးမဟုတ်ပါဘူး၊ ဒါကြောင့်လည်း မောင့်စိတ်သဘာဝအတိုင်း နေတာကို ဘာမှမပြောခဲ့တာပေါ့ ...

အဲဒီအတွက်လည်း ကျွန်မတို့ သိပ်အဆင်ပြေတယ် မဟုတ်လား မောင်၊ ရန်တစ်ခါမှ မဖြစ်ကြဘဲနဲ့ သိပ်ချစ်ခဲ့ကြတယ် မဟုတ်လား၊ အချစ်ဟာ သူ့ချည်းသက်သက်ဆို အရမ်းကောင်းပါတယ်၊ ဒါကြောင့်လည်း ကျွန်မက အချစ်သက်သက်ပဲ ခံစားခဲ့တာပါ၊ ကျွန်မ နှလုံးသားက နှလုံးသားတာဝန်ကို အပြည့်အဝထမ်းဆောင်သလို ဦးနှောက်ကလည်း ဦးနှောက်တာဝန်ကို အပြည့်ထမ်းဆောင်မှာပါ"

"ဘာလဲ ... မင်း ဆိုလိုတာက ငါဟာ မင်းလက်ထပ်မယ့် ယောကျ်ား မဟုတ်ဘူးပေါ့"

"မှန်ပါတယ် မောင်၊ မောင် သိထားတဲ့ တစ်ယောက်ဟာ ကျွန်မ လက်ထပ်မယ့်သူပါ"

သူသည် သူမမျက်နှာကို တရားကျစွာ ငေးကြည့်နေမိသည်။ သူမက သူ့အကြည့်ဖွေကို လွှဲဖယ်သွားပါသည်။





အိုကေ ... သူကလည်း သူ့ကို မရွေးချယ်ချင်သော မိန်းမတစ်ယောက်ကို ခြေသလုံးဖက် တောင်းပန်ဖို့ စိတ်ကူးမရှိပါ။ နောက်မှပဲ သူ့ဟာသူ အသည်းတွေ ပိုးစိုးပက်စက် ကွဲချင်လည်း ကွဲပါစေတော့။ လောလောဆယ်မှာတော့ သူမကို သူ မေးချင်တာ တစ်ခုတည်း ရှိပါသည်။

"ဘဝအတွက် မရည်ရွယ်ဘဲနဲ့များ မင်း ကိုယ့်ကို ဘာလို့ ချစ်ခဲ့သေးတာလဲ စိမ့်မိုးဇွေ"

သူမ ပြန်ဖြေသော အဖြေက တိုတိုလေး။ သို့သော် ရက်စက်လှပပါသည်။

"အချစ်နဲ့ဘဝဟာ တစ်ထပ်တည်း မကျတတ်ဘူးလေ"

သူ ဘာဆက်ပြောရမှန်း မသိတော့ပါ။ သူမက သူ့လက်တစ်ဖက်ကို ဆွဲယူဖျစ်ညှစ်သည်။

"အချစ်ဆိုတာ လွတ်လပ်မှု တစ်ခုပါ လပြည့်၊ သေချာတာ တစ်ခုကတော့ ရှင့်ကို စိမ့် တကယ်ချစ်ခဲ့ပါတယ်၊ ရှင့်အချစ်ကို မယုံကြည်၊ ရှင့်နေထိုင်မှုပုံစံတွေကို တစ်စက်လေးမှ သဘောမကျခဲ့ဘဲ ချစ်သူအဖြစ် လက်ခံခဲ့တာ တကယ်ချစ်လို့ပါ၊ ရှင့်ကို ဘာဖြစ်စေချင်တယ်ဆိုတဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မျိုး မရှိခဲ့တဲ့အတွက် ကျွန်မတို့အချစ်ဇာတ်လမ်းလေးဟာ ကြည်နူးလှပခဲ့တယ် မဟုတ်လား၊ ဒီအလှအပဆုံး နေရာလေးနှင့်တင် ကျေနပ်ကြတာပေါ့"

သူမက နှစ်သိမ့်သည့် အပြုံးတစ်ခုဖြင့် နောက်ဆုံးနှုတ်ဆက်ကာ လှည့်ထွက်ဖို့ ပြင်သည်။ သူသည် ကယောင်ကတမ်းဖြင့် သူမကို ခေါ်မိကာ လှည့်ကြည့်လာသောအခါ၌ မေးခွန်းတစ်ခု မေးမိသည်။

"မင်း မချစ်တဲ့ လူတစ်ယောက်ကို လက်ထပ်ရင် မင်းပျော်မယ် ထင်လို့လား"

သူမက ပြုံးပါသည်။ ပြီးတော့ သူ့ကို အဓိပ္ပာယ်ပါစွာ ကြည့်ကာ ...

"ချစ်တဲ့လူတစ်ယောက်ကို လက်ထပ်ရင်ရော ပျော်ရမယ်လို့ အာမခံနိုင်လို့လား"

သူသည် အဲဒီမေးခွန်းကို ပြန်မဖြေနိုင်ခဲ့ဘဲ သူမကိုသာ ရီဝေစွာ ငေးကြည့်နေခဲ့မိပါသည်။ သူမက ပခုံးတစ်ချက်တွန့်ကာ ...

"ဒီလောက်ဆို ရှင် သဘောပေါက်သင့်ပါပြီ"





ဒီတစ်ခါ လှည့်ထွက်သွားသော သူမကိုတော့ သူက ထပ်မခေါ်မိတော့ပါ။ ထပ်ခေါ်စရာ မလိုတော့လောက်အောင်ကိုလည်း သူမရဲ့နှလုံးသားကို ရှင်းရှင်းလင်းလင်း သိမြင်သွားပြီဖြစ်သည်။ တစ်လက်စတည်းမှာပဲ သူမကို သူ ချီးကျူးမိသွားပါသည်။ စိမ့်မိုးဇွေ ဆိုသော မိန်းကလေး၏ ရည်းစားထားနည်းသည် တခြားသူတွေအတွက်တော့ မသိ။ သူ့အတွက်တော့ တကယ်ပဲ နမူနာယူဖို့ ကောင်းတော့သည်။ သေချာတာတစ်ခုကတော့ သူမ လူရွေးတော်သွားခဲ့တယ်ဆိုတာပဲ ဖြစ်သည်။ ဉာဏ်ပညာ ပြည့်စုံသော ဒီလိုမိန်းကလေးတွေ များလာခဲ့ရင်တော့ သူတို့ယောကျ်ားလေးတွေ သိပ်စားသာတော့မည် မထင်ပါ။




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com



"မှတ်တိုင်ပါလား၊ မှတ်တိုင် ... ရှေ့နားကို ကပ်ထားမယ်နော်၊ စီထား ... စီထား ... တိုးထားမယ် ... တိုးထားမယ်"

စပယ်ယာရဲ့အသံကို ကြားလိုက်လျှင် သူက လွယ်အိတ်ကို ပင့်တင်ပြီး ရှေ့နားသို့ တိုးကာ တိုးကာ ကပ်လာခဲ့ရသည်။ လူတွေက စုပြုံဆင်းကြတော့မှာမို့ လက်ထဲက ဘဲသွေးသုပ်ပါဆယ်ထုပ်လေးကို မထိခိုက်မိစေရန် အတော်ကြီး ထိန်းသိမ်းကာ ဆင်းရသည်။

တစ်နေကုန် မွန်းကျပ်နေသော လူတွေရဲ့ဘတ်စ်ကားပေါ်မှ သက်ပြင်းချသံ ပူပူတွေကို သူ ကျောခိုင်းကာ ပေါ့ပါးသော ခြေလှမ်းများဖြင့် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ လက်မှ နာရီအိုလေးကို တစ်ချက် မြှောက်ကြည့်လိုက်ပြီး "သိပ်နောက်မကျသေးပါဘူး"ဟု ဖြေတွေး တွေးရသည်။ သမီးများဆာနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုတွေးမိလျှင် သူ့ခြေလှမ်းတွေက ပို၍သွက်သွားရပြန်သည်။ မကြာခင်မှာပဲ သူတို့အတွက်တော့ နတ်ဘုံနတ်နန်းနှင့် မလဲနိုင်သော အိမ်ကလေးထံ ရောက်လာခဲ့လျှင် သူ့အမောတို့က တစ်ဝက်ခန့် ပြေသွားခဲ့ပြီဖြစ်သည်။

အိမ်ထဲမှ အပြေးထွက်လာသော သမီးရဲ့"ဖေဖေ" ဟူသော ဆီးကြိုနှုတ်ဆက်သံလေးကို ကြားရတဲ့အပြီးမှာ ပင်ပန်းနွမ်းနယ်မှုတို့က လုံးဝပြေပျောက်သွားပြီဖြစ်သည်။ သမီးက သူ့လွယ်အိတ်နှင့် လက်ထဲကအထုပ်ကို လွဲပြောင်းယူကာ ...

"ဘာတွေ ဝယ်လာတာလဲ အဖေကြီးရဲ့၊ သမီးလည်း ခရမ်းသီးနှပ်ထားပါသေးတယ်"

သူက သမီးရဲ့ခေါင်းလေးကို အုပ်မိုးလှုပ်ကိုင်လျက် ...

"ဘဲသွေးသုပ်ပါ သမီးရယ်၊ သမီးက ကြိုက်တတ်လို့လေ"

"ဟား ... ဒါကြောင့် တို့ ဖေကြီးကို ချစ်ရတာ"

ရေချိုးပြီးစ သနပ်ခါးမှုန်မှုန်နှင့် သမီးက အဆီပြန်နေသော သူ့မျက်နှာကပါးပြင်ကို နမ်းမွှေးလျှင် သူ့ရင်မှာ ဘယ်လိုပီတိဖြစ်မှန်းကို မသိပါ။ တကယ်တော့ သူ့ကမ္ဘာသည် သမီးသာဖြစ်သည်။





"ဖေကြီး ... ရေချိုးတော့လေ၊ ပြီးရင် သမီးနဲ့အတူတူ ထမင်းစားကြစို့၊ ရေသောက်ပြီးမှ ချိုးနော်"

သူက သမီးရဲ့စကားကို ပြုံးပြုံးကြီး နာခံကာ အိမ်နောက်ဖေးက ရေတိုင်ကီမှာ ရေအမြန်ချိုးလိုက်သည်။ ပျော့ရွှင်ဖွယ်ရာ တည်ထောင်ထားသော သူဝို့ရဲ့မိသားစုဘဝလေးတွင် ချစ်ဇနီးတစ်ယောက် လောကကြီးထဲက အပြီးအပိုင် ခွဲထွက်သွားချိန်ကစပြီး သူ သန္နိဋ္ဌာန် ပြုထားခဲ့သည်မှာ အသက်ရှင်နေသရွေ့ အသက်ရှူနှုန်းမှန်သမျှမှာ သမီးအတွက်သာ ဖြစ်သည်ဟူသော ခံယူချက်သာ ဖြစ်သည်။

အပျိုပေါက်အရွယ်လေးမှာ အနီးကပ်ပြောဆို အုပ်ထိန်းမည့်မိခင် မရှိရှာလေသော သမီးလေးအတွက် သူကပဲအမေ၊ သူကပဲအဖေ ဖြစ်ခဲ့သည်။ သမီးသည်သာ သူ့ကမ္ဘာ ဖြစ်လေသည်။ သူ အလုပ်က ပြန်လာလေတိုင်း ရေချိုးအပြီး သမီးနှင့်အတူတူ ထမင်းလက်ဆုံ စားရသောအချိန်သည် သူ့အတွက်တော့ ကမ္ဘာပေါ်တွင် အကောင်းဆုံး အပန်းဖြေဆေးပဲ ဖြစ်တော့သည်။ ထိုအချိန်မျိုးတွင် သားအဖနှစ်ယောက်မှာ တစ်နေ့တာ အဖြစ်အပျက်တွေကို စကားဖလှယ်ရတာလောက် ချမ်းမြေ့သာယာဖွယ်ကောင်းသောအချိန် မရှိပြီ။


www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးကို ပြောရဦးမယ်။ ရှေ့တစ်ပတ်ဆိုရင် လုလုတို့က ကျောင်းသွားမယ်တဲ့၊ အဲဒါ ..."

သူက သမီးဘာပြောမယ်ဆိုတာကိုသိ၍ လက်ကာပြလိုက်လျက် ...

"သူတို့အပ်ရင် သမီးပါ အပ်ရမှာပေါ့။ ရှေ့တစ်ပတ် ဟုတ်လား သမီး"

"ဟုတ် ဖေကြီး၊ ဟို ... ဖေကြီးမှာ"

ဘာကို ဆိုလိုချင်မှန်း သိသဖြင့် သမီးကို အားပေးနှစ်သိမ့်စွာ ပြုံးပြလိုက်သည်။ တစ်လ တစ်လ မိုလျှံသည်ဆိုတာ မရှိဘဲ ချွေတာရသော သူ့လစာငွေလေးရဲ့ အခြေအနေကို သမီးလည်း သိပေမည်။ သို့သော် သမီးအတွက်ဆိုလျှင် သူကအမြဲပဲ သူရဲကောင်း ဖြစ်ချင်ခဲ့သူဖြစ်သည်။

"စိတ်မပူပါနဲ့ သမီးရယ်၊ သမီးသာ လိမ္မာရေးခြားရှိအောင်နေ၊ စာကြိုးစား၊ ဟုတ်ပြီလား။ သမီးတစ်ယောက်အတွက်နဲ့မှ ဖေဖေ တာဝန်ကျေအောင် မရှာဖွေနိုင်ရင် အဖေဘယ်ပီသတော့မလဲကွယ်။ ငါ့သမီးလေး စိတ်အေးလက်အေး ပညာသင်ရမှာပါ"





သမီး ပြုံးပြလာသော အပြုံးထဲတွင် ကြည်နူးဝမ်းသာခြင်း၊ အားကိုးခြင်း၊ ယုံကြည်ခြင်းတို့အပြင် ချစ်ခင်တွယ်တာခြင်းတွေပါ အပြည့်အဝ ပါလို့နေလျှင် အဲဒီအပြုံး၌ သူ့ရဲ့ဘဝအမောတွေ ပြေပျောက်ရပါသည်။ သမီးဟာ "စမ်းရေ"ဆိုသောနာမည်နှင့်လိုက်အောင် သူ့အတွက်တော့ စမ်းရေအေးလေးဖြစ်ခဲ့သည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်လာသော သမီးအတွက် လှတောသူတောထဲ ဝင်လာရပြီမို့ ကုန်ကျစရိတ်တွေက ပိုပြီးထောင်းလာသည်။ အလွန်အကျွံကြီး မဟုတ်ထောင်သူများတာန်းတူ ဝတ်စေချင်၊ သုံးစွဲစေချင်သော စေတနာတွေက ပြည့်လျှံလာသောအခါ သူသည် ဟိုတုန်းက စကားတောင်ဟဟ မပြောခဲ့ဖူးသည့် ရုံးမှ စာရေးမကြီး မမတူးထံ အသာချဉ်းကပ်တော့သည်။ အပျိုကြီးမမတူးသည် ရုံးတွင် အဝတ်အထည်များ၊ မိန်းကလေးသုံး ပစ္စည်းလေးများကို လပေးစနစ်၊ နေ့ပြန်ပေးစနစ်တို့ဖြင့် ရောင်းချပေးသလို လစာထုတ်ရက်မှ အကြွေးပေးလည်းရသူမို့ သူက အပျိုကြီးနားသို့ တိုးတိုးကပ်ကာ ...

"မမတူး ... ကျွန်တော်လေ ပိတ်စလေးနှစ်စုံလောက်နဲ့ ပေါင်ဒါမှုန့်လေး လိုချင်လို့ပါ။ အဲ ... အဲဒါ ... တစ်နေ့ကို ဘယ်လောက်သွင်းရမလဲ မသိဘူး"





မမတူးက သူ့ကို အလန့်တကြားကြည့်ကာ ...

"ဟဲ့ ... နင်က ..."

သူက တစ်မျိုးထင်နေသော အပျိုကြီးကို အမြန်လက်ကာပြလိုက်ရလျက် ...

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်သမီးအတွက်ပါ။ သမီးက တာဝမှာ Day တက်နေရပြီလေ။ အဲဒါ အပျိုလေးဆိုတော့ အဝတ်အစားလေး ဘာလေး လိုတာပေါ့ဗျာ။ ဒါ့ကြောင့် သမီးကို ချုပ်ပေးချင်လို့ပါ"

ဒီတော့မှ အပျိုကြီးက သဘောပေါက်သွားလျက် သြော်ခနဲ မြည်ကာ ...

"ရပါတယ်၊ နင့်ကိုတော့ လျှော့ပေးလိုက်ပါမယ်ဟာ၊ ကိုက်ဖြတ်ပါတိတ်လေးတွေ လှတယ်ဟဲ့"

"အင်း ... လှတာလေးပေါ့ဗျာ။ ကျွန်တော်ကတော့ မရွေးတတ်ပါဘူး"

အဲဒီနေ့က သူ အိမ်ပြန်ရောက်လာလျှင် သမီးအတွက် နေ့ပြန်ပေးနဲ့ ဝယ်လာသော အကျႌစများ၊ မှန်၊ မိတ်ကပ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ဒါဘူး စတာတွေကို မြင်လျှင် သမီးကား ဝမ်းသာသော မျက်နှာကို မဖုံးဖိနိုင်ချေ။ သူ့လည်ပင်းကို တွဲလဲခိုကာ "တို့ဖေကြီးကွ"ဟု ဆိုလျက် ပျော်ရွှင်ကျေနပ်နေလျှင် သူ့မှာ ပန်းသမျှ ပြေပျောက်ရသည်။ သနပ်ခါးပေါ်တွင် မိတ်ကပ်ဖုန်ဖုန်လေး တင်ထားသော သမီးမျက်နှာ နုနုညက်ညက်လေးကိုကြည့်ကာ တက္ကသိုလ်ကျောင်းသူ သမီးလေးပါလားဟူ၍ ဂုဏ်ယူရသည်။ သူဝယ်ပေးထားသော ဝတ်စုံအသစ်လေးဖြင့် ကျောင်းသွားသော သမီးကိုကြည့်ကာ သူ့မှာ ကြည့်လို့ကို မဝနိုင်ချေ။ ဪ ... သမီးရဲ့အမေသာ မြင်လျှင် ဘယ်လောက် ဝမ်းသာရှာပေမလဲ။

သမီး အဲဒီလို ကြော့ကြော့မော့မော့လေး လှပစေရန် အတွက် သူကတော့ အရင်လိုမနေနိုင်တော့ချေ။ အရင်က နေ့လယ်နေ့ခင်း အပေါင်းအသင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင် တတ်သော ပိုက်ဆံတွေကို မထိုင်ရက်တော့၊ မထိုင်နိုင်တော့ချေ။ သူကြိုက်တတ်သော အားကစားဂျာနယ် တစ်စောင်တလေတောင် ဝယ်မဖတ်နိုင်တော့။ သူ့အတွက် နေ့စဉ် တိုလီမုတ်စ အသေးသုံး လေးတွေကို ခြစ်ခြုတ်ကာ သမီးအတွက် နေ့ပြန်ပေးရသည်။





မီးဖိုချောင်စရိတ်ကအစ ချွေတာချင်သဖြင့် တစ်ခါတလေမှာ ရုံးကို ထမင်းချိုင့်တောင် မထည့်တော့ပေ။ သမီးကိုသာ မုန့်ဖိုးပိုပေးလိုက်သည်။ သမီးလည်း သူတကာတွေလို ကန်တင်းမှာပဲ ထမင်းစားချင်ရှာမှာပေါ့။ သမီးက "ဖေကြီးရော ဘာတွေစား့လဲ"ဟု ပွပွပင်ပင် မေးဖော်ရတာလေးကိုပင် သူ့မှာ ကျေနပ်၍မဆုံးပြီ။

"ဖေကြီးလည်း ထမင်းပဲ ဝယ်စားတာပေါ့ သမီးရဲ့။ တစ်ခါတလေလည်း ဆီချက်တို့ ဘာတို့ပေါ့။ သားအဖနှစ်ယောက်တည်းပဲ သမီးရယ်၊ ချက်ရတာ ပင်ပန်းပြီး မီးသွေးလည်း ကုန်ပါတယ်။ ဝယ်စားလိုက်တာက အဆင်ပြေတာပေါ့။ မဟုတ်ဘူးလား"

သမီးက ကျေနပ်သွားသလို ခေါင်းညိတ်လျှင် သူ့မှာ တစ်ဖက်သို့ အသာလှည့်လျက် သက်ပြင်းချရသည်။ တကယ်တော့ ထမင်းအဝစား ငါးရာတန်လောက်ကိုပင် သူ့မှာ နေ့တိုင်း မစားနိုင်ပါ။ ခေါက်ဆွဲသုပ်၊ မုန့်ဟင်းခါး စတာမျိုးတွေနဲ့သာ နေ့ခင်းစာကို ဖြေရှင်းရသည်။ တစ်ခါတလေမှ ထမင်းဖြူပေါ်တွင် ဘဲဥချဉ်ရည်ဟင်းတစ်ခြမ်း ပုံဆမ်းပေးထားသော တစ်ခါပြင်ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ခြစ်ခြုတ်စားနိုင်လေသည်။ သူ ဘယ်လိုပဲ နေရ နေရ အရေးမကြီးပါ။ သမီးလေး မျက်နှာမငယ်ဖို့သာ အရေးကြီးလေသည်။

◆ ❦ ◆





ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့ညနေတွင် သမီးရဲ့သူငယ်ချင်းတစ်တွေ အိမ်လာလည်ကြသဖြင့် သူက အလိုက်သိစွာပင် အိမ်ရှေ့ရှိ ပက်လက်ကုလားထိုင်လေးတွင် ထွက်ထိုင်နေလိုက်သည်။ သမီးရဲ့သူငယ်ချင်း စုမာ ဆိုသော ကောင်မလေး ဆံပင်ဖြောင့်လာတာကို သူငယ်ချင်းတွေက ဝိုင်း၍စပ်စုနေသံ အတိုင်းသား ကြားနေရလေသည်။ တစ်ယောက် လုပ်ထားတာမြင်တော့ ကျန်တဲ့သူတွေကပါ လိုက်လုပ်မယ်တွေ၊ တစ်ဖွဲ့လုံး ဖြောင့်ကြစို့ ဆိုတာတွေ ဖြစ်လာလေသည်။ သို့သော် အဲဒီအထဲတွင် သမီးရဲ့အသံက တိတ်လျက်ရှိတာကိုတော့ သူ သတိထားမိလိုက်သည်။

သူငယ်ချင်းတွေ ပြန်သွားလျှင် သူက သမီးကို မသိမသာ အကဲခတ်ကြည့်သည်။ သမီးရဲ့ပုံစံသည် တစ်ခုခုကို လုပ်ချင်ပါလျက်နှင့် လုပ်ခွင့်မရသော သူတစ်ယောက်ရဲ့စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမျှ သို မရွှင်မသာရှိလို့နေသည်။ နောက်နေ့တွင်လည်း ဒီလို ပင်။ သူ အလုပ်က ပြန်လာသောအခါမှာလည်း ပုံမှန်သာ ကြိုဆို ရုံမှလွဲ၍ အရင်လို တက်တက်ကြွကြွမျိုး မရှိပေ။ သူက ဘေး ကွယ်ကလစ်လေး ဝယ်လာပေးတာတောင် သိပ်ဟက်ဟက်ပက် ပက် မရှိလှပေ။ ဒါနှင့် သူဟာ ရုံးစာရေးမလေးတွေထံမှာ ဆံပင် ဖြောင့်ခြင်းကိစ္စကို စပ်စုကြည့်ရသည်။

"ဆံပင်ဖြောင့်တာက အစားစားရှိတယ် ဦးမျိုးအေးရဲ့။ သူဌေးသမီးတွေကျတော့လည်း သိန်းချီ အကုန်ခံပြီး ဖြောင့် ကြတာ။ ရပ်ကွက်ဆိုင်လေးတွေ ကျတော့လည်း သူ့အိုးနဲ့ သူ့ဆန် တန်ရုံလောက်ပေါ့ ဦးမျိုးအေးရယ်။ အနိမ့်ဆုံးက တော့ တစ်သောင်းတန်ပေါ့။ ဒါတောင် ဆံပင်တိုမှနော်"

ဘုရားရေ ... မီးပူထိုးထားသလို ဆံပင်မျိုးလေး တွေဖြစ်အောင် လုပ်တာဟာ အဲဒီလောက်တောင် ကုန်သတဲ့။ သမီးမိန်းကလေး မွေးထားသော သူ့မှာ ရင်ဘတ်ကို အသာဖိ ထားရသည်။ သို့သော် သမီးလေး ဆံပင်သိပ်ဖြောင့်ချင်နေတာ မြင်ရတော့လည်း သူ့မှာ ဖြည့်ဆည်းမပေးနိုင်သည့်အတွက် စိတ် မချမ်းသာရပါ။ အထူးသဖြင့် သူများလှသလို လှချင်သော်လည်း





အခြေအနေကိုသိစွာ ဖွတ်မပူဆာသည့်သမီး၊ ဖွင့်ဟတောင် မပြော သည့် သမီးလေးကို သူက ပို၍ ကရုဏာသက်ရပါသည်။ ဒီတော့ သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။ အပိုကြေးဆိုက ငွေတိုးလည်း မယူချင်တော့၍ နောက်ထပ် ဝင်ငွေတစ်ခုကိုပဲ ရှာ ဖွေဖို့ သူ ဆုံးဖြတ်လိုက်တော့သည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်ကို စလုပ်တုန်းကတော့ အတော့်ကို မဝံ့မရဲ ဖြစ်သေးသည်။ နောက်တော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားတင်းကာ ရှက်တဲ့စိတ်တွေကို ဘေးဖယ်ရသည်။ ရှက်သာရှက်နေတာ ကိုယ့်ကိုလည်း ဘယ်သူကမှ သိတာမဟုတ်။ သိဖို့မပြောနဲ့ ကိုယ့်မျက်နှာတောင်စေ့စေ့ကြည့်ကြသူများ မဟုတ်ကြပေ။ နှစ်ပတ်လောက်လုပ်ပြီးသောအခါ နည်းနည်းရဲလာသည်။ ပြောရဲဆိုရဲ ရှိလာလေသည်။

"သတင်းထူး ပါတယ်နော်၊ ဟိုမင်းသမီးလေး မင်္ဂလာဆောင်တော့မှာတဲ့၊ ဪ ... ဘယ်သူလဲလို့ မမေးနဲ့လေ။ သိချင်ရင် ဝယ်ဖတ်၊ ညီလေး စပို့တ်ဂျာနယ်ပါတယ်လေ။ ဘက်ခမ်းက စပိန်ကို ပြောင်းတော့မယ်တဲ့နော်။ ဪ ...





စီရော်နယ်ဒိုလား သူက တကယ်ဖြစ်ချင်ခဲ့တာ ရုပ်ရှင်မင်းသားချော ... ဖတ်ကြည့် ... ဖတ်ကြည့်"

ဒီအလုပ်ကလည်း လွယ်တော့ မလွယ်ချေ။ လက်မွေ့ဂျာနယ်ရောင်းတာခြင်းအတူတူ သူ့ပိုက်နက် ကိုယ့်ပိုင်နက်ခွဲထားတာကလည်း ရှိသေး။ သူကတော့ ဂရုမစိုက်ချေ။ မျက်စိကို လျှင်လျှင်ထားလျက် တကယ်ဂယ်မည့်ကားတွေထံသို့ အမိအရ ပြေးကပ်ကာ ရောင်းသည်။ သမီးကိုတော့ ပုံနှိပ်စက်တစ်ခုမှာ အချိန်ပိုင်း ဝင်လုပ်နေတယ်ဟု အသိပေးထားပြီး တနင်္ဂနွေမှာတောင် မနားနိုင်ဘဲ ဝင်ငွေရှာဖွေနေခဲ့သည်။

ဒီလိုနှင့် သူ့လက်ထဲ၌ ငွေနှစ်သောင်းလောက် စုမိချိန်ဝယ် သမီးရဲ့မွေးနေ့ ရောက်ဖို့ကလည်း တစ်ပတ်မျှသာ လိုတော့ချိန်ဖြစ်သည်။ သူသည် ပိုက်ဆံနှစ်သောင်းကို တင်းတင်း ဆုပ်ကာ ...

"သမီးရဲ့မွေးနေ့ နီးပြီနော်။ ဒီမှာ ဖေကြီးက သမီးကို မုန့်ဖိုးပေးတာ။ ရော့ ... ဒီတစ်ခါတော့ သမီးကြိုက်သလို အသုံးချ။ ဖေကြီးက ဝယ်မပေးတော့ဘူး"



www.burmeseclassic.com

သမီးသည် သူ့လက်ထဲမှပိုက်ဆံကိုမြင်လျှင် ချက်ချင်း ဝင်းပသွားသော မျက်နှာဖြင့် ...

"တကယ်လားဟင်၊ ဖေကြီး တကယ်ပေးတာလား"

"တကယ်ပေါ့ သမီးရဲ့၊ သမီး ဘာလုပ်မှာလဲ၊ ဖေကြီးကို ပြောပြစမ်း"

"သမီးလေ ဆံပင်အရမ်းဖြောင့်ချင်နေတာ ဖေကြီးရဲ့။ အတော်ပဲကွာ။ ဖေကြီးက သိပ်ချစ်ဖို့ ကောင်းတာပဲ။ သမီးက အဲဒီပိုက်ဆံနဲ့ ဆံပင်ဖြောင့်ချင်တာ ဖေကြီးရ"

"ဆံပင်ဖြောင့်တာ ... ဆံပင်ဖြောင့်တာက အဲဒီလောက်ကြီး ပေးရလို့လား သမီးရဲ့"

"အာ ... ပေးရတာပေါ့၊ ဒါတောင် ရိုးရိုးပဲ ဖြောင့်လို့ရတာ ဖေကြီးရဲ့။ ဖြောင့်ရင်းနဲ့ ကာလာထည့်တာတို့၊ ဖယောင်းသွင်း ပေါင်းတင်တာတို့ဆို ပိုကုန်သေးတယ်။ သမီးတို့ရပ်ကွက်ထဲက အလှပြင်ဆိုင်က သမီးဆံပင်ဆို နှစ်သောင်းခွဲလောက်ကျမှာ၊ နှစ်သောင်းနဲ့ပဲ လုပ်ပေးမယ်လို့ ပြောထားတာ။ အခုတော့ အတော်ပဲပေါ့ ဖေးကြီးရယ်။ ကျေးဇူးတင်ပါတယ်။ တကယ် ... အဟိဟိ"





သမီးက အူမြူးနေဟန်ဖြင့် ပြောင်စပ်စပ်ပြောလျှင် သူ့မှာ ချစ်မဝစွာ ကရုဏာသက်ရပါသည်။ သမီးရဲ့ခေါင်းလေးကို သပ်ဖွပေးရင်းမှနေ၍ တိုးတိုးပြောမိသည်မှာ ...

"ကျေးဇူးတင်စရာ မလိုပါဘူး သမီးလေးရယ်၊ ဖေကြီးကို အမြဲတမ်း ချစ်နေရင်ပဲ ကျေနပ်လှပါပြီ"

www.burmeseclassic.com



ဒီနေ့ သမီးရဲ့မွေးနေ့ဖြစ်သည်။ ရုံးပိတ်ရက်နှင့် သမီးမွေးနေ့မှာ တိုက်ဆိုင်တာကြောင့် သူက ဒီတစ်နေ့တော့ ဂျာနယ်မရောင်းတော့ဟု ဆုံးဖြတ်ထားသော်လည်း သမီးက ညက တည်းကပင် သူ့အစီအစဉ်ကို တင်ပြလာသည်။

"ဖေကြီးရေ ... သမီးမွေးနေ့မှာလေ သူငယ်ချင်းတွေနဲ့ ဘုရားတက်မလို့၊ အဲဒါ ဖေကြီးနဲ့ ညစာတူတူ စားတော့မှပဲ ဆုံတော့မယ်နော်"

"ဪ ... အေး ... အေး"

အလှပဆုံးပြင်ဆင်ကာ ဆံပင်လေးတွေ တလွင့်လွင့်ဖြင့် ထွက်ခွာသွားသော သမီးကို သူက ကျေနပ်စွာ ပြုံးကြည့်နေခဲ့သေးသည်။ နောက်တော့ အိမ်မှာ သမီးလည်းမရှိတာနှင့် မထူးပါဘူးဟု တွေးကာ သူ ဖောက်သည်ယူနေကျ ဂျာနယ်ဖြန့်သော





ဆိုင်မှ ဂျာနယ်တွေယူလျက် မြို့ထဲတစ်ဝိုက် လှည့်လည်ဖြစ်သည်။ နောက်ဆုံး ၁၅၀၀ လောက်မြတ်လျှင်တောင် သမီးနဲ့ သူ့အတွက် ခေါက်ဆွဲကြော်တစ်ပွဲစာတော့ ရသည်ဟုတွေးကာ သူ့မှာ တစ်ရက်တလေတောင် မနားနိုင်ခဲ့ပါ။

သမီးမျက်နှာနှင့် ဂျာနယ်တွေ တက်တက်ကြွကြွ ရောင်းနေနိုက်မှာပဲ သူ့နံဘေးသို့ သမီးရည်းစားစုံတွဲတစ်တွဲက လာရပ်သည်။ သူက တစ်ယောက်ကို ရောင်းနေတုန်းဖြစ်၍ ချက်ချင်းလှည့်မကြည့်နိုင်ပေ။

"ဦးလေး First Eleven ပါလား မသိဘူး"

"ပါတယ်ဗျာ၊ ကံကောင်းတယ် ငါ့တူ၊ တစ်စောင်ပဲကျန်တော့တယ်၊ ကဲ ... ရော့"

သူက ဂျာနယ်အထပ်ထဲမှ တစ်စောင်ကို ရွှတ်ခနဲ ဆွဲထုတ်ကာ မော့အပေး၌ ကောင်လေးရဲ့ဘေးတွင် ရပ်နေကာ ကောင်လေးရဲ့လက်ကို တင်းတင်းဆုပ်ထားသော သမီးကို မြင်တွေ့လိုက်ရတာဖြစ်သည်။

သမီးရဲ့မျက်နှာသည် သူ့ကို ဒီလိုပုံစံမျိုးနှင့်ရုတ်တရက် မြင်တွေ့လိုက်ရသည့်အတွက် အံ့သြကာ ကြက်သေ,သေသျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ပြီးလျှင် ချက်ချင်းပဲ သတိဝင်လာပုံရကာ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်လို့သွားသည်။ ရုတ်တရက် ခေါ်မည်ဟု သူ ဟန်ပြင်လိုက်လျှင် သမီးရဲ့မျက်နှာသည် ချာခနဲ တစ်ဖက်သို့ လှည့်အသွား၊ သူ့ရင်ထဲ၌ ဖျတ်ခနဲ နာကျင်ကြေကွဲသွားသည်။ သမီး ... သူ့ရဲ့ သွေးသားရင်းချာ သမီးလေးဟာ ချစ်သူရှေ့မှာ သူ့ကို အဖေခေါ်ရမှာ ရှက်သတဲ့လား။

“ရော့ ... ဦးလေး”

သူ့မှာ ကောင်လေးပေးသော ပိုက်ဆံကို တုန်တုန်ယင်ယင်နှင့် လှမ်းယူလိုက်သော်လည်း သမီးက သူ့ကို တစ်ချက်မှ လှည့်မကြည့်တော့ပေ။ ကောင်လေးက တက္ကစီတစ်စီးကို ဖမ်းတားလိုက်သည်။ “ရွှေတိဂုံဘုရား”ဆိုသော အသံလေးကိုသာ နားစွန်နားဖျား ကြားလိုက်ပြီးနောက် သူ့နားထဲတွင် လေတွေထွက်နေသလို အူနေကာ ဘာကိုမှလဲ မပြင်နိုင်တော့ချေ။

အမြင်တွေ မှုးရိပ် မှုးရိပ် ဖြစ်နေသည့် ကြားမှပင် အားတင်းကာ ဆက်လျှောက်လာခဲ့သည်။ သူ့ရင်ထဲတွင် မောကာတလှပ်လှပ် ဖြစ်နေသော်လည်း မနားနိုင်သေးချေ။ ရက်ရှည်လများ အစားအသောက်မမှန်သည့်ဒဏ်၊ နေပူ မိုးရွာမရှောင် မနားမနေ





ဂျာနယ်လှည့်ရောင်းခဲ့သည့် ဒဏ်တွေသည် သမီးရဲ့အပြုံးတစ်ချက်အောက်မှာတော့ ဝပ်တွားစွာ ပျင်းနေကြပါလျက်နှင့် သမီးရဲ့ ဥပေက္ခာဒဏ်ကျတော့မှပင် အသီးသီး ထွက်လာကြတော့ဟန်တူသည်။

သို့သော် သူ မနားနိုင်အားသေး။ လက်ထဲက ဂျာနယ်တွေကို ကုန်အောင် ဆက်ရောင်းရဦးမည်။ ဒီကရသော ပိုက်ဆံလေးဖြင့် သမီးစိတ်မဆိုးအောင် သူ ချော့ရမည်။ သမီးလေးရေ ... ဖေကြီးကို စိတ်မဆိုးပါနဲ့။ ဖေကြီးလေ သမီးကို အရှက်မခွဲခဲ့ပါဘူး။

ဟော ... ဟိုမှာ ဂျာနယ်ဝယ်နေကျလူရဲ့ကားပဲ။ သူက တစ်ခါဝယ်ရင် ငါးစောင်လောက်ဝယ်တာ။ မှုးရိပ် မှုးရိပ် ဖြစ်နေသည့်ကြားမှပင် အဲဒီကားထဲ လှမ်းလာခဲ့သည်။ သို့သော် အရင်လိုမသွက်လက်သည့် ခြေထောက်များသည် တဝီးဝီးသွားလာနေသော ကားများကို ကျင်လည်စွာ မရှောင်တိမ်းနိုင်တော့။

ကားတစ်စီး၏ ပွတ်တိုက်မှု ခံလိုက်ရသော သူ့ခန္ဓာကိုယ်သည် အထက်သို့ မြောက်တက်သွားကာ လက်ထဲမှဂျာနယ်ဆွလည်း အားလုံး လွင့်စဉ်ကျဲပြန့်ကုန်ကြသည်။ သူသည် နာကျင်မှု



www.burmeseclassic.com

www.burmeseclassic.com

ကို ခံစားလိုက်ရသော်လည်း ချက်ချင်းပင် ပေါ့ပါးသွားကာ လေ
ထဲတွင်လွင့်သွားသော ဂျာနယ်များကို လိုက်ဖမ်းနေခဲ့မိသည်။


"ဟော့လူတွေ တက်မနင်းသွားကြနဲ့။ ဟာ ... ဟိုမှာ တစ်
စောင်၊ သမီးလေးရေ ... ဖေကြီးကိုစိတ်မဆိုးပါနဲ့။ ဖေကြီး
က သမီးလေး ဆံပင်ဖြောင့်လို့ရအောင် ဂျာနယ်ရောင်းရတာ
ပါ။ ဖေကြီးကို နားလည်ပေးပါ ...

သမီးလေးရေ ... ဖေကြီး ခေါ်နေတာကို ကြားရဲ့
လား ..."

(မေမေ့အတွက် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အမှတ်တရ)

✧ ❦ ✧





www.burmeseclassic.com



"ဘယ်နေရာမဆို အိုက်ဒီယာ လိုတယ်"

အဲဒီစကားသည် သိဂ်ီကျော် အမြဲပြောနေကြစကား ဖြစ်သည်။ တစ်ခုခုကို အာပေါင်အာရင်းသန်သန်ဖြင့် ဆွေးနွေး ပြောဆိုတော့မည်ဆိုလျှင် အဲဒီလိုပဲ ပဏာမပတ်ပျိုးကို စ၍တီးလေ့ ရှိသည်။ အဲဒီအခါမျိုးတွင် သိဂ်ီကျော်ရဲ့နံဘေးတွင် ရှိသော မိသားစုဝင်တစ်ဦးကတော့ ရှောင်ထွက်သွားစမြဲပင်။ ဒါဆိုလျှင် သိဂ်ီကျော် ဆက်ပြောတတ်သည့် စကားက "လူတွေက ဒီလိုပဲ၊ အမှန်တရားကိုပြောရင် ဘယ်သူမှ လက်မခံချင်ကြဘူး" ဆိုတာပဲ ဖြစ်တော့သည်။ ဒီတော့ သိဂ်ီကျော်၏ နောက်ဆုံးပစ်မှတ်မှာ သူမရဲ့အမေ ဖြစ်တော့သည်။ အမေရဲ့ဒီလိုရှိတယ်လေ ဆိုလျှင် အမေကလည်း ဝမ်းမြောက်ဝမ်းသာ အားပေးတတ်သည်။

"သွားစမ်းပါအေ၊ ဒီမှာ ပူလို့ အိုက်လို့ စိတ်ရှုပ်ရတဲ့ အထဲ ညည်းဟာညည်း တော်ရာနေစမ်းပါ" အဲဒီကျလျှင် သိဂ်ီ



www.burmeseclassic.com

www.burmeseclassic.com

ကျော်တို့က ဟင့်ခနဲ နှာခေါင်းရှုံ့ကာ မကျေမနပ်ဖြင့် ပွစိ ပွစိ ရေရွတ်ဆဲ။ တကယ်ဆိုလျှင် သိင်္ဂီကျော်တို့မိသားစုမှာက အဖေ မရှိတော့ချေ။ အဖေဆုံးပါးသွားပြီးကတည်းက အမေနဲ့ မောင်နှမ သုံးယောက်သာ ကျန်ရှိခဲ့သည်။

အဖေ ဆုံးသွားပေမယ့် သိင်္ဂီကျော်တို့မိသားစုက အခြေအနေမပျက်ခဲ့ချေ။ အဖေ့လက်ထက်ထဲက အမေက အသိမ်းအဆည်းလည်း တော်ခဲ့သလို လုပ်ငန်းတွေမှာလည်း ဝင်လုပ်ခဲ့သူမို့ အဖေ မရှိသော်လည်း စီးပွားရေးက ယိမ်းယိုင်မသွားခဲ့ပေ။ သိင်္ဂီကျော်ရဲ့အောက်မှာ နှစ်နှစ်စီငယ်သော မောင်နှစ်ယောက်ကိုလည်း လျှပ်စစ်ပစ္စည်းဆိုင်က တစ်ဆိုင်၊ စားသောက်ဆိုင်နှင့် စည်ဘီယာတွဲလျက်ကတစ်ဆိုင် စသဖြင့် သူတို့ ဝါသနာပါရာပါရာ တည်ထောင်ပေးပြီး မောင်တွေကလည်း လုပ်ငန်းအခြေကျတာနှင့် မိန်းမတွေ ချက်ချင်းကောက်ယူကြသဖြင့် သူ့အိမ်ထောင် သူ့စီးပွားနှင့် သပ်သပ်ဖြစ်ကာ သီးသန့်နေထိုင်ကြသည်။ ဒါကိုလည်း သိင်္ဂီကျော်က မကြိုက်ခဲ့ချေ။

မောင်တွေကို မိန်းမယူတာ ခွင့်ပြုရကောင်းလားဟု အမေဖြစ်သူကို အပြစ်တင်ခဲ့သေးသည်။





"အမေ့ကို အိုင်ဒီယာမရှိဘူးလို့ အဲဒါကြောင့် ပြောတာ။ ကိုယ့်သားတွေ ကိုယ်ပဲ နည်းနည်းပါးပါး ပြောပါတော့လား။ ခုတော့ လုပ်ငန်းတွေ ကိုယ်စီထောင်ပေး၊ ဟော ... အခြေလည်းကျတော ဟိုဟာတွေက မိန်းမကောက်ယူ၊ သူတို့ မိန်းမတွေကတော့ အဆင်သင့်ပေါ့ ...

တကယ်ဆို နှစ်,နှစ် သုံးနှစ်တန်သည် ကိုယ့်ပွဲရုံထဲမှာခိုင်းပေါ့၊ ခုကျတော့ သမီးသာ တောင်ပြေးမြောက်ပြေး ပတ်ပြေးနေရတယ်။ တကယ်ပဲ အမေတို့က ဘာမှအကွက်မမြင်ဘူး ...

"ဟဲ့ ... ငါက အကွက်မြင်လို့ တမင်လုပ်ပေးလိုက်တာဟဲ့။ ဒီမိဘလက်ငုတ်လက်ရင်းထဲ ဘာလို့ ခိုင်းနေမှာလဲ။ သူတို့လည်း မိန်းမယူမယ့်သူတွေ၊ ဒီတော့ စောစောစီးစီး ခွဲပေးလိုက်တာ နားအေးတယ် ...

ခုရှုပ်မှ နောင်ရှင်း မိသိင်္ဂီရဲ့။ ခုတော့ သူတို့အလုပ်ကရတဲ့ပိုက်ဆံနဲ့ သူတို့ဟာသူတို့ မင်္ဂလာဆောင်နိုင်တယ်။ ကိုယ်က နည်းနည်းပါးပါး စိုက်ပေးရတာပဲရှိတယ်။ ပြီး


www.burmeseclassic.com

www.burmeseclassic.com



တော့ ... မိန်းကလေးရှင်ဘက်မှာလည်း ကိုယ့်ဘက်က မျက်နှာပန်းပွင့်သေးတယ်။ မုဆိုးမဖြစ်ပေမယ့် သားတွေကို ကိုယ့်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ပေးထားနိုင်တယ်ဆိုတာ နည်းတဲ့ပါဝါလား။ မိဘအလုပ်ထဲကရတဲ့ အဆင့်နဲ့ ကိုယ့်လုပ်ငန်းနဲ့ကိုယ်ဆိုတဲ့ ဂုဏ်ကလည်း ဘယ်လောက်ကွာခြားသွားသလဲ။ ကိုယ်လည်း မျက်နှာတက်တယ်။ ကိုယ့်သားလည်း ဂုဏ်ရှိတယ် ...

အိမ်ထောင်ကျသွားပြီဆိုရင် ကိုယ့်ဟာကိုယ် သီးသန့်ဖြစ်တာ အကောင်းဆုံးပဲ။ ညည်းနဲ့လည်း ဘယ်ယောက်မနဲ့မှ တည့်မှာမဟုတ်ဘူး။ ဒီတော့ သူတို့ဟာသူတို့ သီးသန့်ဖြစ်တာ အကောင်းဆုံးပဲ"

"တွေ့လား အမေ။ ဘာကိစ္စ သမီးက ယောက်မတွေနဲ့ မတည့်ရမှာလဲ"

"ဟဲ့ ... ညည်းက လူတကာကို ဆရာကြီး လိုက်လုပ်နေတာလေ။ ညည်းလုပ်နေတဲ့ လူတွေကိုလည်း ပြန်ကြည့်ဦး။ အကုန်လုံးက ညည်းထက် မသိတောင် ညည်းလောက်တော့





သိတဲ့လူတွေချည်းပဲ။ အဲဒီတော့ ညည်းဒဏ်ကို ဘယ်သူက ခံနိုင်တော့မလဲ။ ဝေးဝေးမကြည့်နဲ့ ညည်းနဲ့ ချစ်လှပါရဲ့ ကြိုက်လှပါရဲ့ဆိုတဲ့ ငယ်ရည်းစား မိုးကျော်ထွန်းတောင်မှ ညည်းရဲ့ဆရာလုပ်တဲ့ဒဏ်ကို ခံနိုင်လို့လား ...

ညည်းတို့က ဒီတစ်သက် ယူရော ယူဖြစ်ကြမှာလား။ ဘာတွေ အချိန်ဆွဲနေကြတာတုန်း ... ဟင်၊ သိင်္ဂီကျော်တစ်ယောက်တော့ သူများကို ဆရာ မလုပ်ရတာနဲ့ ကိုယ့်ဟာကိုယ် ဆရာလုပ်နေပြီး ဒီတစ်သက်တော့ ယောကျ်ားရတော့မှာ မဟုတ်ဘူးနဲ့ တူပါတယ်အေ"

အမေက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလျှင် သိင်္ဂီကျော်က နှာခေါင်းတစ်ချက်ရှုံ့ကာ ဟင်းခနဲမြည်အောင် မဲ့ရွဲ့မိသည်။ သူ ပြောတော့မှပင် ကိုယ့်ရည်းစားဖြစ်သော မိုးကျော်ထွန်းကို သွားသတိရသည်။ မိုးကျော်ထွန်းနှင့် သိင်္ဂီကျော်သည် ရှစ်တန်းထဲက ကျူရှင်တစ်ဝိုင်းတည်း သင်ခဲ့ကြသော သူငယ်ချင်းတွေဖြစ်ကာ ဆယ်တန်းဖြေပြီးတော့ ရည်းစားတွေ ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ နှစ်ယောကစလုံး သုံးဆယ့်နှစ်နှစ်ပြည့်ပြီးသွားကြပေမယ့် လက်ထပ်ဖို့ဆိုတာ မတိုင်ပင်ရသေး။ နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ် အရွယ်များမှာတော့ မိုးကျော်ထွန်းက လက်ထပ်ဖို့အရေး တဂျီဂျီ ပူဆာခဲ့ဖူးသည်။ ဒါပေမဲ့ သီဂီကျော့်အသက် နှစ်ဆယ့်ခုနစ်မှာ အဖေဆုံးသွားသဖြင့် လက်ထပ်ဖို့အရေးသည် ပိုလို့ဝေးသွားတော့သည်။

တကယ်တော့ မိုးကျော်ထွန်းရော သီဂီကျော်ရောပါ နှစ်ဖက်မိဘတွေက ပြည့်စုံသူတွေမို့ လက်ထပ်လျှင်လည်းရသည်။ နှစ်ဖက်မိဘတွေကလည်း တိုက်တွန်းသည်။ ဒါပေမဲ့ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေရတာကိုကြိုက်သော သီဂီကျော်သည် ပွဲရုံမှာ၊ အိမ်မှာ၊ အမျိုးအဆွေတွေထဲမှာ ဆရာကြီးလုပ်ရတာကို နှစ်သက်လျက် ယောကျ်ားယူဖို့ အိမ်ထောင်ပြုဖို့ဆိုတာ မေ့လျော့နေသလိုပင်။ မိုးကျော်ထွန်းဆိုတာ ငါ့ရဲ့ငယ်ရည်းစား၊ ငယ်နိုင်၊ ငါ့လက်ခုပ်ထဲကရေ ဆိုသော အတွေးမျိုးဖြင့် ဘယ်အချိန်ယူယူ ရတယ်ဆိုတာမျိုး စိတ်မှာထားခဲ့တာဖြစ်သည်။

“ယောကျ်ားများ အမေရယ် ဘယ်အချိန်ယူယူပေါ့။ သူများတွေများ သားသမီး အိမ်ထောင်ပြုမှာ ကြောက်လွန်းလို့ အမေ့ကျမှပဲ ဇွတ်ယူခိုင်းနေတယ်”





“ဟဲ့ ... ညည်းက သက်သက်အချိန်ဆွဲနေတာလေ။ ညည်းအသက်လည်း ညည်းပြန်ကြည့်ဦး”

“အိုး ... သူများတွေ လေးဆယ်မှတောင် ယူသေးတာ၊ သမီး အလုပ်တွေကြိုးစားဦးမယ်၊ အများအကျိုးကို ဆောင်ရွက်ဦးမယ်။ ယောကျ်ားယူပြီး သူ့ကိစ္စတွေပဲ လုပ်မနေနိုင်ဘူး”

“ကောင်းတယ်၊ ဘိုးဘွားရိပ်သာ ရောက်မှသာ ယူတော့ပေါ့”

အမေက စိတ်ဆိုးမာန်ဆိုးဖြင့် ထထွက်သွားလျှင် သီဂီကျော်ကတော့ ပခုံးတွန့်ကာ ကျန်ရစ်ခဲ့သည်။ မတတ်နိုင်ချေ။ သူမကတော့ ခုလောလောဆယ်မှာ အိမ်ထောင်ပြုဖို့ လုံးဝမစဉ်းစားသေးပါ။ မိုးကျော်ထွန်းကလည်း နင့်သဘောပဲလေဟု ပြောထားသဖြင့် သီဂီကျော်အတွက် ယောကျ်ားယူဖို့ကိစ္စသည် အေးရာ အေးကြောင်းလိုပင် ဖြစ်နေသည်။ နေရာတကာမှာ ဆရာကြီးလုပ်ချင်သူပီပီ ပွဲရုံက အလုပ်သမား မိန်းမခိုးပြေးတာကို ပြန်အပ်ပေးတဲ့ကိစ္စမျိုး၊ အမျိုးထဲကတစ်ယောက်လောက် မင်္ဂလာဆောင်လျှင် ပွဲအစ ပွဲအဆုံး လိုက်စီစဉ်ပေးတာမျိုး၊ သူငယ်ချင်းရဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



နောက်မီးလင်းတာကို လိုက်ပြီးစုံစမ်းပေးတာမျိုး စသဖြင့် ဟိုလို လုပ်ပါလား၊ ဒီလိုလုပ်ပါလားဟူသော သူများကို အိုင်ဒီယာပေး၊ ဆရာကြီးလုပ်ရသည့် ဘဝကိုပဲ ပျော်မွေ့ကျေနပ်နေတာ ဖြစ်တော့သည်။

✧ ✧ ✧





"အစ်မ ... ညီမက ဟိုဘက်ပွဲရုံက စာရင်းကိုင်ပါ။ အန်တီဝင်း ရေခဲရေလေးတစ်ပုလင်းလောက် တောင်းနိုင်းလို့ပါ"

သိင်္ဂီကျော်က စာရင်းစစ်နေရာမှ တစ်ချက်မော့ကြည့်လိုက်လျှင် ကြက်သွန်ပွဲရုံပိုင်ရှင် အန်တီဝင်းရဲ့ စာရေးမလေးဖြစ်နေတာကို တွေ့လိုက်ရသည်။ ဒါကြောင့် အလုပ်သမားတစ်ယောက်ကို ခံနေသော ရေခဲတုံး၊ ရေဘူးတစ်ဘူး ယူခိုင်းလိုက်ပြီးမှ ကောင်မလေးကို တစ်ချက် ပြုံးပြလိုက်မိသည်။ ကောင်မလေးက သိင်္ဂီကျော်ကို အားကျအထင်ကြီးသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ...

"အစ်မကို ညီမက ရောက်တည်းက လှမ်းလှမ်းပြီး ကြည့်နေတာ။ အန်တီဝင်းကိုတောင် ပြောနေမိသေးတယ်။ အရမ်းချောတာပဲလို့။ ဖက်ရှင်တွေကလည်း လှတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီကျော်က ကျေနပ်သလိုဖြင့် တစ်ချက်ပြုံးလိုက်ကာ ...

"ဖက်ရှင်ဆိုတာ ဈေးကြီးတဲ့ပစ္စည်းတွေကို သုံးနိုင်မှ ဖက်ရှင်ဖြစ်တာ မဟုတ်ပါဘူး၊ ကိုယ့်ဘတ်ဂျက်နဲ့ ကိုက်ညီတဲ့ ဖက်ရှင်လေးတွေးကို ရွေးပြီးဆင်တတ်တာလည်း ဖက်ရှင်တစ်ခုပဲလေ"

"ဟုတ် မမ။ ညီမနာမည်က နွယ်နီပါ။ မမက ကိုယ့်အလုပ်သမားတွေဆိုလည်း မိသားစုလို ဆက်ဆံပြီး အကြံဉာဏ်ကောင်းတွေ ပေးတတ်တယ်လို့ ကြားဖူးတယ်။ ညီမလည်း မမ့်ကို တိုင်ပင်စရာလေးတွေရှိရင် ပြောမယ်နော်"

"ရပါတယ်။ အိုက်ဒီယာကောင်းဆိုတာ နေရာတိုင်းမှာ လိုတယ် ညီမရဲ့"

သိင်္ဂီကျော်က ခပ်မော့မော့လေး ပြောလိုက်လျှင် ကောင်မလေးက ကျေနပ်စွာဖြင့် ပြန်သွားလေသည်။ သိင်္ဂီသည် ထွက်ခွာသွားသော ကောင်မလေး၏ ကျောပြင်ကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကျန်ရစ်ခဲ့သည်။ ဒီကောင်မလေးတစ်ယောက် အနေးနဲ့အမြန်တော့ သိင်္ဂီထံ ရောက်လာလိမ့်မည်ဆိုတာ ကြိုသိနေလို့ နေလိုက်လေသည်။

✧ ❦ ✧






www.burmeseclassic.com

www.burmeseclassic.com

သိင်္ဂီကျော် ထင်တာ မမှားခဲ့ချေ။ အန်တီဝင်း၏ပွဲရုံမှ ကောင်မလေးမှာ အလုပ်အားသည့် နေ့လယ်နေ့ခင်း အချိန်တွေဆိုလျှင် သိင်္ဂီထံသို့ ရောက်လာကာ စကားပြောတတ်သည်။ တကယ်တော့ စကားပြောတယ်ဆိုတာကလည်း သိင်္ဂီကျော်ကသာ သူ့ကို ဩဝါဒတွေ ခြွေရခြင်းဖြစ်သည်။ နိဂုတည်းက ဆရာကြီး သိပ်လုပ်ချင်သော၊ အိုင်ဒီယာ သိပ်ပေးချင်သော သိင်္ဂီကျော်သည် နှယ်နီနဲ့တွေ့ရတာ နောက်တောင်ကျနေသည်ဟု ပြောရမည်။ တစ်နေ့မှာတော့ နှယ်နီက သိင်္ဂီကျော်ကို မေးခွန်းတစ်ခုမေးလာတော့သည်။

"မမ ယောက်ျားတွေအကြောင်းကို ဘယ်လောက်သိလဲဟင်"

ဒီလိုမေးခွန်းကို မျှော်လင့်ထားသော သိင်္ဂီကျော်သည် ငါးသလောက်အမြီးကို ပါးပါးလေး ဖြီးလိုက်ကာ ...





"သိပ်သိတာပေါ့။ သိလွန်းလို့လည်း ခုချိန်ထိ ယောက်ျားမယူသေးတာပေါ့။ ယောက်ျားဆိုတာမျိုးက အားလုံးတစ်ပုံစံတည်းပဲ။ ဘယ်သူပဲဖြစ်ဖြစ် ဒါပဲ"

"ဟိ ... မမကတော့ လုပ်ပြီ"

"ဟဲ့ ... နင်က ဘာကို အတွေးပေါက်နေတာလဲ။ ငါပြောတာက အကျင့်နဲ့စိတ်ဓာတ်ကို ပြောတာ။ ယောက်ျားမှန်ရင် အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်း ဆန်တယ်၊ အဲဒါကိုပြောချင်တာ"

"ဟင် ... နှယ်နီ သိချင်တာက အဲဒါမျိုးမဟုတ်ဘူး မမရဲ့။ ယောက်ျားတွေ ဘာကြိုက်တယ်၊ ကိုယ့်ကို စွဲမက်သထက် စွဲမက်အောင် ဘယ်လိုလုပ်ရမယ်။ အဲဒါမျိုးတွေကို သိချင်တာ"

အဲဒါမှ ပြဿနာ။ ကောင်မလေးရဲ့မျက်နှာကိုကြည့်လိုက်တော့လည်း သိချင်စိတ်တွေက အရောင်လက်ပြီး တောက်ပနေသည်။ အပွဲပွဲနွှဲလာခဲ့ပြီးတော့မှ "မသိဘူး"ဟူသော စကားကိုလည်း မပြောချင်သော သိင်္ဂီကျော်သည် ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ ဆိုသော စကားအတိုင်း ခပ်တည်တည်ဖြင့် ဖိန့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ကောင်မလေး၊ မှန်မှန်ပြောစမ်း၊ နင့်ရည်းစားက နောက်တစ်ယောက် တွဲနေလို့ မဟုတ်လား"

"ဟယ် ... မမက ဘယ်လိုလုပ် သိတာလဲဟင်"

"အဲဒါကြောင့် ငါပြောတာပေါ့။ အိုင်ဒီယာလိုတယ်လို့။ ကဲ ... မမလေး မေးချင်တာရှိရင်လည်း ရှင့်အကြောင်းကိုသာ မရှုင်းမချန် ဖွင့်ပြောပေတော့"

"ဒီ ... ဒီလိုပါ မမရယ်၊ တကယ်တော့ သူနဲ့ညီမနဲ့က ရည်းစား မဟုတ်သေးပါဘူး။ သူက ညီမကို ချစ်သလိုလို အရိပ်အယောင်တွေတော့ ပြတယ်။ ဒါပေမဲ့ ဖွင့်မပြောတော့လေ ဇာတ်မျောကြီး ဖြစ်နေတာ။ အဲ ... အဲဒါ"

ကောင်မလေးက ရှက်သလိုလို ကြောက်သလိုလိုဖြင့် ဆက်မပြောတော့ချေ။ သိင်္ဂီကျော်က ဒီလောက်တော့ မခေသူပီပီ ခပ်ပါးပါးလေး ပြုံးလိုက်ကာ ...

"အိုခေ ... ဒီလောက်ဆို သဘောပေါက်ပြီ။ ဇာတ်မျောကို ဇာတ်သွက်ဖြစ်စေချင်လို့ အိုင်ဒီယာတောင်းတယ် ဆိုပါတော့။ ဒီမှာ နှယ်နီ၊ နင် မသေမချင်း မှတ်ထား၊ လောကမှာ ယောက်ျားတွေ မကြိုက်ဆုံးကိစ္စက ဘာလဲ သိလား"





နှယ်နီက မသိနိုးနားပုံစံဖြင့် ခေါင်းကို ခါယမ်းပြသည်။ သိင်္ဂီကျော်က ခေါင်းတစ်ချက် ဆတ်လိုက်ကာ ...

"ယောက်ျားတွေက သူတို့ကို ရင်ဘောင်တန်းတဲ့ ဆန့်ကျင်တဲ့ မိန်းမတွေကို မကြိုက်ဆုံး။ အဲ ... အကြိုက်ဆုံးကတော့ အဲဒါနဲ့ ပြောင်းပြန်ပေါ့။ သူတို့ပြောသမျှ ခေါင်းညိတ်နာခံတဲ့ မိန်းမမျိုးကို အကြိုက်ဆုံး ...

ခေတ်စကားနဲ့ပြောရင် ယဉ်ယဉ်လေးသုံးရင်တော့ နားလည်မှုပေါ့ဟာ။ နားလည်မှုပေးနိုင်တဲ့ မိန်းမမျိုးကို လိုချင်တယ်ပေါ့ ...

ဒါပေမဲ့ နင် စဉ်းစားကြည့်စမ်းဟာ။ ကိုယ်က အရက်သောက်တာ မကြိုက်ဘူး။ သူတို့က ကြိုက်တယ်။ ထားဦး ညှိလို့ရတယ်။ အမြဲတမ်း မသောက်ပါဘူးပြောပြီး ခဏ ခဏသောက်နေရင်ရော အဆင်ပြေပါ့မလား။ ချိန်းထားတာကို ခဏ ခဏ နောက်ကျတယ်ပြောရင် နားလည်မှုမရှိတဲ့မိန်းမ ဖြစ်ရပြန်တယ်။ ကိုယ့်ရင်ထဲမှာ ပြောချင်တဲ့ စကားတွေကို မပြောဘဲ မျိုချထားနိုင်ရင် နားလည်မှုပဲ...


www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေနဲ့ မိန်းမတွေမှာဆိုရင် အများအလုပ်နိုင်ဆုံးက ယောက်ျားတွေပဲ။ သူတို့က မိန်းမတွေထက် လမ်းပိုများတယ်။ ဒါကြောင့် နားလည်မှုဆိုတာကို တွင်တွင်တောင်းဆိုတာ။ ပြောရရင်တော့ လုပ်သမျှငြိမ်ခံ၊ စကားတွေကို မျိုချ၊ ဒါ နားလည်မှုပဲ"

"ဒါကြောင့် မမက ယောက်ျားမယူတာလားဟင်"

"အေးပေါ့။ ဒါပေမဲ့ ငါ့ဟာငါ လွတ်လွတ်လပ်လပ်နေချင်တာလည်း ပါတယ်။ ကဲပါ။ နင့်ဇာတ်မျောကို ဇာတ်သွက်ဖြစ်ဖို့အတွက် ဇာတ်ညွှန်းကို ငါကိုယ်တိုင် ပြင်ပေးမယ်။ နင့်လူမှာ အမေရှိတယ်။ သူဟာ အမေချစ်သားဆိုရင် နင်ဟာ ယောက္ခမလောင်းကို အပိုင်ပေါင်း။ အလုပ်ပိတ်ရက်မှာ သူ့အိမ်ကို နင့်လက်ရာ မုန့်တစ်မျိုး မျိုးပို့ပြီး ယောက္ခမရဲ့နှလုံးသားကို စည်းရုံး၊ ပြီးတော့ နင့်လူ့ရှေ့မှာလည်း နင် ဘယ်လောက်မိန်းမပီသကြောင်းကို ပြမယ်။ ကဲ … ငါပြောတဲ့ဟာကို အရင်လုပ်ကြည့်၊ ထူးခြားရင် ဆက်ဆွေးနွေးမယ်"

"အားကိုပါတယ် မမရယ်"





နွယ်နီက သီဂီကျော်ရဲ့လက်တွေကို ဆွဲဆုပ်ကာ အားကိုးတကြီးပြောလျှင် သီဂီကျော်က ပြုံးနေကြအတိုင်း ဆရာကြီးအပြုံးကို ပြုံးလေသည်။

✧ ✧ ✧

စေတနာ၊ အကြံပြုစာ၊ ဝေဖန်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရေ ... မမပြောတဲ့အတိုင်းပဲ သိလား။ အခုဆိုရင် သူ့အမေကြီးက နွယ်နီ့ကို အရမ်းသဘောကျနေပြီ။ နွယ်နီ့လက်ရာတွေကို ကောင်းလွန်းလို့၊ အိမ်မှာတောင်ခေါ်ထားချင်ပြီ၊ ဘာညာနဲ့ စကားထည့်နေပြီ"

သိင်္ဂီကျော်က လက်သည်းနီ အဆိုးမပျက်ဘဲ နွယ်နီကို တစ်ခွန်းတည်း ပြန်မေးလိုက်သည်။

"သူ့အမေ သဘောကျရုံနဲ့ မပြီးသေးဘူး။ သူ့သားသဘောကျဖို့လည်း လိုသေးတယ်။ သူ့သားကရော"

"သူကတော့ ပုံမှန်ပါပဲ။ ဒါပေမဲ့ သဘောတော့ ကျနေပုံပဲ။ ဘာဆက်လုပ်ရဦးမလဲဟင် မမ"

သိင်္ဂီကျော်က အဆုံးသတ်ခြစ်သော လက်သန်းကို လက်သည်းနီ ဆိုးပြီးသွားသဖြင့် အဖုံးပိတ်လိုက်ကာ လက်ချောင်းတွေကိုကော့ပြီး လေတစ်ချက်မှုတ်လိုက်သည်။ ပြီးတော့မှ နွယ်နီ့ကို တည့်တည့်စိုက်ကြည့်ကာ ...



"မာယာ သုံးရမယ်"

"ဘယ်လို ... မာယာ ဟုတ်လား၊ ဟယ် ... မမ၊ မြူဆွယ်ရမှာလားဟင်"

"ထွတ် ... ညံ့လိုက်တာ။ ဒီထက်ကောင်းတဲ့ စကားလုံး မရှိတော့ဘူးလားဟဲ့။ မာယာဆိုတိုင်း နင်က ပဒုမ္မာအင်္ကျီပါးနဲ့ လည်ဟိုက်အင်္ကျီကို ပြေးမြင်နေတာလား။ ဘယ်ခေတ်မှာ နေနေတာလဲ ...

မာယာဆိုတာ အမျိုးမျိုးရှိတယ်ဟဲ့။ နင် စာမဖတ်ဖူးဘူးလား။ ယောကျ်ားတစ်ယောက်ရှေ့မှာ ကလေးလေးတစ်ယောက်ကို နမ်းပြတာလည်း မာယာပဲ။ တချို့မာယာတွေက သိပ်သိမ်မွေ့လို့ ဘယ်လိုမှ မရိပ်မိနိုင်တာတွေရှိတယ်။ နင့်ရဲ့ကျောက်ရုပ်ကို ရုပ်ရှင်လိုက်ကြည့်ဖို့တောင်းဆို၊ လက်ပြတ်အင်္ကျီဝတ်ထားပြီး သူနဲ့တိုက်မိတာတို့ ဘာတို့ ဖြစ်အောင်လုပ်၊ ဒီကြားထဲမှာ ကြံရင်ကြံသလို သူ့ကို သည်းသည်းလှုပ် ဂရုစိုက်တယ်ဆိုတဲ့ အထာမျိုးပေးထားရမယ်။ အသေးအဖွဲကအစ ဂရုစိုက်ပြရမယ်။ ချွေးစို့နေရင် အလိုက်တသိနဲ့ တစ်သျှူးကမ်းပေးတာမျိုးတို့၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



သောက်မယ့်ပန်းကန်ကို ရေနွေးနဲ့ ဆေးပေးတာမျိုးတို့ စသဖြင့် အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီးလုပ်ပြတတ်ရတယ် ...

နောက်ပြီးတော့ ငါ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်။ သူနဲ့ပတ်သက်တဲ့ အမှတ်တရတွေကို ဂရုတစိုက် ထိန်းသိမ်းတာမျိုး။ ဥပမာ စားသောက်ဆိုင်မှာ သွားစားတဲ့ဘောက်ချာလေးကို သိမ်းထားတာမျိုးတို့ပေါ့။ ပြီးတော့မှ တစ်ခုခုတိုက်ဆိုင်ပြီး ပြန်ထုတ်ပြတာမျိုးတို့က တစ်ဖက်သားကို အကြီးအကျယ် ကြွေစေတယ်ဟ။ ရုပ်ရှင်လက်မှတ်လေးဆိုလည်း သိမ်းထားတာမျိုးတို့ပေါ့"

နွယ်နီ့မျက်နှာက အားရပါးရ ဝင်းပသွားကာ လက်ဖျောက်တစ်ချက်တီးသည်။

"ဟုတ်တယ်နော်၊ ဟား ... မမသီဂီက အရမ်းတော်တာပဲ။ မမမှာသာ ရည်းစားရှိရင်တော့လေ မမရည်းစားက မမအနားက ဘယ်မှသွားချင်မှာ မဟုတ်ဘူး"

"ဟား ဟား ... တို့က ဒီနည်းလမ်းတွေကို သုံးဦးမှကိုး"

"ဟင် ... မမက မသုံးဘူးလား"





"သုံးပါဘူး။ တို့အနေအထားက သုံးစရာမှ မလိုတာ"

"ဟင် ... ပိုချစ်အောင် မလုပ်ချင်ဘူးလား"

"ပိုချစ်အောင်လုပ်မှ ပိုစွဲမက်အောင်လုပ်မှ ချစ်လာမယ့် အချစ်မျိုးဆိုရင်တော့ တို့က မလိုချင်တော့ဘူး"

"အေးပေါ့လေ၊ မမက ပြောအားရှိတာကိုး။ ဘာဖြစ်ဖြစ် မမကိုတော့ နွယ်နီက ဆရာတင်နေရဦးမှာပဲ။ မမကြောင့် ခုလို အဆင်ပြေလာတာ။ မမက နွယ်နီ့ရဲ့ဆရာကြီးပါ"

အဲဒီစကားကိုတော့ သီဂီကျော်က နားဝင်အချိုဆုံးပဲ ဖြစ်တော့သည်။ နွယ်နီ ပြန်သွားလျှင် သီဂီရဲ့စကားတွေကို နားထဲမှာ ကနဲ့လန့်ဖြစ်နေပုံရသော အမေက ...

"သီဂီကျော် ... ညည်းလည်း သူများကိစ္စတွေပဲ ဆရာဝင်လုပ်မနေနဲ့၊ ကိုယ့်ကိစ္စကိုယ်လည်း ခေါင်းထဲထည့်ထားဦး။ မိုးကျော်လည်း အိမ်ဘက်လာတာတောင် မတွေ့တော့ဘူး။ ညည်းတို့ ရန်ဖြစ်ထားကြသေးလား"

"ဘာမှ မဖြစ်ဘူး။ တစ်နေ့ကတင် ဖုန်းပြောသေးတယ်။ သူ ဆိုင်တစ်ဆိုင် ထပ်ဖွင့်မလို့တဲ့။ သမီးလည်း Beauty Saloon တစ်ခုလောက်ဖွင့်ရင် ကောင်းမလား စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မိသီဂီ တော် ... တော် ... တော်၊ ညည်းမှာ ပါးစပ်ဘယ်နှပေါက်များ ရှိနေလို့လဲ။ တော်ရုံ ကောင်းတယ်။ ဒီလောက် လောဘတက်မနေနဲ့"

"အမေကလည်း အခုဟာက လက်လွှဲရောင်းသွားမှာ။ ဆိုင်မှာ နာမည်ရပြီး ဝင်ငွေကောင်းကောင်း ..."

အမေက ဆက်တောင် နားမထောင်တော့ချေ။ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် ထထွက်သွားလျှင် သီဂီကျော်သည် ထုံးစံအတိုင်း မဲ့ရွဲ့ကာ ကျန်ရစ်ခဲ့လေသည်။

✧ ❦ ✧





နာမည်ရပြီးသား အလှပြင်ဆိုင် တစ်ခုကို လက်လွှဲ ဝယ်ယူဖို့အတွက် သီဂီကျော်သည် အလုပ်တွေရှုပ်နေလေသည်။ ထိုအလှပြင်ဆိုင်ဟာ နဂိုတည်းက သူမ သွားနေကျဆိုင်မို့ ဝန်ထမ်းတွေနဲ့လည်း မစိမ်း။ ကိုယ်တိုင်လည်း အလှပြင်တာ ဝါသနာပါပြီး အားလုံးကို လေ့လာထားသူမို့ ကျွမ်းကျင်သည်ဟု ပြော၍ရတာကြောင့် သီဂီကျော်အနေဖြင့် **Beauty Saloon** ကို ကောင်းကောင်း အုပ်ချုပ်နိုင်မည်ဟု ယုံကြည်လေသည်။ ဆိုင်ရဲ့တစ်လတစ်လ တိုးလာမည့်ဝင်ငွေတွေကို စိတ်ကူးယဉ် မြင်ယောင်ကြည့်နေတုန်းမှာပဲ ဖုန်းဝင်လာသည်။ **Display** ပေါ်မှ နာမည်မြင်တာနှင့် ပခုံးတစ်ချက်တွန့်ကာ ဖွင့်ထူးလိုက်သည်။

"ပြော ... ကျော်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် ဆိုတာ မိုးကျော်ထွန်းရဲ့ အိမ်နာမည် ဖြစ်သည်။

"နင် ဘယ်မှာလဲ"

"အိမ်မှာပဲ"

"ငါ လာမလို့၊ ရလား"

"ရသားပဲ၊ အခုလား"

"အင်း ... ဒါဆို ခဏနေ ရောက်မယ်"

"အိုကေ"

သီဂီကျော်က အပြင်က ပြန်ရောက်ခါစမို့ အထွေအထူး ပြင်ဆင်စရာ မလိုဘဲ ညှော်နံ့ကပဲ ထိုင်စောင့်နေလိုက်သည်။ ဆယ့်ငါးမိနစ်လောက် ကြာသောအခါ မိုးကျော်ထွန်း ရောက်လာသည်။ သီဂီကျော်ရဲ့ပုံစံကို တစ်ချက် အကဲခတ်ကာ ...

"နင် အပြင်က ပြန်လာတာလား"

"ဟုတ်တယ်၊ ငါ အခု Beauty Saloon တစ်ခု ဝယ်မလို့"

"သြော် ... လုပ်ပေါ့။ နင် ငါ့ကို တစ်ခုခု မတိုက်တော့ဘူးလား"





"တိုက်ပါတယ်၊ ဘာသောက်ချင်တာလဲ"

"ကော်ဖီခါးခါးလေးပါ"

"အိုခေ ... ရမယ်၊ ဒေါ် ..."

ဒေါ်မြလို့တောင် ဆုံးအောင်မခေါ်ရသေးချေ။ ကျော်ကျော်က လက်ကာပြလျက် ...

"ငါက နင်ဖျော်တိုက်တာကို သောက်ချင်တာပါ"

"ဟက် ... ဒီနေ့ ဘာတွေထူးနေလို့လဲ။ လုပ်မနေစမ်းပါနဲ့ဟာ။ ခါတိုင်းလည်း ဒေါ်မြပဲ ဖျော်ပေးနေတာ။ ငါဖျော်တာလည်း ကောင်းမှမကောင်းတာ"

"ရတယ်၊ ကော်ဖီမစ်ပဲ ဖျော်ခဲ့"

သီဂီကျော်က ကျော်ကျော့်ကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်လိုက်သည်။ ကျော်ကျော့်ပုံစံက တစ်ခုခု ထူးခြားနေသည်ဟု ထင်မိလေသည်။

"နင် ဘာဖြစ်နေတာလဲ"

"နင့်ကို ငါ တစ်ခုမေးမယ် သီဂီ၊ နင်သာ ငါ့နေရာမှာဆိုရင် ကိုယ့်ကို ကော်ဖီတစ်ခွက်တောင် ဖျော်မတိုက်ချင်တဲ့ မိန်းမနဲ့ ကျွန်လိုပြုစုမယ့်မိန်းမ ဘယ်သူ့ကိုယူမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်မထုံထိုင်းသာ သိင်္ဂီသည် မေးခွန်းရဲ့ဆိုလိုရင်းကို ချက်ချင်းပဲ သဘောပေါက်လေသည်။

"ကော်ဖီ မတိုက်ချင်တဲ့ မိန်းမကလည်း ဖျော်မတိုက်နိုင်တဲ့ အကြောင်းရင်း ရှိသလို၊ ကျွန်လိုနေမယ့် မိန်းမကလည်း ကျွန်လိုနေရမယ့် အကြောင်းရင်းရှိမှာပဲ"

မိုးကျော်ထွန်းက လှပစွာပြုံးသည်။ ပြီးတော့ သိင်္ဂီကို တည့်တည့်စိုက်ကြည့်လျက် ...

"နင့်ကို ငါ အဲဒါတွေ သဘောကျတာပဲ။ ဒါပေမဲ့ မိန်းမဆိုတာ နှစ်ယောက်ယူလို့မရတာ ခက်တယ်"

"နင် ဘာကိုဆိုလိုတာလဲ"

"ငါလည်း မငယ်တော့ဘူး သိင်္ဂီ။ ယောကျ်ားဆိုတာ ကြီးလေ တွက်ချက်တတ်လေ။ အပြုစု အယုယ ခံချင်လေ်ဆိုတာ စာတွေသိပ်ဖတ်တဲ့ နင်လည်း သိမှာပဲ။ ဒီတော့ အတ္တကြီးတတ်တဲ့ ငါတို့သဘာဝကို နင် သဘောပေါက်မှာပါ။ ငါ့နောက်ကလိုက်မယ့် မိန်းကလေးတစ်ယောက်ကို လက်ထပ်တော့မယ် ...





နင်နဲ့ ရည်းစားသက်တမ်းကြာပြီး မယူဖြစ်ခဲ့တာတော့ တောင်းပန်မနေတော့ပါဘူး။ ငါက လိုချင်လျက်နဲ့ နင်မယူခဲ့တာလည်း လူတိုင်းသိနေတာပဲလေ။ နင် သိက္ခာမကျပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် နွယ်နီ့ကို ငါ့ဆီရောက်အောင် တွန်းပို့ပေးခဲ့တဲ့အတွက် နင့်ကို ငါက တစ်သက်လုံးကျေးဇူးတင်နေမှာပါ"

"နင် ဘာပြောလိုက်တာလဲ"

"ဟုတ်တယ်၊ နင် အကြံတွေပေး၊ ဆရာကြီးလုပ်နေတဲ့ နွယ်နီဟာ ငါ့ဆရာဟောင်းတစ်ယောက်ရဲ့ သမီးလေးပါ။ သူကလည်း ငါဟာ နင်နဲ့ပတ်သက်နေမှန်း မသိခဲ့ပါဘူး။ နောက်မှ သိသွားပေမယ့် အားလုံး လွန်သွားပြီ။ သူ့ကိုတော့ ယောကျ်ားတစ်ယောက်ကို ဘယ်လိုဆွဲဆောင်ရမယ်ဆိုတာ ညွှန်ပြနိုင်ခဲ့တဲ့ နင်က နင်ကိုယ်တိုင်တော့ အဲဒီအတိုင်း လိုက်မလုပ်နိုင်တာ ငါ အံ့ဩလို့ မဆုံးဘူး ...

နင်သာ နွယ်နီ့တစ်ဝက်လောက် ဂရုစိုက်နိုင်ရင် နင့်ကို ငါ့ခေါင်းပေါ်တောင် တင်ထားမိမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်ထွန်းရဲ့စကားအဆုံးတွင် သိဂီကျော်သည် မျက်ညေ်စုံ့သည်အထိ အူလှိုက်သည်းလှိုက်ကြီး ဟက်ဟက်ပက် ပက်ကြီးပဲ ရယ်မောမိလေသည်။ ယောကျ်ားတို့၏အတ္တများကား အံ့ဩစရာ ကောင်းလေစွ။ သိဂီ ရယ်နေတာကို သူ စိုက်ကြည့်နေ ပြီးတော့မှ ...

"နင် ငါ့ကို တစ်ခုခု ပြောပါလား သိဂီ"

"You are idea man, too"

"နင် မအံ့ဩဘူးလား"

"ငါ အသက်နှစ်ဆယ်လောက်ကဆို အံ့ဩမိမှာပေါ့။ အခု ငါ့အသက်(၃၃)လေ။ လူတွေဟာ အသက်ကြီးလာလေလေ အံ့ဩစရာကိစ္စတွေက နည်းလာလေလေဆိုတာ နင်လည်း သိလာမှာပါ။ ဒီလောကမှာ ထူးဆန်းတဲ့ကိစ္စဆိုတာ သိပ် မရှိပါဘူး"

"အိုကေလေ၊ မင်္ဂလာပွဲကိုသာ ဆက်ဆက်လာခဲ့ပေးပါ။ ငါ ပြန်တော့မယ်"

"ကောင်းပြီ ... တာ့တာ"





မိုးကျော်ထွန်း ပြန်သွားလျှင် သိဂီကျော်သည် ခဏ တော့ ငြိမ်သက်နေသေးသည်။ ပြီးတော့ တစ်ယောက်တည်းပဲ သဘောတွေကျကာ ပြုံးနေမိတော့သည်။ ဒီနေရာမှာသာ ရုပ်ရှင် ဆိုလျှင်တော့ "သူများနဲ့ညားတဲ့ ငါ့ရည်းစား"သီချင်းသည် ဇာတ် ဝင်တေး ဖြစ်လာလိမ့်ပေမည်။



www.burmeseclassic.com


www.burmeseclassic.com



မိုးကျော်ထွန်းနှင့် နှယ်နီမြင့်တို့၏ မင်္ဂလာဆောင်ကို သိင်္ဂီကျော်သည် အလှပဆုံး ပြင်ဆင်ကာ သွားခဲ့သည်။ နှယ်နီ့ကိုလည်း သေချာ နှုတ်ဆက်ခဲ့သေးသည်။ မင်္ဂလာဆောင်က ပြန်လာသော သိင်္ဂီကျော့်ကို အမေက မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ "ဆရာကြီး ပြန်လာပြီလား"ဟု ရွဲ့မေးသည်။ တကယ်တော့ သိင်္ဂီကျော့်ထက် ဆရာကျသူက နှယ်နီဖြစ်သည်။ သိင်္ဂီ့ကို ဆရာတင်ရမယ်ဆိုတာကို သိနေတာကို ဆရာကြီးအထာ ဖြစ်သောကြောင့် နှယ်နီသည် ဒီဇာတ်လမ်းတွင် ဆရာ့ဆရာကြီးပဲ ဖြစ်တော့သည်။

✧ ✧ ✧





www.burmeseclassic.com



"သုဇော် မိန်းမတစ်ယောက်နဲ့ ဖြစ်နေတယ်နော်"

ဒီလိုစကားမျိုးကို တစ်ယောက်စ၊ နှစ်ယောက်စ လာပြောသူတွေ ရှိတာတောင် မိုက ဒီကိစ္စကို နည်းနည်းမှ ဦးနှောက်မစားသေးချေ။ ဦးနှောက်မစားဆို သုဇော်ကို ယုံကြွန်းတာတော့ မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းတာကြောင့် ဖြစ်သည်။ မိုးမိုမိုဆိုသော မိုသည် ဘယ်ဘက်ကမှ ပြောစရာမရှိအောင် ပြည့်စုံခဲ့သူဖြစ်သည်။ နာမည်နှင့် လိုက်အောင်ကိုပင် မိုးကိုမိုအောင် မြင့်မားသောဘဝမျိုးကို ပိုင်ဆိုင်ခဲ့သူ ဖြစ်သည်။

ရုပ်ရည်အားဖြင့်လည်း မိန်းမချင်းပင် လည်ပြန်ငေးလောက်သည့် အလှမျိုးကို ပိုင်ဆိုင်ထားခဲ့သူဖြစ်သည်။ အရပ်မြင့်မြင့်နှင့် သွယ်ရှင်းသည့် ခန္ဓာကိုယ်ရှိသော မိုသည် အင်မတန်နှစ်သက်ရသော ပင်န်ဆယ်ဟီးလ်ဖိနပ် မြင့်မြင့်များကို စီးလေ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ကိုဖွင့်၍ ခပ်မတ်မတ် လမ်းလျှောက်သွားလျှင် ဘယ်သူမဆို နှစ်ခါပြန်မငေးဘဲ မနေချေ။

မြန်မာပြည်မှာ မော်ဒယ်လ်တွေ ကက်ဝေါ့လ်ခ် လျှောက်တာတွေ ခေတ်မစားခင်ကတည်းက မိုက ဆေးကျောင်းတွင် အဲဒီလို လမ်းလျှောက်ခဲ့သူဖြစ်သည်။ ဆေးကျောင်းသူတစ်ယောက်ရဲ့ ယေဘုယျအပြင်အဆင်မျိုးဖြင့် ခြားနားစွာ အမြဲသပ်ရပ်လှပ စမတ်ကျနေသော မိုသည် ဆေးကျောင်းကိုလည်း ရိုးလ်နံပါတ်တစ်ဖြင့် ဝင်လာခဲ့သူဖြစ်သည်။

အဲဒီအစဉ်အလာကို ဆေးကျောင်းရောက်တော့လည်း မပျက်စေရ။ လူကိုယ်တိုင်ကလည်း အမြဲတစေ လှပကြော့ရှင်းသလို စာမေးပွဲတိုင်းမှာလည်း ဂုဏ်ထူးတွေ ဝေဝေဆာဆာနဲ့ချည်းသာ ဖြစ်သည်။ ဒီလိုမိန်းကလေးတစ်ယောက်ရဲ့အနားမှာ မေတ္တာချချင်သူတွေ ဆိုတာလည်း တန်းစီနေတာ မဟုတ်တော့ဘဲ တိုးဝှေ့နေကြတာဖြစ်သည်။

အမြဲစူးရှတတ်သော မျက်လုံးများသည် ထက်မြက်လွန်းအားကြီးသောကြောင့် မိုသည် ဝိုင်းဝိုင်းလည်နေသော သူတွေကြားမှ သုဇော်ကို ရွေးချယ်ခဲ့သည်မှာ သူ့ရဲ့အေးဆေးနူးညံ့မှုကို





သဘောကျခဲ့၍ ဖြစ်သည်။ ကိုယ်တိုင် ထက်မြက်လွန်းအားကြီးသော မိုသည် လူအများ ထင်ထားသလို ကိုယ့်ထက်တော်သည့်၊ ထက်မြက်သည့်ယောကျ်ားကို မရွေးချယ်ခဲ့ခြင်းမှာ မိုရဲ့ဂုဏ်ဖဲတစ်ချပ်သာ ဖြစ်လေသည်။

သုဇော်သည် သူကိုယ်တိုင်ကလည်း ဆေးကျောင်းသားတစ်ဦးဖြစ်သည့်အတွက် နောင်တစ်ချိန် ဆရာဝန် မဖြစ်မှာ မပူရ။ မို့လို ထက်ထက်မြက်မြက် မဟုတ်ပေမယ့် တုံးတုံးအအတော့ မဟုတ်ချေ။ နူးညံ့သောအပြုံးတစ်ခုနှင့် အေးဆေးစွာနေတတ်သဖြင့် မို့အတွက် အဆိပ်အတောက် အကင်းဆုံးဖြစ်မည့် ယောကျ်ားတစ်ယောက်ဟု ယူဆကာ သူ့ကို မိုက ဘဝလက်တွဲဖော်အထိ ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

ကျောင်းပြီး၍ ဘွဲ့ရပြီးချိန်တွင် သူနှင့်မိုသည် နှစ်ဖက်မိဘတွေ၏သဘောတူညီချက်ဖြင့် လက်ထပ်ခဲ့ကြသည်။ သတို့သား၊ သတို့သမီးနှစ်ဦးစလုံး ဂုဏ်ရည်တူ၊ ပညာတူ၊ ချောမောလှပကျက်သရေရှိတာခြင်းလည်း တူသော မိုတို့ရဲ့လက်ထပ်ပွဲသည် အများငေးမောအားကျကြသည့် လက်ထပ်ပွဲကြီးတစ်ခုလည်း ဖြစ်ခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းမှာ ကြီးပြင်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော မီသည် ဆရာဝန်ဘွဲ့ကို ဂုဏ်တစ်ခုအနေနှင့်သာ ယူခဲ့ခြင်း ဖြစ်သောကြောင့် ကျောင်းပြီးသွားသောအခါ ဆရာဝန် မလုပ်ခဲ့ပါ။

မီက ကိန်းဂဏန်းတွေ၊ အစိမ်းတွေကြားမှာပဲ ပျော်မွေ့သူဖြစ်သည်။ သုဇော်ကတော့ ဒီလိုမဟုတ်။ သူက ဆရာဝန်ဘဝကိုမြတ်နိုးတန်ဖိုးထားသူဖြစ်သည်။ ဆေးကုတာကိုတောင် အနုပညာတစ်ရပ်ကို မွေ့လျော်သလို ခံစားပြီး ဆေးကုတတ်သူဖြစ်သည်။

မီသည် ကိုယ်တိုင်က ဆရာဝန်လုပ်ဖို့ ဝါသနာမပါသော်လည်း သုဇော်ကိုတော့ အင်မတန် ထူးချွန်ထက်မြက်သည့် ဆရာဝန်ကြီးတစ်ယောက် ဖြစ်စေချင်လေသည်။ ဒါကလည်း သူ့ကိုတိုးတက်မြင့်မားစေချင်သော စေတနာစိတ်တို့ထက် ကိုယ်တိုင်က ပရော်ဖက်ဆာကတော်ဟူသော ဂုဏ်ဒြပ်ကို လိုချင်၍သာ ဖြစ်လေသည်။ ဒါ့ကြောင့် အေးအေးဆေးဆေး နေတတ်သော သူ့ကို မီက အမြဲတိုက်တွန်းရလေ့ရှိသည်။

"သုဇော် ... ယူ ဒီလိုပဲ အေးအေးလုပ်မနေနဲ့လေ၊ ယူကေမှာ ကျောင်းသွားတက်ဖို့ စီစဉ်ပါတော့လား။ ဘွဲ့တွေအများကြီး ထပ်ယူဖို့ စဉ်းစားလေ။ ဒီလိုပဲ တစ်နေ့တစ်နေ့ ဆေးကုနေရုံနဲ့ ဘာတိုးတက်မှာတဲ့လဲ"





အဲဒီအခါမျိုးတိုင်း သူက နူးညံ့သော အပြုံးတစ်ခုနဲ့ မီ့ကိုပင် အေးအေးဆေးဆေး ပြန်နှစ်သိမ့်တတ်သေးသည်။

"လောဘတွေ မကြီးပါနဲ့လား မီရယ်။ ကိုယ်က စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးတဲ့သူပါ။ ဆေးရုံမှာတွေ့ရတဲ့ ဘဝအနိမ့်အမြင့် မတူကြတဲ့ လူနာတွေရဲ့ဘဝကို ကိုယ်က ပိုစိတ်ဝင်စားတယ်ကွ။ နေ့တိုင်း ဘဝသရုပ်ဖော်တွေ ဖတ်နေရသလိုပဲ။ အမောတကောနဲ့ စာတွေသင်၊ စာတွေကျက်ရတဲ့အလုပ်ကို စိတ်မပါသေးဘူး။ အေးအေးချမ်းချမ်းပဲ နေချင်သေးတယ်ကွာ။ မီ့ကိုကြည့်ရင်လည်း ပင်ပန်းနေတယ်"

အဲဒီအခါမျိုးတွင် မီသည် သူ့ကို စူးစူးရှရှစိုက်ကြည့်ကာ ...

"ရှင်က တကယ့်ကို ရည်မှန်းချက်နည်းတဲ့သူပဲ။ ရှင့်ကိုယူမိတာ မှားသွားပြီထင်တယ်"

ဟု ပြောမိတတ်သည်။ အဲဒီအခါမျိုးတွင်လည်း သူက မဖြုံပါ။ ပခုံးတစ်ချက်ကိုပင် တွန့်လိုက်သေးသည်။ တကယ်တော့ သူဟာ ပြန်မပြော နားမထောင်၊ လုပ်ချင်ရာလုပ်သည်ဟူ



www.burmeseclassic.com

www.burmeseclassic.com



သော့ ယောက်ျားမျိုးသာ ဖြစ်လေသည်။ အမှန်မှာလည်း မိုက သူ့ကို အေးဆေးငြိမ်သက်သောကြောင့် မိုပြောသမျှ ဖြစ်နိုင်မည့် ယောကျ်ားဟု ထင်ကာ လက်တွဲခဲ့ခြင်းဖြစ်သည်။

ကြာလာလေလေ သူနှင့် မိုသည် အယူအဆချင်း ကွဲပြားလေ၊ ဆိုတာကို နားလည်ခဲ့ရသည်။ သို့သော် မို ဆိုသော မိန်းမသည် လူတစ်ယောက်ကို ဘက်မညီပါက လှည့်ကြည့်တတ်သောသူ၊ ညိုကြည့်တတ်သောသူ မဟုတ်ချေ။ သူ စိတ်မပါသော ကိစ္စကို ဖွတ်မတိုက်တွန်း။ မိုက ကိုယ့်ဘဝကိုသာ အကောင်းဆုံး တည်ဆောက်ဖို့ ကြိုးစားခဲ့သူဖြစ်သည်။

ထို့ကြောင့် စီးပွားရေးလောကတွင် ဒေါက်တာမိုးမိုမို ဟူသော မို့ရဲ့အမည်သတင်းသည် အမြဲလိုပင် မွှေးပျံ့လျက်ရှိသည်။ စီးပွားရေးတွင် လာဘ်မြင်သူ၊ ဝံ့ကြွားသော အပြုံးတစ်ချက်နှင့် အမြဲစမတ်ကျတတ်သူ မိုသည် ကိုယ်လိုမိန်းမကို ရထားသော သူဇော်ကိုလည်း ကံကောင်းလှချည်ရဲ့လို့ တွေးပေးထားသောသူ လည်း ဖြစ်လေသည်။

အိမ်ထောင်သက် ငါးနှစ်ကျော်လာချိန်မှာ သူဇော် တစ်ယောက် မိန်းမတစ်ယောက်နဲ့ ဖြစ်နေတယ်ဟူသော သတင်း





ကို ကြားရချိန်တွင် မို မယုံနိုင်တာ အဆန်းမဟုတ်ချေ။ မို့လို မိန်းမမျိုးထက် ဘယ်မိန်းမကများ သာဦးမှာလဲဟူသော အတွေးဖြင့် အဲဒီအကြောင်းကို သူဇော်အား ယောင်လို့တောင် မမေးခဲ့ချေ။ တစ်နေ့ တစ်နေ့ မို့မှာ ကိုယ့်ကိစ္စနဲ့ကိုယ်တောင် အချိန်မလောက် နိုင်ပါ။

မို့ရဲ့တစ်နေ့တာ အစီအစဉ်များထဲတွင် သူဇော်ရဲ့ အချိန်တွေ သိပ်မပါပါ။ မို့အခန်းထဲက ဂိုက်ဘုတ်တွင် ဘယ်ဟိုတယ်၌ ဘယ်ပွဲရှိသည်၊ ဘယ်နနာရီမှာ ဘယ်သူနဲ့တွေ့ရမည်။ ဘယ်မှာ တော့ဖြင့် တစ်ကိုယ်လုံး ပေါင်းတင်ဖို့ ဘွတ်ကင်လုပ်ထားသည် သဖြင့် ဒါတွေသာ ပြည့်နှက်နေလေ့ရှိသည်။

သူဇော်နှင့် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံစားဖို့ ဆိုတာဝေး။ တစ်ခါတစ်ရံ တစ်နေ့လုံး စကားမပြောဖြစ်သော ရက်တွေကသာ များခဲ့သည်။ သို့သော်လည်း မိုသည် အဲဒါကိုလည်း ခေါင်းထဲမှာ သိပ်မထည့်ခဲ့ချေ။ မထည့်ဆို မိုက ကိုယ့်ကိုယ်ကိုယ် သိပ်ယုံကြည်လွန်းသော မိန်းမတစ်ယောက်ဖြစ်သည်။ ယောကျ်ား တစ်ယောက်က ကိုယ့်ကို စိတ်ကုန်စွန့်ပစ်ရာ ဘာအကြောင်းမှ မရှိဟု ခပ်တင်းတင်း ယုံကြည်ထားခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မို ယုံကြည်တာတွေဟာ တက်တက်စင်အောင် မှားခဲ့ကြောင်း အချိန်က သက်သေပြခဲ့လေသည်။ ပြသည်ဆိုရာမှာလည်း သုဇော်ကို ကောင်မလေးတစ်ယောက်နှင့် ပက်ပင်းတွေ့တာမျိုး၊ လူကိုယ်တိုင် မျက်စိနှင့် တပ်အပ်မြင်ရတာမျိုးမဟုတ်ချေ။

အဲဒီနေ့ကို မို ကောင်းကောင်းကြီး မှတ်မိသေးသည်။ ထိုနေ့က မိုသည် ရုံးမှစောစောပြန်ရောက်ကာ စိတ်လက်ကြည်လင်စွာဖြင့် ရေမိုးချိုးပြီးစအချိန်ဖြစ်သည်။ ဒရင်းဘက်ပေါ်မှာ ဖက်ရှင်စာအုပ်တစ်အုပ်နှင့် အနားယူနေသော မိုရဲ့အနားသို့ သုဇော်က လာရပ်ခဲ့ကာ ...

"အချိန်ရရင် မင်းနဲ့ စကားပြောချင်တယ် မို"

မိုသည် စာအုပ်ကို လက်ညှိုးနှင့်ညှပ်ကာ သူ့ကို အသာအယာ မော့ကြည့်မိသည်။ သူ့မျက်နှာက ဘာမှသိပ်မထူးခြားပါ။ သို့သော် နည်းနည်းတော့ တည်ငြိမ်သည့်ပုံ ရှိသည်ဟု ထင်သည်။

"အိုကေ ... ပြောလေ၊ ယူ ဒီနေ့ ဂျူတီမရှိဘူးလား"





"ရှိတယ် မို၊ ရှစ်နာရီမှ ဝင်ရမယ်။ ဆေးရုံမသွားခင် မင်းနဲ့ စကားပြောချင်လို့ပါ"

"ဩော် ... ပြောလေ။ ဘာများ ထူးထူးခြားခြား ပြောမလို့လဲ"

သူက မိုရဲ့ဘေးမှာရှိသော ဆိုဖာတွင် ဝင်ထိုင်သည်။ ပြီးလျှင် မိုရဲ့မျက်နှာကို သေချာစွာ စိုက်ကြည့်ပါသည်။ မိုသည် တစ်ပါးသူရဲ့အကြည့်တွေကို ဘယ်တော့မှ ရှောင်လွှဲရိုးထုံးစံမရှိသူပီပီ သူ့ကို တန်ပြန်စိုက်ကြည့်နေမိသည်။ အတန်ကြာမှ သူ့ဆီက စကားတစ်ခွန်း ထွက်လာသည်။

"ကိုယ်တို့ ကွာရှင်းကြရအောင် မို"

သူ့အသံသည် တောင်နံရံတွေဆီက လွင့်လာသော အသံလို မို့နားထဲတွင် ပဲ့တင်ရိုက်ခတ်သွားသည်။ သူ ဘာပြောလိုက်တာပါလိမ့်။ မိုသည် အဲဒီစကားကို နည်းနည်းမှ မျှော်လင့်မထားသောကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ သူ့ကိုသာ ခပ်စူးစူး စိုက်ကြည့်နေမိသည်။ သူက မို့ကိုကြည့်နေရာမှ မျက်နှာလွှဲသွားကာ စားပွဲခုံပေါ်သို့ အကြည့်ပို့ထားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ မင်း နားလည်မှာပါ မို၊ ကိုယ့်ကို ကွာရှင်းပေးပါ"

ဒီစကားကမှ အငိုက်မိနေသော မို့ရဲ့စိတ်ကို ပုတ်နှိုးပေးလိုက်သလို ဖြစ်သွားသည်။ မို့သည် စာအုပ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်ကာ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဘာကိစ္စ ကွာရှင်းပေးရမှာလဲ၊ ဘာအကြောင်းကြောင့် ကွာရှင်းရမှာလဲ။ ယူက မို့ကို ကွာရှင်းချင်တယ် ဟုတ်လား၊ ဟား ... ယူ စိတ်တော့ ကောင်းပါသေးတယ်နော်"

သူက မို့အပြောကို နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။ အဲဒီအပြုံးသည် မို့ကို ပါးရိုက်တာထက်တောင် ခံရခက်စေပါသည်။

"ကိုယ် စိတ်ကောင်းလို့ မင်းနဲ့ကွာရှင်းချင်တာပါ မို့။ အနှစ်သာရမရှိတဲ့ ဒီအိမ်ထောင်ရေးထဲမှာ ကိုယ့်ဘဝကို အဓိပ္ပာယ်မဲ့ မရှင်သန်ချင်တော့လို့ပါ"

"ရှင်းရှင်းပြောစမ်းပါ။ ယူ နောက်မိန်းမ ယူချင်နေလို့ မဟုတ်လား။ ပြောစမ်းပါဦး၊ အဲဒီမိန်းမက ကျွန်မထက် ဘယ်နေရာကများ သာနေလို့လဲ၊ ပြောပါဦး ... ပြောစမ်းပါဦး"





မို့သည် အခုမှပဲ ဖျပ်ဖျပ်လူးတော့တာဖြစ်သည်။ ဖျပ်ဖျပ်လူးရသည်မှာ သူ့ကိုချစ်လွန်း၍တော့ မဟုတ်ချေ။ မို့ကို ရ၍ ကံကောင်းလွန်းလှသည်ဟု မို့က ထင်ထားခဲ့သော ယောကျ်ားတစ်ယောက်ထံမှ ကွာရှင်းခွင့်ကို အတောင်းခံရသဖြင့် ဇော်ကားလိုက်လေခြင်းဟု ဆတ်ဆတ်ခါနာတာဖြစ်သည်။

မို့ရဲ့အတ္တတွေသည် ဆူးတွေလိုပဲ မို့ကိုပြန်၍ ထိုးစိုက်နေလေသည်။ သူက ဝန်ခံသည့်သဘောဖြင့် ခေါင်းကို တစ်ချက်ညိတ်ကာ ...

"ဟုတ်တယ် မို့၊ ကိုယ် နောက်အိမ်ထောင် ထပ်ပြုချင်လို့ပါ။ ဒါကြောင့် မင်းကိုလည်း လေးစားသောအားဖြင့် ကိုယ် လေးလေးနက်နက် ကွာရှင်းခွင့် တောင်းခံတာပါ"

လေးလေးနက်နက် ကွာရှင်းခွင့် တောင်းခံတာတဲ့။ ဘယ် ... ဇော်ကားလိုက်လေ။ မို့သည် အံကိုတင်းတင်းကြိတ်ကာ ...

"ရှင်ယူမယ့် မိန်းမက ကျွန်မထက် ဘယ်နေရာကများ သာနေလို့လဲ၊ ပြောစမ်းပါဦး"

အဆုံးသတ် အော်ထည့်လိုက်သော မို့အသံသည် အခန်းထဲတွင် ဟိန်းထွက်သွားသည်။ သူက မာနကို အစော်ကား

www.burmeseclassic.com

www.burmeseclassic.com



ခံရ၍ ဆတ်ဆတ်ခါ ဖြစ်နေသော မို့ကို မသက်မသာကြည့်ကာ ခေါင်းတစ်ချက် ယမ်းသည်။

"သူက မင်းထက် ဘယ်နေရာကမှ မသာပါဘူး မို။ ရုပ်ရည်၊ ပညာအရည်အချင်း၊ ထူးချွန်ထက်မြက်မှု အစစအရာရာ မင်းထက်နိမ့်ပါးတဲ့သူပါ။ အမေမုဆိုးမကြီးကို လုပ်ကျွေးနေရတဲ့ နာ့စ်လေးတစ်ယောက်ပါ"

အဲဒီအပြောကြောင့် မို့ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားလေသည်။ မိုသည် အံ့သြလွန်းသဖြင့် သူ့ကို ရုတ်တရက်ဘာစကားမှ မပြောနိုင်ချေ။ ဒီယောကျ်ားဟာ မို့ကိုထင်မထားတဲ့ထောင့်တွေကနေပဲ ချုံခိုတိုက်ခိုက်နေတော့တာပါပဲလား။

"ဘာ ... နာ့စ်မ ... ဟုတ်လား၊ ရှင်က ကျွန်မကို ကွာရှင်းခွင့်တောင်းခံပြီး သူ့ကို ယူမယ်၊ ရှင် ရူးနေလား၊ ရှင်ရူးသွားပြီလား သုဇော်"

"ကိုယ် မရူးပါဘူး မို၊ စဉ်းစားဆင်ခြင်နိုင်တဲ့ ဦးနှောက်ရှိလို့ပဲ မင်းကို ကွာရှင်းခွင့် တောင်းခဲ့တာပေါ့။ ကိုယ်တို့နှစ်ယောက်ရဲ့ အေးစက်ချောက်ချားနေတဲ့ အိမ်ထောင်ရေးကို ဒီလောက်နဲ့ပဲ အဆုံးသတ်ကြရအောင်ပါ။ မင်းနဲ့ကိုယ်





ဟာ ခံယူချက်ချင်း မတူကြတဲ့နောက်မှာတော့ ဆက်ပြီးလက်တွဲနေလည်း အပိုပဲလေ။ အနှစ်သာရမရှိတဲ့ အိမ်ထောင်ရေးထဲမှာ ကိုယ် ဆက်ပြီးမရှင်သန်နိုင်တော့ဘူး မို၊ ကိုယ့်ကို နားလည်ပေးပါ"

မိုသည် အဲဒီစကားကို ဟားတိုက်ရယ်မောမိလေသည်။ သူက မို့ကို ရူးများသွားပြီလားဟူသော အကြည့်မျိုးဖြင့် ငိုက်ကြည့်နေသည်။

မိုသည် အရယ်ကို ရပ်လိုက်ပြီးနောက် မေးစင်းသောမျက်လုံးများဖြင့် စိုက်ကြည့်ကာ ...

"ရှင့်ကို လုံးဝကွာရှင်းမပေးနိုင်ဘူး သုဇော်"

အဲဒီစကားကြောင့် သူက အံ့သြသွားဟန်ဖြင့် မို့ကိုမော့်ကြည့်သည်။ အဲဒီစကားကို သူက မျှော်လင့်ထားပုံ မရပါ။ သူ ကွာရှင်းခွင့် တောင်းခံလိုက်လျှင် မိုက ဆတ်ဆတ်ခါအောင်နာကာ ချက်ချင်း ကွာရှင်းပေးလိုက်မှာပဲဟု မျှော်လင့်ထားပုံရလေသည်။ မိုသည် သူ့ကို နာကျင်စွာဖြင့် စိုက်ကြည့်ကာ ...

"ရှင်က ကျွန်မရဲ့မာနနဲ့ သိက္ခာကို စော်ကားတယ်။ ပြီးတော့ အိမ်ထောင်ရေး ဖောက်ပြန်တဲ့ယောကျ်ား။ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအောင် ကျွန်မက ကွာပေးရမတဲ့လား။ လုံးဝကွာရှင်းမပေးဘူး သုဇော်။ အဲဒါကို မြဲမြဲမှတ်ထား"

မီရဲ့စကားသံအဆုံးတွင် သူ့မျက်နှာသည် ကျောက်သားပြင်တစ်ခုလိုပဲ အေးစက်မာကျောသွားသည်။





မီနဲ့ သုဇော်တို့ရဲ့ အိမ်ထောင်ရေးသည် အဲဒီနောက်ပိုင်းမှ စတင်ကာ ပိုအေးစက်စိမ်းကားသွားခဲ့သည်။ တစ်ယောက်တစ်ခန်းစီ ခွဲနေကြကာ အကြောင်းကိစ္စရှိမှ စကားပြောသည်။ သူ ပြောခဲ့သော စကားတစ်ခွန်းသည် မီ့ကို အကြီးအကျယ် စော်ကားသည်ဟု ယူဆသဖြင့် မီက သူ့ကို ညှဉ်းဆဲနှိပ်စက်ဖို့ ဆုံးဖြတ်ထားလေသည်။ လူတကာ အားကျငေးမောရသော မီ့လို မိန်းမတစ်ယောက်ကို ကွာရှင်းခွင့် တောင်းခံကာ ဘာမှမက်မောစရာမရှိသည့် နာ့စ်တစ်ယောက်ကို သူက လက်ထပ်မည်ဟူသော အဖြစ်အပျက်သည် မီ့အသိုင်းအဝန်းတစ်ခုလုံး သိသွားပါက မီ ဘယ်လောက်များ အရှက်ကွဲလိုက်လေမည်နည်း။

တွေးကြည့်ရုံနှင့်ပင် မီ့ဦးနှောက်ထဲက သွေးကြောတွေ တဆစ်ဆစ်ဖြစ်လာကာ ပေါက်ထွက်သွားမလားတောင် ထင်ရလ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီအကြောင်းကို မိဘတွေ မသိအောင် ဖုံးထားရတာကလည်း မို့အတွက် ကြီးစွာသော စိတ်ဆင်းရဲမှုတစ်ခုပင်။ ဘက်ပေါင်းစုံက ဖိစီးနှိပ်စက်နေသော ဒီပရက်ရှင်တွေ ဝင်နေပြီဆိုတာကိုလည်း သူက သိသည်။

"ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးချင်ရတာလဲ မို့။ မင်း ကိုယ့်ကိုလည်း မမက်မောဘူး၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ငဲ့စရာသားသမီးလည်း မရှိဘူး၊ ဒါနဲ့များ ဒီလိုဆိုးဝါးတဲ့ အဖြစ်ကြီးကို ဘာကြောင့် လက်ခံထားချင်ရတာလဲ"

"ရှင်းရှင်းလေးပဲ သူဇော်။ ရှင့်ကို စိတ်မချမ်းသာစေချင်လို့ပေါ့။ ရှင့်ဟာမက ကျွန်မက ကွာပေးမှ ရှင့်ကိုယူမှာ မဟုတ်လား။ ရှင့်ကို သိပ်ချစ်လွန်းလို့ ကွာမပေးတာလို့တော့ မထင်လိုက်နဲ့"

"မင်းကို ငါ အဲဒီလောက် အတ္တကြီးလိမ့်မယ်လို့ မထင်ခဲ့ဘူး မို့"

"ရှင့်ကိုလည်း အဲဒီလောက် ညံ့လိမ့်မယ်လို့ မထင်ခဲ့ဘူး သူဇော်"





အဲဒီအခါမျိုးတွင် သူက လှို့ဝှက်စွာ ပြုံးပါသည်။ ပြီးတော့ မို့ကိုပင် သနားသလို ကြည့်လိုက်သေးကာ ...

"ဒီမှာ မို့၊ လူ့ဘဝမှာ ဘာအရေးကြီးလဲ သိလား။ စိတ်ချမ်းသာဖို့က အရေးကြီးဆုံးပဲ။ မင်းဟာ အောင်မြင်နေတဲ့ မိန်းမတစ်ယောက်ပါ။ ဒါပေမဲ့ မင်း စိတ်ချမ်းသာရလား။ အောင်မြင်မှုနဲ့ စိတ်ချမ်းသာမှုတို့ဟာ ထပ်တူကျတဲ့ ခံစားချက်မျိုး မဟုတ်ဘူး မို့။ ဒီအိမ်မှာ တစ်ယောက်တည်း စားရတဲ့ ဟီးထနေတဲ့ ထမင်းဝိုင်းကြီးထက် မှုံနဲ့မျက်နှာချင်းဆိုင် စားရတဲ့ ခရမ်းသီးနှပ်က အများကြီး စိတ်ချမ်းသာဖို့ ကောင်းတယ်။ မြူးတီးဆလွန်းမှာ ဂျစ်ကိုယ်လုံးပေါင်းတင်ပြီး အနှိပ်ခံတာထက် မှုံ ကိုယ်တိုင် လက်သည်း ခြေသည်း ညှပ်ပေးတာကို ခံရတဲ့အဖြစ်က ဘာနဲ့မှ မလဲနိုင်တဲ့ ကြည်နူးမှုကို ပေးစွမ်းနိုင်တယ်။ ကိုယ်က ခေတ်နောက်ပြန်ဆွဲနေတဲ့ ယောက်ျားမျိုး မဟုတ်ပါဘူး။ ဘုရင်မကိုလည်း မလိုချင်သလို မိဖုရားကိုလည်း တောင့်တတဲ့သူမျိုး မဟုတ်ဘူး။ ဘဝရဲ့လက်တွဲဖော်ကိုပဲ လိုချင်တာပါ မို့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ကြင်နာပေးနိုင်တဲ့၊ နားလည်မှု ရှိတဲ့ လက်တွဲဖော်ကို လိုချင်တာပါ ...

မင်ကို ကွာရှင်းခွင့်တောင်းတာ စော်ကားတာလည်း မဟုတ်ဘူး၊ ချိုးတာလည်း မဟုတ်ဘူး။ မင်းဟာ ကိုယ့် အတွက် ပါရမီဖြည့်မယ့်သူမျိုး မဟုတ်တာပဲ မို ... ဆောရီးပါ"

သူ ဘယ်လိုပြောပြော မိုကတော့ နားမဝင်ချေ။ နားမဝင်တာတော့ မဟုတ်။ သူ့အတွက်ရော၊ ကိုယ့်အတွက်ရော မကောင်းမှန်း သိသိကြီးနဲ့ကို မိုက ခေါင်းမာနေခဲ့တာဖြစ်သည်။ တကယ်လည်း သူ ပြောသလို သူ့ရဲ့နှာစ်မလေးဟာ မိုနှင့် ဘယ် နေရာမှ ယှဉ်၍မရပါ။ နာမည်နှင့်လိုက်အောင် မှုံနေအောင်လည်း မချောချေ။ အေးဆေးနူးညံ့သောပုံလေးပဲရှိကာ ယောကျ်ားတစ် ယောက်ကိုတော့ ကောင်းကောင်းကြီး ပြုစုတတ်မည့်ပုံပေါ်သည်။

သုဇော်က ဒါတွေကို သာယာတတ်သည့် ယောကျ်ား မျိုးလား။ သူ့အတွက် သွားလေရာမှာ မျက်နှာပန်းပွင့်သည့် မိန်း မမျိုးကိုတော့ သူက ပါရမီဖြည့်ဘက်ဟု မသတ်မှတ်ချေ။ အဲဒီ အဖြစ်ကို မိုက ရင်အနာဆုံးပဲဖြစ်သည်။





မို့ပတ်ဝန်းကျင်မှာ ဒီလောက်ချောပြီး ဒီလောက်တော် နေတဲ့ မိန်းမတစ်ယောက်ရဲ့ယောကျ်ားက အဲဒီမိန်းမကို စွန့်ခွာ ကာ အဲဒီမိန်းမနှင့် ဘာမှနှိုင်းယှဉ်စရာမရှိသော မိန်းကလေးတစ် ယောက်ကို လက်တွဲသွားလျှင် လူတွေက မို့ကို ဘယ်လိုထင်ကြ မည်လဲ။ အဲဒီလို တွေးမိတိုင်း မိုသည် ရှုံးသွားလောက်အောင်ပင် ဆိတ်လန့်ချောက်ချားခဲ့ရလေသည်။

သုဇော်ကို ကွာရှင်းပေးလိုက်လျှင် မို့ကိုယ်မို ရှုံးသွား မည်ဟု ထင်သည်။ မိုသည် သူများကိုသာ သနားသောမျက်လုံး များဖြင့် ကြည့်ချင်ကြည့်မည်။ ကိုယ့်ကို အဲဒီလို လာကြည့်တာမျိုး တော့ မခံနိုင်ချေ။

ဒီလိုနှင့် မိုတို့ရဲ့အိမ်ထောင်ရေးသည် အနှစ်သာရမဲ့ စွာဖြင့် လိမ်ဖယ်ဖယ် ရှေ့ဆက်ခဲ့လေသည်။ အချိန်ကာလအားဖြင့် တစ်နှစ်နီးပါးခန့် ကြာသွားသည်။ သူနှင့် ဟိုမိန်းကလေးမှာ ဘယ်လိုဆက်စခန်းသွားသလဲတော့ မပြောတတ်ချေ။ သို့သော် ဘယ်အရာကိုမှ ကြာကြာဖုံးထားလို့ မရစွာဖြင့် မိုတို့ရဲ့အဆင်မ ပြေသော အိမ်ထောင်ရေးသတင်းသည် ပတ်ဝန်းကျင်မှာတော့ သတိထားမိကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုဇော်က ဘယ်သူနဲ့ဟဲ့ဟူသော တိုးတိုးတိတ်တိတ် လက်တို့ပြောသံများသည် မီထွက်သွားလျှင် မီ့နောက်မှာ ပြောကျန်ခဲ့ကြသည်။ မီသည် လူအများရှေ့မှာ ပင်န်ဆယ်လ်ဟီးကို စတိုင်လ်ကျကျစီးကာ ဘာမှမဖြစ်သလို ရင်ကော့လျှောက်သွားတတ်သော်လည်း ဘယ်သူမှမမြင်သော လူကွယ်ရာမှာတော့ တိတ်တဆိတ် မျက်ရည်ကျရပြီဖြစ်သည်။

ယောက်ျားတစ်ယောက် စိတ်ကုန်ပြီး စွန့်ပစ်သွားအောင် မီက ဘယ်နေရာများ ချို့ယွင်းနေခဲ့တာပါလိမ့်။ ပြီးတော့ မီနှင့် သုဇော်ဟာ လူကြီးချင်း ပေးစားထားတဲ့သူတွေလည်း မဟုတ်ကြ။ မီသည် သူကိုယ်တိုင် ပရိုပို့စ်လုပ်ပြီး အချိန်ကြာ ပိုးပန်းခဲ့သော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဘယ်ဘက်ကမှ ပြောစရာမရှိသော မိန်းကလေးတစ်ယောက်ကို သူက ဘာကြောင့်ကွာရှင်းချင်ရတာလဲ။ မီတောင် သူ့ကို မကွာရှင်းချင်ခဲ့ပါ။

ယောက်ျားတို့ရဲ့ အချစ်စိတ်ဆိုတာ ကုန်ဆုံးရက်ပါသော စားသောက်ကုန် တစ်ခုလိုပဲ သက်တမ်းကုန်သွားတာနဲ့ အသုံးမဝင် လွှင့်ပစ်လိုက်ရတော့မှာတဲ့လား။ အိမ်ထောင်ရေးဆိုတာ မီ ထင်တာထက်တောင် လျှို့ဝှက်နက်နဲခဲ့သည်။ ကြာလာ





သောအခါ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းတောင် မဆိုင်ချင်ကြတော့ချေ။ ဒါပေမဲ့ မီသည် သူ့ကို တစ်သက်လုံး ကွာရှင်းမပေးဘူးဟူသော အတွေးကိုတော့ ရူးမိုက်စွာ ဖက်တွယ်ထားဆဲဖြစ်သည်။

တစ်နေ့မှာတော့ သူက မီ့ကို ထူးဆန်းစွာဖြင့် ဖိတ်စာတစ်စောင်ကမ်းပေးကာ ...

“ကိုယ်တို့ရဲ့ ဆိမ်းဘက်ချ် သီဟက ဖိတ်တဲ့ ကုမ္ပဏီနှစ်ပတ်လည် ဒင်နာပဲ မီ။ မင်းနဲ့ ကိုယ့်ကို အတူတက်ခဲ့ဖို့ သေချာဖိတ်လိုက်တာ။ မင်း သွားချင်တဲ့ဆန္ဒ ရှိလား။ ကိုယ်ကတော့ သွားရလိမ့်မယ်”

မီသည် ဖိတ်စာပေါ်က ဒေါက်တာသုဇော်နှင့် ဒေါက်တာမိုးမီမီ ဟူသော စာလုံးများကို နာကြည်းစွာ စိုက်ကြည့်မိသည်။

မီတို့နှစ်ယောက်ရဲ့တွဲစပ်မှုဟာ ဖိတ်စာပေါ်က နာမည်မှာပဲ ရှိတော့တာပါလား။

“ကျွန်မ လိုက်မယ်”

“အိုကေ ... ညနေ ခြောက်နာရီခွဲ အသင့်ဖြစ်နေပါစေ”



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီထက် ပိုမပြောတော့ချေ။ မီသည် အဲဒီဒင်နာမှာ အလှဆုံး ပြင်ဆင်သွားဖို့အတွက် ဆံထုံးကိုတောင် ဗြူတီပါလာမှတစ်ယောက်အား ခေါ်၍ ထုံးဖွဲ့ခိုင်းလေသည်။ အနက်ရောင် ဇာဂါဝန်ရှည်လက်ပြတ်ဖြင့် လက်ဝတ်ရတနာများ ဝတ်ဆင်နေရတာကို သူက ခုံတစ်ခုံမှာ ထိုင်စောင့်နေရင်းမှ တစ်ချက် တစ်ချက် လှမ်းကြည့်သည်။ ခြောက်နာရီခွဲဖို့က သိပ်မလိုတော့ချေ။

မီသည် ရတနာဝတ်ဆင်ပြီးသောအခါ အပြီးသတ်အနေဖြင့် ဖိနပ်စီးဖို့ပြင်သည်။ ဒီဖိနပ်က တစ်နေ့ကမှ အမေရိကားက လက်ဆောင်ပို့ပေးလိုက်သော ဖိနပ်ဖြစ်ကာ မီ့အကြိုက် တော်တော်လှသော ပင်နံဆယ်ဟီးလ်လေးဖြစ်သည်။ ကျောက်တွေစီထားကာ တဖျပ်ဖျပ်လက်နေသော ဖိနပ်မှာ မီနှင့် နည်းနည်းငယ်နေသော်လည်း ကြိုက်လွန်းသောကြောင့် အောင့်အီးပြီးစီးရန်ဆုံးဖြတ်ထားခဲ့သည်။

မီက ဖိနပ်ကို ခြေထောက်မှာ စတင်စွပ်လိုက်သည်။ တော်တော်နှင့် စွပ်မရချေ။ ဖိနပ်သည် လှပသလောက် ခြေထောက်နှင့်စာလျှင် တော်တော်ကျပ်နေသော အနေအထားမှာ ရှိလေသည်။





"မင်းဖိနပ်က သိပ်ကျပ်မနေဘူးလား မီ"

ဖိနပ်မတော်တာကို ဇွတ်ထိုးသည့်နေသော မီ့ကို အပြင်မတော်ဟန်ဖြင့် သူက ပြောသည်။ မီသည် သူ့ကိုမော့မကြည့်ဘဲ ...

"စီးလို့တော့ရမှာပါ၊ နည်းနည်းတော့ ကျပ်တယ်၊ ကျွန်မ သိပ်ကြိုက်လို့လေ"

မီက ဖိနပ်ကို ဇွတ်သွင်းပြီး စီးပြီးသောအခါ ထိုင်ရာမှ မတ်တတ်ထရပ်ကြည့်လိုက်သည်။ ပင်နံဆယ်လ်ဟီးလ်သည် ခြေထောက်နှင့်ကျပ်ကာ မြင့်လည်း မြင့်လွန်းသောကြောင့် နာကျင်လျက် ယိုင်လဲတော့မလို ဖြစ်သွားသည်။

"ဖိနပ်ကလှပေမယ့် မင်းနဲ့ အဆင်မပြေပါဘူး မီ၊ တခြား ဖိနပ် ပြောင်းစီးလိုက်ပါလား။ အများအမြင်မှာ တင့်တယ်ပေမယ့် တကယ်တမ်းကျတော့ ဒီဖိနပ်ကိုစီးထားတဲ့တစ်ချိန်လုံး မင်းပဲ စိတ်ဆင်းရဲနေရမှာ၊ ဘာဖြစ်လို့ ကိုယ့်ဒုက္ခကိုယ်ရှာနေမှာလဲ။ အမြင်မှာ လှပေမယ့် ကိုယ်နဲ့အဆင်မပြေရင် ဘာမှအသုံးမဝင်ဘူးလေ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မြင့်မြင့်ကြောင့် တစ်ချက်ယိုင်သွားသော မီသည် ကြိမ်ခုံပုလေးမှာ ဝင်ထိုင်ရင်း သူ့ကို တစ်ချက်မော့ကြည့်မိသည်။ သူနဲ့ မီကြားတွင် ဒီလိုရင်းနှီးမှုဆန်သော စကားမျိုးကို မပြောဖြစ်ခဲ့တာ ကြာပြီဖြစ်သည်။

မီသည် သူပြောသော စကားတို့ကို နားထဲမှာပြန်ကြားမိလျက် မျက်လုံးက ပင်န်ဆယ်ဟီးလ် စီးထားသော ကိုယ့်ခြေထောက်တွေကိုယ် ငေးကြည့်နေမိသည်။ ဖေဒါရောင်ဆိုးထားသော မီရဲ့ခြေချောင်းလေးများ ဖြူဖွေးသော ခြေဖမိုးနှင့် လိုက်ဖက်တင့်တယ်စွာ အနက်ရောင်ပင်န်ဆယ်ဟီးလ်ကြောင့် လှပကြွရွနေသည်။

လှပလွန်းအားကြီးတာကို ဘယ်သူမှ မငြင်းနိုင်။ သို့သော် မီ့ကို နာကျင်စေသည်။ လှပသည်။ သို့သော် နာကျင်သည်။ အဲဒီအကြောင်းအရာသည် သာမန်တွေးကြည့်လျှင်တော့ ရိုးရိုးလေးပဲ ဖြစ်ပေမယ့် နောက်ဆက်တွဲအဓိပ္ပာယ်တွေက နက်ရှိုင်းသည်ဟု ထင်လေသည်။ မီသည် သူ့ကိုနွမ်းလျသော မျက်လုံးများဖြင့် မော့ကြည့်ကာ ...





"ကျွန်မ ဒီပင်န်ဆယ်ဟီးလ်နဲ့ လိုက်သလား သုဇော်"

"အရမ်းလိုက်ဖက်တယ်။ ဒါပေမဲ့ မင်းနဲ့အဆင်မပြေဘူး မဟုတ်လား။ အများအမြင်မှာ လှပစေဖို့အတွက် မင်းကတော့ ကသိကအောက်ဝေဒနာကို ဒီဖိနပ်စီးထားတဲ့ တစ်ချိန်လုံး ခံစားနေရမှာပဲ"

"ကျွန်မ ခံစားကြည့်လိုက်ဦးမယ်"

BURMESE CLASSIC .com

မီ့ရဲ့အပြောကို သူက နားမလည်သလို မျက်မှောင်တစ်ချက် ကြုတ်ကြည့်သည်။ ဘာမှတော့ ဆက်မပြောတော့ချေ။ မီသည် အဲဒီဖိနပ်ကို မချွတ်ဘဲ ဒင်နာသို့ ဒီအတိုင်းသွားခဲ့သည်။ ဒင်နာတွင် မီတို့ကို လိုက်ဖက်ညီသော စုံတွဲအဖြစ် အများက ချီးကျူးပြောဆိုကြသော်လည်း တကယ်တမ်းမှာ အဲဒီလိုက်ဖက်ညီမှုသည် အပေါ်ယံအလှအပသာ ဖြစ်ကြောင်း မီ သိမြင်ခဲ့ရပြီဖြစ်သည်။

မီစီးထားသော ပင်န်ဆယ်ဟီးလ်လိုပင် အမြင်မှာလှသလောက် ခြေထောက်တွေ သွေးမလျှောက်တော့အောင် နာကျင်နိစပ်လို့လာသည်။ ဒီဖိနပ်ကို စီးထားတဲ့ တစ်ချိန်လုံး အဲဒီဒုက္ခကို မီ ခံစားနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာမှာ ကြာလေလေ ပိုဆိုးလေသာ ဖြစ်သည်။ အဲဒီအချိန်တွင် မီ့ရဲ့အသိဉာဏ်ထဲ၌ အရာတစ်ခုမှာ လင်းခနဲ ပွင့်လို့သွားခဲ့သည်။ အမှန်တရားတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသလိုပင်။

တကယ်တော့ သုဇော်ကို ကွာရှင်းမပေးသော ဖြစ်ရပ်သည် ယခု မီ ဒီဖိနပ်ကို စီးထားသော ခံစားမှုနှင့် တူညီပါသည်။ အများအမြင်မှာ တင့်တယ်နေပေမယ့် ကိုယ့်ကို ဘယ်လောက်ဒုက္ခပေးနေသည်ဆိုတာ ကိုယ်တိုင်ပဲသိသည်။

ဒီဖိနပ်ကို စီးထားသမျှကာလပတ်လုံး နာကျင်သွေးမလျှောက်ခြင်းဒဏ်က မီ့ကို နှိပ်စက်နေသလို သုဇော်ကို ကွာရှင်းမပေးသမျှ ကာလပတ်လုံး မီကိုယ်တိုင်လည်း နာကျင်နေသည့်ဒဏ်က လွတ်မြောက်မှာ မဟုတ်တော့။ မီသည် လွတ်မြောက်သူဖြစ်ချင်လာသည်။ အဲဒီအတွက် မီ့ရဲ့အတ္တများကို လွှတ်ချရမည်။ ရှိစေတော့ ... မီ့ရဲ့လွတ်မြောက်မှုအတွက် မီ ကျေနပ်ပါသည်။

အိမ်ပြန်ရောက်သောအခါ မီသည် တစ်ချိန်လုံးဒုက္ခပေးခဲ့သော ပင်နီဆယ်ဟီးလ်ကို ခြေထောက်မှ ချွတ်ချလိုက်သည်။ အဲဒီတစ်ပြိုင်နက်မှာ မီ ခံစားလိုက်ရတာက နာကျင်မှုတွေ အဝေးသို့ ပြေးထွက်သွားခြင်းပဲဖြစ်သည်။ မီသည် တစ်စုံတစ်ရာကို ကောင်းကောင်းကြီး သဘောပေါက်စွာဖြင့် အရိုးသားဆုံးပြုံးလိုက်ကာ သုဇော်ကို လှမ်းခေါ်လိုက်လေသည်။ သူက လှည့်ကြည့်လာလျှင် သူ့ကို ပြုံးပြကာ ...

"ကျွန်မတို့ ကွာရှင်းကြရအောင်"

"ဘယ်လို"

သူက အံ့ဩနေဟန်ဖြင့် နားမလည်သလို ထပ်မေးသည်။ မီသည် တည်ငြိမ်သော မျက်နှာဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်၊ ကျွန်မတို့ ကွာရှင်းကြပါစို့ သုဇော်"

သူ့မျက်လုံးတွင် အရောင်တစ်မျိုး လက်ဖြာသွားသည်။ သူ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းသွားသည်ဟု ထင်သည်။ သူ့မျက်လုံးတွေထဲတွင် မင်း အခုတော့ သဘောပေါက်သွားပြီပေါ့ဟူသော စကားတွေ ပြောနေတာကို မီက ရိပ်မိစွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။








www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် နားလည်ပေးဖို့ မကြိုးစားခဲ့ကြသော မိုတို့နှစ်ယောက်သည် ကွာရှင်းကြတော့မှပင် နားလည်သွားကြခြင်းကတော့ ကံကြမ္မာရဲ့ကျီစယ်မှုတစ်ခုပဲ ဖြစ်ပါလိမ့်မည်။ မိုသည် အလင်းပွင့်စေခဲ့သော ဖိနပ်လေးကို ထာဝရ သိမ်းဆည်းထားမိတော့မှာ ဖြစ်လေသည်။






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်သည် နားထင်မှစီးကျလာသော ချွေးစီးကြောင်းကြီးများကို လက်ခုံနှင့်ပွတ်သုတ်ကာ စက်ဘီးကို အသာအယာ တွန်းလာခဲ့သည်။ ရှေ့မှာတော့ တမာပင်အရိပ်တစ်ခုကို လှမ်းမြင်နေရပြီ။ အဲဒီအရိပ်ရောက်လျှင်တော့ သူ ခဏနားရမည်။ နားပြီးတော့မှပဲ သူ ဆက်တော့မည်။ ကုန်းအတက်ကြီးကို တွန်းရသဖြင့် သူ့စက်ဘီးနောက်မှာ တင်ထားသော ရေခဲချောင်းပုံးကြီးသည် ခါတိုင်းထက် ပိုလေးနေသည်ဟု ထင်ရသည်။

နေကလည်း ပူလိုက်သည်မှာ ခြစ်ခြစ်တောက်နေသည်။ သူတို့လို နေပူစပ်ခါး လှုပ်ရှားသွားလာနေရသည့် ဘဝသမားတွေအတွက်တော့ နေမင်းကြီးသည် အပူရှိန်တွေကို ဖောဖောသီသီ ပေးထားသည်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စက်ဘီးကို သစ်ပင်ရိပ်ဆီသို့ တွန်းလာခဲ့ပြီးလျှင် အရိပ်ရောက်သောအခါ ခေါက်ထောက်လိုက်ကာ ဦးထုပ်ကို ချွတ်ပြီး ယပ်ခတ်လိုက်သည်။ နေကလည်းပူ၊ လူကလည်း စက်ဘီးနင်းကာ လှုပ်ရှားနေသည် ဖြစ်သောကြောင့် သူ့တစ်ကိုယ်လုံးမှာ ချွေးတွေက ရေချိုးထားသလို ရွှဲနေသည်။

"ဘယ်လိုလဲ၊ နေ့တွက်ကိုက်ပြီလားဗျ"

တမာပင်ရိပ်လေးမှာ စက်ဘီးပြင်ဆိုင်လေး ဖွင့်ထားသော စက်ဘီးပြင်ဆရာ ကိုသောင်းနိုင်က သူ့ကိုလှမ်းနှုတ်ဆက်သည်။ သူ့မှ ရေဆာသော်လည်း ညောင်းလွန်းသဖြင့် မြေကြီးပေါ်မှာ ထိုင်ချပစ်လိုက်သည်။ သောက်ရေအိုးလေးထဲမှ ရေကိုတောင်ခပ်မသောက်နိုင်သေး။ ဦးထုပ်နှင့်တဖြည်းဖြည်းချင်း ယပ်ခတ်နေပြီးမှ...

"သိပ်မကိုက်သေးပါဘူးဗျာ။ နည်းနည်းကျန်သေးတယ်။ ကျောင်းပိတ်ချိန်ဆိုတော့ ပါးတယ်လေ"

"အေးပေါ့ဗျာ"

စက်ဘီးဆရာက သူ့စကားကို အလိုက်သင့်ထောက်ကာ လုပ်လက်စအလုပ်ကို ဆက်ပြီးအာရုံစိုက်နေသည်။ သူက ကိုသောင်းနိုင် အလုပ်လုပ်နေတာကို ဘာရယ်မဟုတ် ငေးမော





ကြည့်နေမိသည်။ တစ်ဝမ်းတစ်ခါး လုပ်ကိုင်စားရတာချင်းအတူတူ ကိုသောင်းနိုင်ရဲ့အလုပ်က သူ့လို အရပ်တကာလှည့် ရေခဲချောင်းရောင်းရသော အလုပ်ထက်စာလျှင်တော့ သက်သာအေးဆေးသည်ဟု ထင်မိသေးသည်။

အရိပ်အောက်မှာ အေးအေးလူလူထိုင်ရင်း စက်ဘီးဖာနေရုံပဲဖြစ်သည်။ အခုနောက်ပိုင်းမှာ စက်ဘီးဖာဆိုင်တွေက ပိုလို့တောင် အလုပ်ဖြစ်လာသေးသည်။ သူတို့မြို့မှာက တစ်အိမ်လျှင် ဆိုင်ကယ်တစ်စီးစီကျလောက် ရှိသည်ဖြစ်လေရာ ဆိုင်ကယ်ဘီးပေါက်လျှင် တချို့လူတွေက အလွယ်တကူပင် နီးစပ်ရာစက်ဘီးဖာဆိုင်တွေမှာပဲ ဘီးဖာလိုက်ကြတာများသည်။

အစပိုင်းတော့ စက်ဘီးဖာသည့် ဆိုင်လေးတွေက ဆိုင်ကယ်ဘီး မဖာတတ်သေး။ ဈေးကွက်က တောင်းဆိုလာလို့ သူတို့ကလည်း ဈေးကွက်ချဲ့ထွင်လိုက်ရသည့် သဘောဖြစ်သည်။ ဆိုင်ကယ်ဘီးပေါက်လာသူတွေက စက်ဘီးပြင်ဆရာတွေလည်း ဒီဘီးကတော့ ဖာတတ်မှာပဲဟု တွေးမိသဖြင့် လာရောက်ဖာထေးနိုင်းကြသဖြင့် စက်ဘီးပြင်ဆရာတွေကလည်း ဆိုင်ကယ်ချွေဖြုတ်ဖို့ ပစ္စည်းကိရိယာတွေပါ တိုးချဲ့စုဆောင်းလာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့မြို့လေးမှာလည်း စက်ဘီးစီးသူတွေက အရင်ကထက်စာလျှင် နည်းသထက် နည်းသွားသည်။ တရုတ်ပြည်၏ ကောင်းမှုကုသိုလ်ကြောင့် ပေါ့ပေါ့ပါးပါး စီးဖြစ်နေသော လော့ဂျာကျေးဇူးဖြင့် ခရမ်းချဥ်သီးသည်ကလည်း ဆိုင်ကယ်တဖုန်းဖုန်းဖြင့် ဖြစ်သွားသည်။ သတင်းစာပို့သော လူတချို့တောင် ဆိုင်ကယ်နှင့်ပို့နေတာ သူ မြင်နေရပြီဖြစ်သည်။

အင်း ... သူကရော ဘယ်တော့များမှ ဆိုင်ကယ်နဲ့ ရေခဲချောင်း ရောင်းနိုင်တဲ့ဘဝမျိုးကို ရောက်မှာတဲ့လဲ။

အခုတော့ တစ်နေ့ တစ်နေ့ နင်းလိုက်ရသည့် စက်ဘီးမှာ မိုင်ပေါင်းကုဋေ ဖြစ်လို့နေသည်။ မနင်းချင်လို့လည်း မရ။ စားမည့်သောက်မည့် ပါးစပ်တွေနဲ့အတူ စားဝတ်နေရေးက လည်း ရှိသေးလေရာ မနက်မိုးလင်းလာပြီ ဆိုကတည်းက ရေခဲချောင်းဖြန့်သည့် ပိုင်ရှင်ထံသွားကာ ရေခဲချောင်း ယူရသည်။ ပြီးတာနှင့် မြို့အနီးနားက ရွာလေးတွေထိသွားကာရောင်းရသည်။ မြို့ပေါ်မှာတော့ သိပ်မရောင်းရ။

အဲဒီတော့ မြို့နဲ့လေးငါးဆယ်မိုင်ဝေးသည့် ရွာတို့၊ ရွာနားက မူလတန်းကျောင်းလေးတွေသို့ သွားကာ ရောင်းရသည်။





သူ့ရေခဲချောင်းကိုလည်း ရွာက ကလေးတွေကပဲ အားပေးတာများသည်။ မြို့ပေါ်က ကျောင်းတွေမှာတော့ သူ့ထက် အဆင့်မြင့်သည့် ကွာလတီရေခဲချောင်းတွေ၊ ရေခဲထုပ်၊ ရေခဲမုန့်တွေကို စားချင်စဖွယ် ရောင်းချလေရာ သူ့မှာ ပိုက်ဆံရှိသည့် သားသမီးတွေ ထားသော ကျောင်းမျိုး၌ သွားရောင်း၍မရ။

ပြီးတော့ အဲဒီကျောင်းတွေမှာကလည်း ရောင်းချင်တိုင်း ရောင်းလို့ရတာ မဟုတ်ချေ။ ဒီနှစ် ကျောင်းဖွင့်ချိန်ရောက်ရင်တောင် သူ့နယ်ပယ်မှာ ဘယ်လိုပြိုင်ဘက်အသစ်တွေ တိုးလာမလဲ မသိ။ ပြိုင်ဘက်အသစ်တွေ တိုးလာလျှင်လည်း သိပ်မကိုက်သေးချေ။

သူသည် တစ်ခါတစ်ခါတော့လည်း ကိုသောင်းနိုင်လို နေရိပ်ထဲမှာပဲ အေးအေးဆေးဆေး စက်ဘီးထိုင်ပြင်နေရသည့် ဘဝမျိုးကို တောင့်တမိသည်။ သို့သော် ခက်တာက သူသည် စက်ဘီးမပြင်တတ်။

"ခင်ဗျားအလုပ်က ကျုပ်အလုပ်ထက်စာရင် ဟန်ကျတယ်ဗျာ။ အရိပ်ထဲမှာ အေးအေးဆေးဆေးပဲ။ ကျုပ်မှာဝေ...ာ တစ်နေ့ တစ်နေ့ နေပူထဲ လသာနေသလား မှတ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေရတာ။ နဖူးကချွေး ခြေမကျအောင် ရှာရတယ် ဆိုတာ ကျုပ်တို့ဘဝမျိုးကို ပြောတာနေမှာ။ တစ်ခါတလေ များဆို စက်ဘီးကုန်းနင်းနေရင်းနဲ့ တကယ့်ကို နဖူးကချွေး က ခြေမပေါ်ကို တောက်ခနဲ ပြုတ်ကျတာ ...

ဩော် ... စကားပုံထဲကဘဝဟာ တကယ့်ကို ငါ့ဘဝ ပါလားလို့ တွေးမိတယ်။ လုပ်စားရတာ မလွယ်ပါဘူးဗျာ"

သူ့အပြောကို ကိုသောင်းခိုင်က ကွမ်းမြုံ့ရင်းမှ တစ်ချက်ပြုံးသည်။ ပြီးတော့ ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးထုတ် လိုက်ရင်းမှ ...

"ကျုပ်အလုပ်ကလည်း ခင်ဗျား ထင်သလောက် မဟုတ်ပါ ဘူးဗျာ။ ခုတလော လူတွေကလည်း စက်ဘီးသိပ်စီးကြ တာ မဟုတ်တော့ စက်ဘီးကလည်း ပြင်ရတယ်မရှိဘဲ တွက်ခြေမကိုက်တော့ဘူးဗျ။ ဒီလိုပဲ ဆိုင်ကယ်ဘီးဖာ လောက်ပဲ အလုပ်ဖြစ်နေတာ။ ကျုပ်တောင် ဆိုင်ကယ်ပြင် ဆိုင်လေး ပြောင်းဖွင့်ရင် ကောင်းမလားလို့ စဉ်းစားနေတာ။ ခက်တာက စက်ဘီးပဲ ပြင်တတ်တာလေ ဆိုင်ကယ်မှ မပြင်တတ်တာ ...





ဒီအသက်အရွယ်ကြီးကျမှပဲ ဆိုင်ကယ်ပြင် သွားသင် နေရရင်လည်း တစ်ဖက်က ဘာနဲ့စားမလဲ။ ခက်တော့ ခက်တယ်ဗျာ။ ခင်ဗျားလို ချွေးမထွက်ပေမယ့် စိတ်ထဲက တော့ ချွေးထွက်နေရတယ်ဗျို့၊ စီးပွားရေးခွင်တွေက သိပ် မကောင်းတော့ဘူး ... ဟား ဟား။ အဲဒီလို ပြောတော့ ကြားတဲ့လူတွေက စက်ဘီးပြင်တဲ့ကောင်က ကြီးကြီးကျယ် ကျယ် လျှောက်ပြောတယ် ဖြစ်နေဦးမယ်။ သူဌေးသဘော် နစ်တာ အရေးမကြီးဘူးလေ။ သူတောင်းစား ခွက်ပျောက် မှ ထမင်းငတ်မှာ ... ဟူး။ ဘာလုပ်ငန်းပြောင်းရင် ကောင်း မလဲ စဉ်းစားနေတုန်းပါဗျာ"

သူက ကိုသောင်းခိုင်ရဲ့စကားကို ဘာပြန်ပြောရမှန်း မသိသောကြောင့် ခေါင်းပဲ တဆတ်ဆတ် ညိတ်နေလိုက်သည်။ အခုတော့ အမောပန်းတွေလည်း အတော်အသင့် ပြေသွားပြီမို့ ခုံတစ်ခွက် ထသောက်ကာ ခရီးဆက်ဖို့ပြင်သည်။ ကိုသောင်း ခိုင်က သူ့ကို တစ်ချက်မော့ကြည့်ကာ ...

"သွားတော့မလို့လား။ ဒီဆိုင်ကယ်ကို ဟိုကြက်တောင် ကွင်းထဲ သွားပို့ပေးပါလား။ ကျုပ်ကို လာပို့ခိုင်းထားတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အလုပ်လေးတွေ ဆက်နေလို့။ သွားပါ။ ပိုင်ရှင်က သဘောကောင်းပါတယ်။ ခင်ဗျားကို လက်ဖက်ရည်ဖိုးလေး ဘာလေး ပေးလွှတ်လိမ့်မယ်၊ ကိုမြင့်ဦးလို့ မေးလိုက်”

“အေးပါဗျာ၊ ပို့ပေးပါ့မယ်”

သူက စက်ဘီးပြင်ဆရာရဲ့တဲလေးမှာပဲ အမြဲနားကာ ရေနစ်ခွက်လောက်ကို နေ့တိုင်းသောက်နေခဲ့သူမို့ သူ့ဆန်စားရုံမှ မဟုတ်တော့ဘဲ သူ့ရေသောက်ရင် ရံရတော့မည်ဖြစ်သည်။ သူက ပုဆိုးကို တစ်ချက်ပြင်ဝတ်လိုက်ရင်းမှ ဆိုင်ကယ်ကိုတွန်းကာ အားကစားဝင်းကြီးထဲသို့ ဝင်လာခဲ့သည်။

သူတို့မြို့၏ ခရိုင်အားကစားဝင်းကြီးမှာ တောင်ကြီးမြို့သို့သွားသော မြို့အထွက်နားမှာ တည်ရှိသည်။ အားကစားဝင်းထဲမှာက ဘောလုံးကွင်းနှင့်အတူ ကြက်တောင်ရိုက်သည့် ကြက်တောင်အားကစားရုံကြီးတစ်ရုံလည်း ရှိသေးလေရာ ကြက်တောင်လာရိုက်ကြသူတွေလည်းရှိသည်။

သူက ဆိုင်ကယ်ကို ကြက်တောင်ရုံကြီးရှိရာသို့ တွန်းဝင်လာခဲ့သည်။ အထဲမှာက ယောခနဲ ဟားခနဲ အော်သံတွေနဲ့အတူ ကြက်တောင်ရိုက်နေသူတွေကို တွေ့ရသည်။ သူက ဆိုင်





ကယ်ကို ရပ်ရမည့်နေရာမှာ အသာရပ်ထားပြီးနောက် သော့ကို ကိုင်ကာ မရိုက်ဘဲ ထိုင်နေသူတွေအနားသို့ မယောင်မလည် ကပ်လာခဲ့သည်။

လူနှစ်ယောက်လောက်က ချွေးတွေ ရွှဲနစ်နေကာ တဘက်တွေဖြင့် ခန္ဓာကိုယ်အနှံ့ကို သုတ်နေကြသည်။ တစ်ယောက်ကတော့ ကစားပြီးတော့ တော်တော်မောနေဟန်တူသည်။ ရေမော့ သောက်လိုက် ဟောဟဲဆိုက်လိုက်ဖြင့် စကားတောင် ဟဟာမပြော နိုင်။လူတွေကတော့ ဘီယာဗိုက်တွေဖြစ်ကာ ပိုက်ဆံရှိသည့်ပုံပေါက် သည်။

အေးပေါ့လေ၊ ပိုက်ဆံအတန်အသင့်ရှိလို့ပဲ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ အားအားယားယား ကြက်တောင်လာရိုက်နိုင်ကြ တာပေါ့။

“ဘာလဲ မသိဘူး”

လူတစ်ယောက်က သူ့ကို လှမ်းမေးသည်။ သူက လက်ထဲက ဆိုင်ကယ်သော့လေးကို မြှောက်ပြရင်းမှ ...

“ကိုမြင့်ဦးရဲ့ဆိုင်ကယ်၊ ဘီးဖာပြီးလို့ လာပို့တာပါ”

“ြော် ... ကိုမြင့်ဦးတဲ့ဗျို့၊ ကိုမြင့်ဦးတဲ့”



www.burmeseclassic.com

www.burmeseclassic.com



အနားမှ လူတစ်ယောက်က ရိုက်နေသောကွင်းထဲသို့ အော်ပေးသည်။ ကိုမြင့်ဦး ဆိုသော တစ်ယောက်က ကြက်တောင်ရိုက်နေရင်းတန်းလန်းမှ "ခဏလေးစောင့်ဗျို့"ဟု လှမ်းအော်သည်။ သူကလည်း ကြက်တောင်ရိုက်တာကို စိတ်ဝင်စားတာနဲ့ လက်နှစ်ဖက် နောက်ပစ်ကာ အသာယို့ပြီး ရပ်ကြည့်နေမိသည်။ ဒီကြက်တောင်ကွင်းသို့ မြို့ပေါ်က ပိုက်ဆံရှိသူတွေအပြင် အရာရှိတွေလည်း လာရိုက်ကြတာမို့ သူက တစ်ဖက်က လူသုံးယောက်နားသို့ သိပ်မကပ်ဘဲ အသံတွေကို နားစွင့်ထားမိသည်။

"ဆရာ ... တော်ပြီလားဗျ၊ နောက်တစ်ပွဲလောက် ဆွဲဦးမလား"

"အာ ... တော်ပြီ ... တော်ပြီ၊ ကိုယ် ဒီနေ့ တော်တော်ပြိုင်းသွားပြီ။ ချွေးလည်း တော်တော်လေး ထွက်သွားပြီ။ ဒီလောက်ဆို ရပြီ"

"ဟုတ်တယ်၊ လူက ဒီလောက်ချွေးထွက်မှ နေလို့ကောင်းတာ။ မဟုတ်ရင် တစ်နေကုန်က စားပွဲမှာထိုင်နေတော့ လှုပ်ရှားမှုက မရှိနဲ့၊ အညောင်းမိတယ်ဗျာ၊ ဒါကြောင့် လာ,လာပြီး ချွေးထုတ်ရတယ်ဗျို့ ... ဟား ဟား"





သူက ကြားရသော စကားတွေကြောင့် ပခုံးတွန့်မိတော့မလို ဖြစ်သွားသည်။ ချွေးထွက်အောင် တမင်လာလုပ်ရတယ်တဲ့လား။ ခြော် ... ချွေးမထွက်တဲ့ဘဝတွေမို့ ဒီထဲမှာ ဟိုပတ်ပြေး၊ ဒီပတ်ပြေးနဲ့ အမောခံပြီး ချွေးထွက်အောင် လာလုပ်ရတယ်တဲ့။ မှတ်သားထားရဦးတော့မည်။

အဲဒီအချိန်မှာပဲ သူ စောင့်နေသော ကိုမြင့်ဦးဆိုသူက ကွင်းထဲမှ ထွက်လာသည်။ ဝမ်းဗိုက်ဆူဖြိုးဖြိုး၊ လည်ပင်းမှာ ရွှေဆွဲကြိုး ခတ်တုတ်တုတ်နှင့် ချွေးတစိုစို ရှိနေသည်။ သူ့လက်ထဲမှာ သော့ကိုယူကာ ဘီးဖာခအပြင် သူ့ကို နှစ်ရာတန်တစ်ရွက် ထုတ်ပေးသေးသည်။ သူက ကျေးဇူးပဲဟု ပြောကာ ပြန်လှည့်ထွက်လာခိုက်၌ နောက်ပါးမှ အသံတို့က လွင့်လာသည်။

"ကိုမြင့်ဦး ... တော်ပြီလားဗျ"

"အာ ... မတော်သေးပါဘူး။ ခဏနားတာ။ ချွေးသိပ်မထွက်သေးဘူးဗျ။ နည်းနည်းလောက် ထပ်ဆွဲလိုက်ဦးမယ်"

"ဘာလဲ ... နဖူးကချွေး ခြေမကျအောင်လား"

"ဒါပေါ့ဗျာ၊ ဒါပေါ့။ နဖူးကချွေး ခြေမကျမှ ဒီဗိုက်ကလေးလည်း ကျမှာကိုး ... ဟား ဟား"



www.burmeseclassic.com


www.burmeseclassic.com



"ဟုတ်ပါ့ ... ဟုတ်ပါ့ ... လုပ်ထား"

ကိုလှမောင်သည် ကြားရသော စကားတွေကြောင့် မျက်လုံးပြူးကာ ဒီတစ်ခါတော့ ပခုံးမတွန့်နိုင်ဘဲ ခေါင်းကိုသာ ယမ်းမိတော့သည်။ ကိုလှမောင်တို့ ဘဝတွေမှာတော့ နဖူးကချွေး ခြေမ ကျအောင် ကြိုးစားရုန်းကန် ရှာဖွေရသည်။ နဖူးကချွေး ခြေမ ကျမှ ထမင်းဝသည်။ သူတို့ကတော့ နဖူးကချွေး ခြေမ ကျမှ ဗိုက်ကျမည်တဲ့။ သူတို့မှာ ချွေးတွေ လိုအပ်နေသည်ထင် သည်။ အင်း ... ကိုလှမောင်တို့သာ ထွက်တဲ့ချွေးတွေ ရောင်း စားလို့ရရင် တရုတ်ဆိုင်ကယ်လေးတစ်စီးလောက်တော့ ဝယ်စီးလို့ ကောင်းပါရဲ့လေ။





www.burmeseclassic.com



"သားရယ် ... ဒီကောင်မလေးကတော့ သားနဲ့အဆင်ပြေမယ် မထင်ပါဘူးကွယ်"

သူ့အမေက လေသံပျော့လေးနှင့် ပြောလိုက်လျှင် ဖော်ဖော်သည် ခေါင်းကိုကုတ်ကာ သက်ပြင်းကို ကျိတ်ချမိသည်။ သားနှင့် အဆင်ပြေတာထက် မေမေနဲ့ အဆင်မပြေမှာ မဟုတ်လားဟု မေးလိုက်ချင်စိတ်တို့ကို ထိန်းချုပ်ထားရသည်။ ဒီလိုနဲ့ပဲ ကြာလာလျှင် သူလည်း လူပျိုကြီးဖြစ်တော့မည်ထင်သည်။ သူနှင့်ရွယ်တူတန်းတူတွေရော သူ့ထက်ငယ်သည့်သူတွေအားလုံး စုံကုန်ကြပြီး တချို့ဆို ရတနာလေးတွေ တစ်ယောက်က နှစ်ယောက်တောင် ပွားစီးကုန်ကြပြီ။ သူ့မှာတော့ အခုထိ ငုတ်တုတ်မေ့နေတုန်းပင်။

ငုတ်တုတ်မေ့တယ် ဆိုသောကြောင့် သူ့ကို မစွံလှသောသူဟုတော့ မထင်စေလိုပေ။ အရပ်မြင့်မြင့်မှာမှ အသားဖြူဖြူ





www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူထူရှိသော သူသည် ရည်းစားကို လက်ချိုးမရေတွက်နိုင်အောင် ထားခဲ့သူဖြစ်သည်။ သို့သော် သူ ဘယ်လောက်ပဲ ရည်းစားတွေ ထားခဲ့ ထားခဲ့။ တကယ့် တကယ် ယူဖို့စဉ်းစားလိုက်လျှင် သူ့အမေကြောင့် ပျက်ရချည်သာပင် ဖြစ်လေသည်။ မေမေသည် တစ်သက်လုံးမှာ တစ်ယောက်တည်းသာ ရခွင့်ရှိသော ချွေးမကို စံပေါင်းစုံဖြင့် ရွေးချယ်သူဖြစ်သည်။ မေမေ့စံတွေမှာ များလွန်းသဖြင့် တော်ရုံလူသည် ခြေစစ်ပွဲတောင် မအောင်ချေ။ တချို့မှာ ခြေစစ်ပွဲနားသို့ ကပ်ခွင့်တောင်မရ။ တစ်ခါတစ်ရံတွင် သူသည် မေမေ တစ်ယောက် ချွေးမရွေးသည့်စံတွေ ဖြတ်နေတာကို ပွဲကြည့်ပရိသတ်တစ်ယောက်လို ခံစားပြီး ကြည့်မိသည်။ မေမေ့ရဲ့ အယူအဆတွေမှာ စိတ်ဝင်စားဖို့တော့ ကောင်းလေသည်။ သူ့ချစ်သူတွေထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့သော ဆရာဝန်မလေး မေယုဝတီကိုလည်း ထိုသို့ အကြောင်းပြချက်ဖြင့် ပယ်သည်။

"ဆရာဝန်မလေး ဆိုတော့ ပညာတတ်ပြီး ဂုဏ်ရှိတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ပညာမာနနဲ့ဆိုတော့ ငါ့သားကို ရိုကျိုးမယ့် မိန်းကလေးမျိုး မဟုတ်ဘူးကွယ့်။ ပြီးတော့





သူက ဒီဘွဲ့နဲ့လည်း ရပ်နေမှာ မဟုတ်ဘူးလေ။ စာတွေ ကျက် ကျောင်းတွေဆက်တက်မှာ။ သားကိုလည်း အချိန်ပေးနိုင်မှာ မဟုတ်ဘူး။ သားကပဲ သူ့ရဲ့ပါရမီကို ပြန်ဖြည့်ပေးနေရမှာ။ သားနဲ့ အဆင်ပြေမယ် မထင်ပါဘူးကွယ်"

မေမေက အဲဒီလို လေသံပျော့လေးဖြင့် အဆုံးသတ်လိုက်လျှင် သူကလည်း ချစ်သူတွေရဲ့ဇာတ်လမ်းကို တစ်ခန်းရပ်အဆုံးသတ်ပစ်လိုက်ရပါသည်။ သူဟာ ငယ်ငယ်လေးတည်းက ဖတဆိုး ဖြစ်ခဲ့တာကြောင့် တစ်သက်လုံး မတောင့်မတ မကြောင့်မကျထားလာသော အမေဖြစ်သူကို ခင်တွယ်လွန်းသူ ဖြစ်လေ့ရာ အရာရာမှာ အမေ့သဘောအတိုင်းချည်းသာ။ မေမေသည် ပညာတတ်တော့လည်းတတ်လို့ တစ်မျိုးကန့်ကွက်သလို သူဌေးသမီးကျပြန်တော့လည်း မနှစ်သက်ပြန်။

"မိန်းကလေးတစ်ယောက်ဟာ အရမ်းချမ်းသာနေဖို့ အဓိက မဟုတ်ပါဘူး သားရယ်။ ချမ်းသာလွန်းအားကြီးပြီး လက်ကြောမတင်းတော့ အဲဒီမိန်းကလေးက ဘာတန်ဖိုးရှိတော့မှာလဲ။ မိန်းကလေးဆိုတာ အိမ်ထောင်မှုကိစ္စတွေတော့ လုပ်တတ်ရမှာပေါ့။ ယောကျ်ားစားဖို့ ထမင်းဝိုင်းတစ်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ လှလှပပ ဖန်တီးပေးတတ်ရမှာပေါ့။ အားရင် ရှော့ပင်းထွက်၊ ပြူတီပါလာသွား၊ လှပို့ပဖို့ကလွဲပြီး စိတ်မဝင်စားတဲ့သူက အိမ်ထောင်ရှင်မကောင်း ဘယ်လိုဖြစ်နိုင်မှာလဲ။ သားနဲ့ ဒီကောင်မလေးကလည်း အဆင်ပြေမယ် မထင်ပါဘူးကွယ်”

ကဲ ... ဒီလိုနဲ့ လွင့်သွားပြန်ပြီ တစ်ယောက်။ နောက်တစ်ယောက်ကတော့ သူ အင်မတန် ရင်ခုန်ရသည့် အောင်မြင်စ စာရေးဆရာမ ချောချောလေးဖြစ်သည်။ အချစ်ဝတ္ထုတွေရေးသော စာရေးဆရာမလေးပီပီ ကဗျာဆန်ဆန်နှင့် ရိုမန့်လေးတွေလည်း သိပ်လုပ်တတ်သဖြင့် သူမနှင့် ချစ်ရသည်မှာ ခမ်းနားနေလေ့ရှိသည်။

သူမကျတော့ လူတစ်ယောက်ကို သိပ် **Surprise** လုပ်တတ်သည်။ သူ့အိမ်သို့ ပါဆယ်လေးတွေ ပို့ပေးတာမျိုး၊ ပန်းစည်းတွေ ပို့ပေးတာမျိုး စသဖြင့် ရင်ခုန်စိတ်လှုပ်ရှားအောင် လုပ်တတ်လေသည်။ တစ်ခါတစ်ရံ သူမ စာရေးပြီးချိန် ည တစ်နာရီလောက်မှာ သူ့ထံ ဖုန်းခေါ်ပြီး မိုးအလင်းပေါက် ဖုန်းပြောရတာလည်း အရသာတစ်ခုပင်။





ကိုယ့်ချစ်သူလေးက အောင်မြင်ချောမောသည့် စာရေးဆရာမလေးဆိုတော့လည်း သူက ဂုဏ်ယူဝမ်းမြောက်ရသေးသည်။ အိမ်မြဲသော အလုပ်အကိုင်နှင့်မို့ မေမေတော့ ဒီတစ်ခါ နှစ်သက်လိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း ထင်သလို မဟုတ်ပြန်ချေ။

“စာရေးဆရာမလေးသာ ဆိုတယ်၊ မင်းသမီးတစ်ယောက်လိုပဲနော်။ မေမေတို့ခေတ်က စာရေးဆရာမတွေနဲ့ သိပ်မတူဘူး”

“ဩော် ... မေမေရယ်၊ အနှစ် နှစ်ဆယ်ကျော်တောင် ပြောင်းလဲခဲ့ပြီပဲဟာ၊ အရင်ခေတ်ကလို စာရေးဆရာမဆိုရင် ပါဝါမျက်မှန်ထူကြီးနဲ့ ရိုးရိုးကြီးပုံစံမျိုးတွေ မရှိတော့ဘူးလေ။ သူကတော့ အိမ်မြဲသူလေးမို့ အဆင်မပြေဘူးလား။ မေမေနဲ့လည်း အဖော်ရမှာပေါ့”

“မထင်နဲ့ သား၊ အိမ်မြဲတယ် ဆိုပေမယ့် သူ့အလုပ်က တစ်ယောက်တည်း နားအေးပါးအေးနဲ့ ဖန်တီးရတဲ့ အလုပ်မျိုးလေ။ ပြီးတော့ အနုပညာသမားတွေက သာမန်လူတွေနဲ့ သိပ်မတူဘူး သားရဲ့။ သူတို့စိတ်ခံစားမှုက သာမန်ထက် နက်ရှိုင်းတယ်။ သူများတွေအတွက် အရေးကြီးသော



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူတို့အတွက် အရေးကြီးချင်မှ ကြီးတာ။ သူများတွေ ဘာမှမဟုတ်တဲ့ကိစ္စကို သူတို့က အရေးကြီးချင် ကြီးပြနေရော။ နားလည်ရခက်တယ်။ ဒါကြောင့် သူတို့ဖြေတဲ့ အင်တာဗျူးတွေကို ကြည့်ပါလား။ နားလည်မှုဆိုတဲ့ စကားကို လှိုင်လှိုင်အော်နေတာ။ သားလည်း သူနဲ့ယူပြီးရင် သူ့ကို အများကြီး နားလည်ပေးရမှာ သားရဲ့ ...

သူက ညလုံးပေါက် စာရေးချင်ရေးမယ်။ မနက်ကျ တစ်မနက်ခင်းလုံး အိပ်မယ်။ နိုးလာရင် စားမယ်၊ သောက်မယ်၊ စာဖတ်မယ်၊ တွေးမယ်၊ ရေးမယ်။ သူ့အလုပ်က ဒီထဲမှာပဲ သံသရာလည်နေမှာ။ အိမ်မှုကိစ္စ ချက်ရေးပြုတ်ရေးလည်း စိတ်ဝင်စားမှာ မဟုတ်ဘူး။ ချစ်သူဘဝသာ စိတ်ကူးယဉ်လို့ ကောင်းတာပေါ့ကွယ်။ အိမ်ထောင်သည် ဘဝ ရောက်သွားရင် တစ်အိမ်တည်းနေတဲ့ သားကို ပန်းစည်းပို့မှာလည်း မဟုတ်တော့ဘူး။ ငါ့သားလေးကသာ သူ့ကို ညတိုင်း ဇက်ကြောဆွဲပေးနေရမှာ မြင်ယောင်ပါသေးတယ်။ အင်း ... ဒီကလေးမလည်း သားနဲ့အဆင်ပြေမယ် မထင်ပါဘူးကွယ်"





ဒီလိုနဲ့ သူချစ်သော စာရေးဆရာမလေးနဲ့လည်း ဆေးလွင့်သွားပြန်သည်။ ဘယ်သူ့စနက်ကြောင့်ဆိုတာ သိလေသော ဆရာမကတော့ ဖြုံမပေါ်ပါ။ ပြုံးစိစိဖြင့် ပန်းတစ်ချက်ကိုတောင် ဘွန်ပြခဲ့သေးတာကို မှတ်မိသေးသည်။

"ဒီလိုဖြစ်သွားတာပဲ ကောင်းပါတယ်။ မဟုတ်ရင် တို့ဝတ္ထုထဲမှာလည်း ယောက္ခမမကောင်းကြောင်းတွေ တန်းစီနေတော့မှာ။ အဲဒီကျမှ ယူ့မားသားကြီး ဒီထက်သွေးတိုးပြီး နလုံးရောဂါရမှာ။ ဟား ... ဟား"

အမယ်လေးလေး ... သူက ဆရာမရဲ့စကားကြောင့် ကျောထဲကတောင် စိမ့်တက်သွားသည်။ မေမေကယ်ပေလို့ဟု သော စကားကို အထပ်ထပ် ရေရွတ်ကာ နောက်တစ်ခါတော့ လုံးဝရိုးရိုးအေးအေး မိန်းကလေးကိုသာ စဉ်းစားတော့သည်။ ရိုးအေးပြီး အချက်အပြုတ် တစ်ခုတည်းကိုသာ စိတ်ဝင်စားသော ကောင်မလေးကိုတော့ ဒီတစ်ခါ မေမေ သဘောကျပြီဟုထင်ကာ သူက ဟဲလေးရဲ့ ကြင်ယာဖက်သီးချင်းနဲ့တောင် Intro ဝင်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ သူကတော့ တကယ့်ကို မေမေ့စိတ်ကြိုက်ဖြစ်မှာဗျ။ ဟိုသီချင်းထဲကလိုလေ။ ကျွန်တော် ရာချစ်ခဲ့တဲ့ မိန်းမတွေထဲ ဒီကောင်မလေးကတော့ အောက်သက်ကျေတယ် ဆိုတာမျိုးပေါ့။ အိမ်ထောင်မှုကိစ္စကတော့ လှည့်ကြည့်စရာကို မလိုဘူး"

သို့သော်လည်း အထင်နဲ့ အမြင်က လွဲပြန်သည်။ မေမေသည် ငြိမ်းကို သေချာလေ့လာပြီးသောအခါ မှတ်ချက်တစ်ရပ်ပေးလာပြန်ပါသည်။

"အင်း ... ကောင်မလေးက ဆိုးတော့မဆိုးဘူး ပြောရမှာပဲ။ ဒါပေမဲ့ ရိုး,တာအပြင် အ,တာပါ ပါနေတယ် သားရဲ့။ အောက်သက်ကျေတယ်ဆိုတာ နေရာတိုင်းတော့လည်း ကောင်းတာ မဟုတ်ဘူး၊ အိမ်ထောင်တစ်ခုမှာ မိန်းမတစ်ယောက်က ထမင်းဟင်း ချက်တတ်နေရုံနဲ့ ပြီးတာမဟုတ်ဘူး၊ ကိုယ့်ယောက်ျားကိုလည်း ချော့တန်ချော့။ ခြောက်တန်ခြောက်နဲ့ ထိန်းသိမ်းတတ်ရသေးတယ်။ တချို့ယောက်ျားတွေ တော်တယ်ဆိုတာ တိုးတက်တယ်ဆိုတာ မိန်းမက အထိန်းအသိမ်း တတ်လို့လည်း ပါတယ်။ ဒီလိုပဲ သားသမီးတွေလိမ္မာတာ၊ စာတော်တာ၊ တိုးတက်ဝဘာတွေလည်း အမေရဲ့အခန်းကဏ္ဍတွေ အများကြီးပါတယ် ...

တကယ်တမ်းကျတော့ အိမ်ထောင်ရေးမှာမိန်းမဖြစ်သူရဲ့အခန်းကဏ္ဍက ရာနှုန်းပြည့် အရေးပါတယ်လို့တောင် ပြောလို့ရတယ်။ သူ့မှာအရည်အချင်းရှိရင် ရှိသလို အဲဒီမိသားစုက တိုးတက်သာယာတာပဲလေ ...

သားရဲ့ငြိမ်းမှာ ဒီလိုအရည်အချင်းမျိုး မရှိဘူး သားရဲ့။ မေမေ လုံးဝပြောနိုင်တယ်။ သားပြောသမျှ ခေါင်းညိတ်နေမယ့် မိန်းမမျိုးကိုလည်း မေမေက ကြိုက်တာမဟုတ်ဘူး ...

အင်း ... ဒီတစ်ယောက်ကလည်း သားနဲ့ အဆင်ပြေမယ် မထင်ပါဘူးကွယ်"

ဒီတစ်ခါတော့ သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းမိသည်။

"မေမေရယ် ... မေမေ့ရဲ့စံတွေနဲ့ကိုက်တဲ့ မိန်းကလေးက ရှိရော ရှိဦးမှာလား။ သိကြားမင်းရဲ့သမီးနဲ့တောင် အဆင်မပြေဘူးနဲ့ တူပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလို ပြောလိုက်သည်။ မေမေက လှို့ဝှက်စွာ ပြုံးပါသည်။ ပြီးတော့ သူက လက်ဖျောက်ပင် တစ်ချက်တီး ပြလိုက်သေးကာ ...

"မေမေပါ သားရယ်၊ မင်းအမေကို အထင်မသေးစမ်းပါနဲ့၊ မေမေလိုချင်တဲ့ ချွေးမမျိုးကလေ သရီးအင်ဝမ်း(Three in one) ချွေးမမျိုးကို လိုချင်နေတာကွယ့်။ အဲဒီချွေးမမျိုးရဖို့ ဗျူဟာတွေတော့ လိုအပ်တာပေါ့။ ဒီအတိုင်းကြီးကတော့ အားလုံးအဆင်ပြေတဲ့ သရီးအင်ဝမ်းချွေးမ ဘယ်ရလိမ့်မလဲ။ အဲဒီ သရီးအင်ဝမ်းချွေးမ ရလို့ကတော့ သားလည်းအဆင်ပြေ၊ မေမေလည်း အဆင်ပြေပေါ့ သားရယ်။ ကဲ ... ဒီတော့ သားကြိုက်တဲ့ မိန်းကလေးတစ်ယောက်တွေ့ရင် မေမေ့ကို အရင်ပြ။ မေမေ ကြည့်မယ်။ သူသာ သရီးအင်ဝမ်းအဖြစ် ပြောင်းလဲလို့ရလား။ မရလားဆိုတာ ကြည့်ပြီးမှ သားက ရှေ့တိုးတော့ ဟုတ်ပြီလား"

သူက မေမေပြောတာတွေ သိပ်နားမလည်သော်လည်း ဘာမှတော့ ထပ်မမေးတော့ချေ။ သူက အမေကို အင်မတန်





ချစ်သော သားတစ်ယောက်မို့ သူ့အမေ စိတ်ချမ်းသာလျှင် ပြီးရောဟု သဘောထားသူ ဖြစ်သည်။ ပြီးတော့ မေမေဟာ သူ့ကောင်းကျိုးကိုသာ လိုလားသူဟု သိထားသောကြောင့် မေမေ့အပေါ်တွင် မငြိုငြင်ခဲ့ပါ။

ဒီလိုနှင့် သိပ်မကြာသော အချိန်လေးမှာ သူသဘောကျသော ကောင်မလေးတစ်ယောက်ကို ထပ်တွေ့သည်။ ကောင်မလေးက သူ့ထက် ငါးနှစ်လောက် ငယ်ပါသည်။ ပညာအရည်အချင်းကလည်း သာမန်ပဲဖြစ်သည်။ မိသားစု အခြေအနေကလည်း သာမန်လောက်ပဲဖြစ်ပါသည်။ သဇင်သည် ဘာမဆို သာမန်အနေအထားမှာပဲရှိသည်။

သို့သော် သူက သူမရဲ့သွက်သွက်လက်လက်ရှိသော ပုံစံလေးကို သဘောကျသောကြောင့် မေမေ့ကို ပြမိသည်။ စိတ်ထဲကတော့ သိပ်မမျှော်လင့်လှပါ။ သို့သော် ထူးခြားစွာပင် ... မေမေက အိုကေဟု မီးစိမ်းပြလိုက်လျှင် သူကတောင် မျက်ခုံးပင့်သွားရလေသည်။ မေမေက အိုကေဆိုတော့မှ သူကလည်း အံချိန်ဆွဲမနေတော့ပါ။



www.burmeseclassic.com

ဒီလိုနှင့် ပွဲက မေမေပါ ဝင်လိုက်သောအခါ ပို၍ မြိုင်ဆိုင်သွားလေသည်။ သူနှင့်သဇင်သည် ချစ်သူသက်တမ်းရှစ်လလောက်မှာပင် လက်ထပ်ဖို့အထိ ဖြစ်လာသည်မှာ မေမေ့ဗျူဟာတွေ အများကြီးပါပါသည်။ အဲဒီရှစ်လအတွင်းမှာ သဇင်သည် ကားမောင်းတတ်သွားကာ ကားလိုင်စင်တစ်ခု ရသွားသည်။

မေမေက အိမ်ကို မကြာခဏဖိတ်ကာ ထမင်းဖိတ်ကျွေးခြင်း၊ မုန့်လုပ်ကျွေးခြင်း စသဖြင့် တစ်ပတ်တစ်မျိုး မရိုးရအောင် စီစဉ်လေသောကြောင့် ကြာသောအခါ သဇင်ပါ အချက်အပြုတ်ကျွမ်းကျင်သွားလေသည်။ ပြီးတော့ မေမေသည် လေသံအေးအေးနှင့် သဇင့်ကို ပြောနေတာကိုလည်း သူက ကြားရသေးသည်။

“တိုးတက်ခေတ်မီတဲ့ နိုင်ငံတွေမှာ အိမ်ဖော်မထားကြဘူး သမီးရဲ့၊ ဘာလို့လဲဆိုတော့ အစစအရာရာ စက်တွေနဲ့လုပ်သွားတာဆိုတော့ လူ သက်သာတယ်လေ။ ပြီးတော့ ဒီခေတ်ကြီးထဲမှာ အိမ်ဖော်ခေါ်ထားရတာလည်း သိပ်ကြောက်စရာကောင်းတာ။ အန်တီတောင် ဒေါ်အုန်းကို ဟိုးအရင်ကတည်းက လူဟောင်းမို့ ထားဖြစ်တာ သူကလည်း အသက်ကြီးတော့ နားချင်နေပြီလေ ...





သမီးက သားနဲ့လက်ထပ်ပြီး ဒီအိမ်ရောက်လာမှာနဲ့ အတော်ပါပဲ။ အန်တီကတို့အိမ်က ဘာမှလဲ မပင်ပန်းပါဘူး။ အဝတ်လျှော်တော့လည်း စက်နဲ့၊ ဖုန်စုပ်တော့လည်း စက်နဲ့၊ ဟင်းချက်ရင်လည်း ဂက်စ်နဲ့၊ မိုက်ခရိုဝေ့ဗ်နဲ့ဆိုတော့ ခဏလေးပဲ ...

အင်း ... အန်တီက သမီးလို လိမ္မာအားကိုးရတဲ့ သမီးမျိုးလေး လိုချင်နေတာ အတော်ပါပဲ သမီးရယ်။ ဒရိုင်ဘာငှားတော့လည်း ယုံချင်မှ ယုံရတာ။ ခုတော့ ဘယ်သွားသွား ကိုယ့်သမီးလေးနဲ့ အဖော်ရပြီလေ။ ဟင်း ... ဟင်း ...

သမီးလေးက တော်မှတော် ဘက်စုံကို အားကိုးရတာ။ အန်တီတော့ ကံကောင်းတာပါပဲ”

ဟုတ်ပါတယ်။ မေမေက တကယ့်ကို ကံကောင်းတာပဲဖြစ်သည်။ ကံဆိုတာ အလုပ်ဟုဆိုလျှင် မေမေလုပ်ခဲ့သော အလုပ်တွေက ကောင်းသောကြောင့်ဆိုတာ ပြောဖို့လိုမည် မထင်တော့ချေ။

www.burmeseclassic.com

သူသည် မေမေ ဘာကြောင့် ရှေးရှေးကဟာတွေကို ပယ်ခဲ့လည်းဆိုတာ ခုတော့ ရေးတေးတေး သဘောပေါက်စ ပြုလာပြီဖြစ်ပါသည်။

အဲဒီလို သဘောပေါက်ချိန်တွင် သူနှင့် သဇင်တို့ရဲ့ မင်္ဂလာသက်တမ်း တစ်နှစ်တောင် ပြည့်ခဲ့ပြီဖြစ်သည်။

✧ ✿ ✧

စေတနာ၊ အကြံပြုစာ၊ ခံစားချက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





"ဘယ်နှနာရီ လာကြိုရမလဲ မေမေ"

"ဩော် ... ဖုန်းဆက်လိုက်မယ်လေ သမီး၊ ဖြည်းဖြည်းဝဲ မောင်းသွားနော်"

"ဟုတ် ... သွားပြီနော် မေမေ"

ဒေါ်သီတာသည်

ချွေးမချော သဇင် တစ်ယောက် ကားကို ဘက်ပြန်ဆုတ်ပြီး မောင်းထွက်သွားတာကို ကြည့်ပြီးမှ ဧည့်ခန်းထဲသို့ လှမ်းဝင်လာခဲ့သည်။

ဧည့်ခန်းထဲတွင် ဒေါ်သီတာ၏ သူငယ်ချင်း ဒေါ်ဝေဝေလွင်က ဆိုဖာပေါ်မှာထိုင်ကာ သူမကို အားကျသော မျက်လုံးများဖြင့် ငေးနေသည်။

"ဘယ်လိုလဲ သီတာ၊ ချွေးမလေးကို ဟန်းဒ်ဖုန်းတွေ ဘာတွေတောင် ဆင်နေ့ရပါလား"


www.burmeseclassic.com

www.burmeseclassic.com

"သြော် ... ဒါကတော့ လုပ်ပေးရတာပေါ့ကွာ။ ဒါပေမဲ့ အဲဒါကလည်း ကိုယ့်အတွက်ပဲလေ၊ အမိက,က သူရောက်နေတဲ့နေရာက ခေါ်ပြီးခိုင်းလို့ရအောင်လို့ပေါ့ကွ"

"အင်း ... မင်းကိုတော့ ယုံပါတယ်။ မင်းကတော့ ချွေးမကို ပုံသွင်းတာ တော်တယ်ကွာ။ ကိုယ်တို့တော့ ဒီလိုချွေးမမျိုး မရပါလား။ သားကြီးယူထားတဲ့ ချွေးမကတော့ကွာ ပြောမနေပါနဲ့တော့၊ ယောက္ခမကိုများ ဒီလိုကြိုပေးဖို့ဝေး၊ သူ့တောင် မနည်းဖမ်းမိအောင် လုပ်နေရတယ်။ မင်းတို့များကျတော့လည်း ကံကောင်းလိုက်တာ။ ဘယ်ဗေဒင်ဆရာနဲ့များ ရွေးထားတာလဲဟင်။ ဇာတာတွေ ဘာတွေ တိုက်ထားတာလား။ ကိုယ့်ကိုလည်း နည်းလမ်းကောင်းများရှိရင် ပြောစမ်းပါဦး။ သားငယ်ကျရင်တော့ ဒီလိုမျိုး မဖြစ်စေချင်တော့ဘူး။ မင်းလိုပဲ ချွေးမချက်ကျွေးတဲ့ ထမင်းကိုစားပြီး ချွေးမမောင်းပို့တဲ့ကားကိုပဲ စီးချင်ပြီ"

"ဟင်း ဟင်း ... ဒါက မခက်ပါဘူး ဝေရယ်၊ ဒါမျိုးကို သရီးအင်ဝမ်းချွေးမလို့ ခေါ်တယ်"

"ဘာရယ် ... သရီးအင်ဝမ်းချွေးမ၊ ဟုတ်လား"





"ဒါပေါ့ Driving, Cooking & Hosue keeping လေ၊ ဘာလိုသေးလို့လဲ၊ ဒီခေတ်ထဲမှာ ဒရိုင်ဘာတွေရဲ့လခက သေးတာမဟုတ်ဘူး၊ လခနည်းတာ များတာထက် လူကို ပိုကြောက်ရတယ်။ ပြီးတော့ 24 hours service က မရဘူးလေ။ ကိုယ့်ချွေးမကတော့ ဘယ်အချိန်သုံးသုံးပေါ့။ သရီးအင်ဝမ်း ချွေးမမျိုးရတာ အိမ်စရိတ်ကို ဘယ်လောက်သက်သာတယ် မှတ်သလဲ။ လူသုံးယောက်လောက် လုပ်ရမယ့်အလုပ်ကို ချွေးမတစ်ယောက်တည်းက လုပ်သွားတာ၊ ဘယ်လောက် အထောက်ကူသလဲ ဝေလွင်ရဲ့။ ဒါက ဘာယတြာမှမလိုဘူး။ ကိုယ်လုပ်တတ်ရင် ဖြစ်တာပဲ။ အဲဒီအတွက် ဖော်မြူလာရှိတယ်"

ဒေါ်သီတာ၏စကားကိုကြားလျှင် ဒေါ်ဝေလွင်၏မျက်လုံးတွေသည် ရေတွေ့သောငါးလို ဖျပ်ဖျပ်လူးသွားလေသည်။ ဘဲတွေးတွေပင် နင်လာရကာ ...

"ပြော ... ပြောစမ်းပါဦး သီတာရယ်၊ ဘာတဲ့လဲဟင်"

ဒေါ်သီတာသည် ငါးသလောက်ပြုံး ပါးပါးလေးဖြင့် ခေါင်းကို တစ်ချက်ဆတ်လိုက်ကာ ...


www.burmeseclassic.com

www.burmeseclassic.com



"သရီးအင်ဝမ်းချွေးမ ဖော်မြူလာကို ကိုယ်က လူတိုင်းကို ပြောမပြဘူးကွ။ အေးပေါ့လေ ... မင်းကတော့ ကိုယ့်ရဲ့ ငယ်ပေါင်းလည်းဖြစ်၊ သားရင်အချင်းချင်းလည်းဖြစ်၊ ပြီးတော့ ချွေးထွက်အောင် ပြန်မ,ထားရတဲ့ ချွေးမကို ရထားတဲ့သူဆိုတော့ ဒီလျှို့ဝှက်နည်းလေးကို ပြောပြလိုက်ပါ့မယ်။ ဒီနည်းက သုံးတတ်ရင်တော့ တကယ်ထိရောက်တယ်ကွ။ ကိုယ့်အကျိုးအတွက် အသုံးချထားမေမယ့် သူတို့အမြင်မှာ ကိုယ်က ယောက္ခမဆိုး မဟုတ်တာကိုက နည်းတဲ့ပညာလား။ ကဲ ... နားထောင်တော့ ဝေလွင်ရေ၊ သရီးအင်ဝမ်း ချွေးမရဖို့အတွက် အဲဒီမိန်းကလေးဟာ အရမ်းပညာတတ်တဲ့ ပညာအတတ်နဲ့ လုပ်စားနေတဲ့ မိန်းကလေးမျိုးမဖြစ်ဖို့လိုတယ်။ ဥပမာ ... ဆရာဝန်မလိုဟာမျိုး၊ ကျူတာမလေးပဲဖြစ်ဖြစ်၊ မရဘူးပေါ့။ တစ်ခုခုမှာ အောင်မြင်ထူးချွန်တဲ့ မိန်းကလေးမျိုး မဖြစ်ရဘူး"

"အဆန်းပါလားဟဲ့၊ သူများတွေဖြင့် အဲဒါမျိုး ရှာနေတာကို;"



"အဲဒီလူတွေက သရီးအင်ဝမ်း မရကြဘူးလေ။ နောက်တစ်ချက်က အသိုင်းအဝန်းသိပ်တောင့်တဲ့ သိပ်ချမ်းသာတဲ့ မိန်းကလေးမျိုး မဖြစ်ရဘူး။ အဲဒီလို မိန်းကလေးမျိုးက ဘယ်လိုမှ ကိုယ့်အလုပ်တွေကို လုပ်ပေးမှာ မဟုတ်ဘူးလေ။ နောက် ခပ်နုံနုံ၊ ခပ်ရိုးရိုး မိန်းကလေးလည်း မဖြစ်ရဘူး။ ရိုးအ,လွန်းပြန်တော့လည်း သင်တိုင်း မတတ်ပြန်ဘူး။ အဓိက,က သာမန်အနေအထားရှိတဲ့ မိန်းကလေးဆိုရပြီ။ ပညာအရည်အချင်းဆိုလည်း ရိုးရိုးသာမန်ဘွဲ့ပေါ့။ ငွေကြေးဥစ္စာဆိုလည်း သာမန်ပဲ။ ကိုယ့်ထက်နိမ့်ရင် ပိုတောင်ကောင်းသေးတယ်။ ကိုယ့်ချွေးမလေးဆိုရင် ကားမမောင်းတတ်ဘူးလေ။ သူ့ကို ကားမောင်းသင်ပေးတော့ ပျော်နေတာ၊ တကယ်တမ်းတော့ ဒါတွေဟာ သူ့အတွက်ထက် ကိုယ့်အတွက်ပဲလေ ဝေလွင်ရဲ့ ...

သူက ကိုယ့်လောက် မပြည့်စုံတဲ့အနေအထားက လာခဲ့တော့ ဒါတွေကို အဟုတ်ကြီး ထင်မှတ်နေတော့တာပေါ့။ နှုတ်ချိုရင် ပြည်စိုးတယ်တဲ့ ဝေလွင်ရဲ့၊ ဒီလိုချွေးမမျိုးကို ရထားပြီဆိုရင် ပုံစံသွင်းနေတဲ့ အချိန်မှာ ချိုချိုသာ

www.burmeseclassic.com

www.burmeseclassic.com

သာလေးနဲ့ ပုံစံသွင်းတတ်ရတယ်။ ကိုယ်လုပ်တတ်ရင် ကိုယ့်အတွက်ချည်းပဲ ကျန်တာလေ။ အစတည်းက ဒီပုံစံဝင်လာမယ့် ချွေးမလောင်းမျိုးကို ရှာထားပြီး ဒီဖော်မြူလာတွေအတိုင်းသာ ပုံစံသွင်းသွားရင် မင်း နောင်ရေး စိတ်အေးဖို့သာ ပြင်ထားပေတော့”

“ဒီလိုကိစ္စမျိုး တကယ်ရှိလားဟင်”

“ဩော် ... လက်တွေ့စမ်းသပ်ကြည့်လိုက်လေ၊ အရှုံးမရှိပါဘူး”

ဒေါ်ဝေဝေလွင်သည် ဒေါ်သီတာပြောသည့် စကားတို့ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကာ မျက်လုံးထဲတွင် သားကြီး၏မိန်းမဖြစ်သူ ချွေးမအကြီးကို ပြေးမြင်လို့လာသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် အင်ဂျင်နီယာတစ်ယောက်ဖြစ်သော ချွေးမရဲ့မျက်နှာသည် သူ နေ့စဉ်ကျင်လည်နေရသော အုတ်ခဲ၊ ဘိလပ်မြေတွေလိုပင် အေးစက်စက် မာကျောကျောဖြစ်သည်။ သားဖြစ်သူနှင့် တန်းတူဝင်ငွေရှာနေရသဖြင့် ယောကျ်ားတောင် ထမင်းခူးမကျွေးချေ။ ယောက္ခမဆိုတာများ ပြုံးပြဖော်ရတာတောင် ကျေးဇူးတင်ပေးရမလို ဖြစ်နေသည်။ သီတာရဲ့ချွေးမ





လို ယောက္ခမကို အပို့အကြိုလုပ်၊ ဟင်းချက်ဈေးဝယ်လုပ်ဖို့ ဆိုတာတော့ဝေး။

အင်း ... ပညာထူးချွန်ထက်မြက်တဲ့ မိန်းကလေးကို ပယ်ဆိုတာ ဖြစ်တော့ ဖြစ်နိုင်တာပဲ။ ဒီလိုတွေးမိလျှင် သားငယ်လေးရဲ့ရည်းစားကို သတိရသွားသည်။ ကောင်မလေးက NGO အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်သည်တဲ့။ လခကလည်း ဒေါ်လာနဲ့ရတယ်ဆိုပဲ။ ဒါဆိုရင် သူမကရော သရီးအင်ဝမ်းချွေးမ ဖြစ်လာနိုင်ပါ့မလား။ ဘုရား ... ဘုရား ... ဒါဆိုရင်တော့ မဖြစ်ကော့ဘူးထင်သည်။ အဲဒီအချိန်မှာပဲ ဒေါ်သီတာ၏စကားသံက ထပ်ထွက်လာသည်။

“အရေးကြီးတာ ပြောဖို့ကျန်ခဲ့တယ်။ အဲဒီဖော်မြူလာတွေ အပြင် အဓိကရှိရမယ့် အချက်က ကိုယ့်သားကိုယ်ပိုင်ဖို့က အရင်လိုတယ်နော်။ အဲဒါ အရေးအကြီးဆုံး အချက်ပဲ။ ကိုယ့်သားကိုယ် မပိုင်လို့ကတော့ သရီးအင်ဝမ်းချွေးမရဖို့ Chance နည်းတယ်။ ကဲ ... ဘယ်လိုလဲ”

ဒေါ်သီတာက မေးဆတ်ပြလျှင် အဲဒီမေးခွန်းကို ချက်ချင်းမဖြေနိုင်ချေ။ မျက်လုံးထဲတွင် ကောင်မလေးနဲ့ ချိန်းအေး


www.burmeseclassic.com


www.burmeseclassic.com



သောကြောင့် အမေဖြစ်သူကိုတောင် မင်္ဂလာဆောင်သို့ Taxi နှင့် သွားခိုင်းသော သားဖြစ်သူကို မြင်ယောင်လာမိသည်။ ဘုရား ... ဘုရား ... ဒီပုံမျိုးနဲ့ဆို သရီးအင်ဝမ်းချွေးမ ရမှရပါ့မလား။ မရလို့တော့ မဖြစ်ချေ။ ဘက်စုံအသုံးဝင်သည့်ချွေးမကို ရှာထက်တောင် မက်မောသေးလေသည်။ အရှင်ဘုရား ... သရီးအင်ဝမ်းချွေးမလေး ပေးသနားတော်မူပါ။

✧ ❦ ✧






www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်နဲ့တစ်ယောက်၊ အတိအကျပြောရ လျှင်တော့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်မြတ်နိုး ကြရာဝယ် ဘယ်အရာက အရေးပါဆုံးဖြစ်မည်ဟု သင်ထင်ပါ သနည်း။ ကိုယ့်ပုံစံနဲ့ ကိုယ်တော့ အရေးပါဆုံး အချက်အလက် တွေ ရှိကောင်းရှိကြပါမည်။ ဒါပေမဲ့ သူ့မှာတော့ အဲဒီလိုစံတွေ မရှိခဲ့။

သူချစ်မြတ်နိုးရသော ကောင်မလေးကို သူက ဘာ စံတွေမှ မပါဘဲ ရိုးရိုးလေး ချစ်မြတ်နိုးခဲ့တာဖြစ်သည်။ ရိုးရိုးလေး ချစ်ပေမယ့် ပေါ့ပေါ့လေးတော့ မချစ်ခဲ့ပါ။ နက်နက်ရှိုင်းရှိုင်းချစ် ခဲ့တာဖြစ်သည်။ ပြီးတော့ သူမကို မပိုင်ဆိုင်ရတော့ဘူးဆိုတာ သိရတော့မှ ဘယ်လောက်တောင် ချစ်နေခဲ့သလဲ ဆိုတာကိုလည်း ထိတ်လန့်အံ့သြဖွယ် သိမြင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ ဝမ်းနည်းစရာအကောင်းဆုံး ကိစ္စရပ်တစ်ခုမှာ သူနဲ့ကောင်မလေးသည် တစ်ယောက်နဲ့တစ်ယောက် အင်မတန် နားလည်သောသူများ ဖြစ်နေပါလျက်နှင့် နီးစပ်ခွင့် မရခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

✧ ✧





မှတ်မှတ်ရရ ထိုကောင်မလေးကို စတင်မြင်ဖူးခဲ့သည်မှာ မဂ္ဂဇင်းတိုက်တစ်တိုက်မှာ ဖြစ်သည်။ သူက လက်ရှိအောင်မြင်နေသော ဘတ်ဆဲလားစာရေးဆရာတစ်ဦး ဆိုပါစို့။ မဂ္ဂဇင်းတိုက်က အယ်ဒီတာတစ်ယောက်နှင့် လာရောက်တွေ့ဆုံစဉ်မှာ သူမကို ပထမဆုံး စမြင်ဖူးခဲ့တာဖြစ်သည်။ ဖစ်တိုးရီးယားဆံပင်ပုံစံလေးနှင့် တီရှပ်တစ်ထည်၊ ဂျင်းန်ပန်တစ်ထည်ကို ခပ်ရိုးရိုးသာ ဝတ်ဆင်ထားသော်လည်း စတိုင်လ်တစ်ခု ဝင်နေသည့် ကောင်မလေးကို သူက မော်ဒယ်လ်လားဟုတောင် ထင်ခဲ့သေးသည်။ ဒါပေမဲ့ အယ်ဒီတာက မိတ်ဆက်ပေးတော့မှ စာရေးဆရာမပေါက်စလေးမှန်း သိခဲ့ရသည်။

"တုမရ … ဒါက စာရေးဆရာမလေးလေ။ ဘရဏီတဲ့"

အယ်ဒီတာရဲ့စကားကို သူမက ရှုံ့မဲ့ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးဝင်းကိုကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ မဟုတ်တာတွေ"

"အံ့မယ် ... ဘာမဟုတ်ရမှာလဲ၊ ဒါ ညည်းကြိုက်တဲ့စာရေးဆရာပဲဟာ။ အောင်မာ သူ့ကို ကံကောင်းလို့ တွေ့ရတာနော်။ ဒီကောင်က တစ်နိုင်ငံလုံးကို လှည့်ရှာရလှည့်နေတာ။ တွေ့တုန်း မိတ်ဆွေဖွဲ့ထား"

သူမက ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းယမ်းပြသည်။ အဲဒီပုံခဲလေးကို သူက သဘောတကျနှင့် ပြုံးစိုက်ကြည့်ရင်းမှ စကားသွားပြောမိသည်။

"ဟုတ်လား ... စာရေးဆရာမ အသစ်လား။ ထွက်တာဘယ်နှအုပ်ရှိပြီလဲ။ ဆောရီး ... ကိုယ်က မိန်းကလေးစာရေးဆရာတွေ သိပ်မဖတ်တော့ ကလောင်သစ်တွေဆိုသိပ်မသိဘူး"

အဲဒီစကားကြောင့် သူမက သူ့ကို စူးစူးရဲရဲကြည့်ကာ မျက်နှာကလည်း မဆိုစလောက် တည်သွားတာကို သူ သတိထားမိသော သူက ချက်ချင်းပဲ ရိပ်မိလိုက်သည်။ ခက်တာက သူသည် စကားပြောကောင်းသော သူတစ်ယောက် မဟုတ်ပါ။ သို့သော်





ကားပြောမကောင်းစွာနဲ့ပဲ ရည်းစားကလည်း များပြန်ပါသေးသည်။ ခြကြောင့် ကောင်မလေးတွေရဲ့အထာကိုလည်း ကောင်းကောင်းကြီးပဲ သိလေသည်။

"ကျွန်မက ဘာဝတ္ထုမှ ထွက်သေးတဲ့ စာရေးဆရာ မဟုတ်ပါဘူး။ ဝတ္ထုတိုတွေပဲရေးတာ။ ဦးဝင်းကို ... ဏီ ပြန်တော့မယ်။ နောက်မှ တွေ့မယ်လေ"

သူမက ပြောပြောဆိုဆို မတ်တတ်ထရပ်သည်။ ဒီတော့မှပဲ ဖြူစင် မြင့်မားသွယ်လျသော တစ်ကိုယ်လုံးအလှကို ပ်မံရှုစားခွင့် ရတော့တာဖြစ်သည်။

"နေဦးလေ၊ ဒီမှာ စာရေးဆရာ့ရယ်၊ နင်ရယ်၊ ငါရယ် ကော်ဖီသွားသောက်မလို့ကို"

"တော်ပြီ၊ ဏီ သွားစရာရှိသေးလို့"

သူမက သူ့ကိုတော့ နှုတ်ဆက်စကားတောင် မဆို ခိမ်းစိမ်းကားကားပဲ လှည့်ထွက်သွားသည်။ သူက ဒါမျိုးမှ သောကျလေဟန်ဖြင့် ပခုံးကို တစ်ချက်တွန့်ကာ သူမအကြောင်း သိလိုစွာနှင့် အယ်ဒီတာ့ထံမှာ စပ်စုလိုက်သည်။ သူ့အကြောင်း သိသော အယ်ဒီတာက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ဒါတော့ သွားမလုပ်နဲ့နော်။ ကျုပ်သူငယ်ချင်း ရဲ့တူမဗျ။ ကောင်မလေးက သူ့ဟာသူ အေးဆေးနေတာ စာရေးတာတော့ တော်တော်ဝါသနာပါတယ်။ မဂ္ဂဇင်း မှာတော့ ဝတ္ထုတိုလေးတွေ တော်တော်များများ ပါပြီးပြီ အခု စာအုပ်ထုတ်ဖို့ (.........)စာပေတိုက်က ကမ်းလှမ်း ထားတယ် ...

ကဲပါဗျာ။ သူ့ကိုသွားပြီး စိတ်ဝင်စားမနေပါနဲ့ ခင်ဗျားမှာက ပေါပြီးသားပါ။ ကိုယ့်လူရေ ... ဝတ္ထု လေး ပေးဖို့လည်း စဉ်းစားဦးဗျ"

"အေးပါဗျာ"

သူက အေးရာအေးကြောင်းဆိုရင်း အဲဒီကောင်မလေး ကို အဲဒီကတည်းက မှတ်မှတ်ထင်ထင် ရှိခဲ့သည်။ နောက်တော့ မဆုံဖြစ်ကြတော့။ သူကလည်း စာရေးတာရယ်၊ ခရီးသွားတာရယ် စီးပွားရေးလေး ဘာလေး လုပ်တာရယ်နှင့် မြို့ထဲဘက် သို ရောက်ဖြစ်။

ဒီလိုနဲ့ပဲ တစ်နှစ်လောက် ကြာသွားခဲ့သည်။ သူ နှစ်ယောက် ဇာတ်လမ်းမှာ သူရေးနေကျ ဝတ္ထုတွေထဲကလို၊ ဒါ





ဟုတ် သူမ ရေးနေကျ ဝတ္ထုတွေထဲက မင်းသားနဲ့ မင်းသမီးလို တွေ့ပြီး နောက်တစ်နေ့မှာ ဖုန်းတွေအပြန်အလှန်မပြောကြပါ။ ဘက်ဖိဆိုင် အတူမထိုင်ဖြစ်ကြပါ။ သူ့ဟာနှင့်သူ၊ ကိုယ့်ဟာနဲ့ ကိုယ် အစီအစဉ်အတိုင်း စနစ်တကျ နေထိုင်ခဲ့ပြီးမှ ရင်ခုန်ဖွယ် ကောင်းသော နေ့လေးတစ်နေ့မှာ ပြန်လည်ဆုံတွေ့ခဲ့ရတာဖြစ် သည်။

အဲဒီနေ့က ဖေဖော်ဝါရီ ၁၄ ရက်ဖြစ်ကာ ရယ်ချင် ရာကောင်းသော အလွဲတစ်ခုကတော့ သူ့ဆီမှာ လက်ရှိရည်းစား တစ်ယောက်က ငုတ်တုတ်ကြီး ပါလာခဲ့ခြင်းပဲ ဖြစ်လေသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူသည် အများသူငါတွေ ရင်ခုန်သလို အဲဒီအမှတ်တရနေ့ကို ရင်မခုန်တတ်ခဲ့ပါ။ သူ့အသက်အရွယ်ဟာ သုံးဆယ်ထဲမှာမို့ သိပ် feel မလာတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ သိပ်တော့လည်း မဆိုင်ပါ။ သူ့ရဲ့နဂိုဗီဇကကို အဲဒီလို အထိမ်းအမှတ်တွေကို ဝါသနာမပါတာဖြစ်သည်။

အဲဒီလိုနေ့မျိုးမှာ အင်္ကျီတွေ ဆင်တူဝတ်ပြီး လျှောက်သွားရတာကိုလည်း ကြောင်သည်ဟု ထင်သူဖြစ်သည်။ ဒါ့ကြောင့် ဘယ်ရည်းစားကိုမှလဲ ဘယ်လိုချစ်သူ့အမှတ်တရ လက်ဆောင်မျိုးကိုမှ မပေးဖူးခဲ့ချေ။ ဒါပေမဲ့ အဲဒီနေ့ကတော့ သူ့ရည်းစားက ဇွတ်ဂျီကျကာ စတင်ချိန်းသဖြင့် သူကိုယ်၌ကလည်း အပြင်ကမ္ဘာက အတွဲတွေ ဘယ်လိုလှုပ်ရှားနေကြသလဲဆိုတာ သိချင်သဖြင့် ရည်းစားနှင့် အပြင်ထွက်ဖို့ လက်ခံလိုက်တာဖြစ်သည်။





သူမကိုတော့ ကော်ဖီဆိုင်တစ်ဆိုင်မှာ ဆုံတွေ့တာဖြစ်သည်။ သူ့ရည်းစားက သန့်စင်ခန်း သွားနေတုန်းမှာပဲ စားပွဲဝိုင်းတစ်ဝိုင်းမှ ထလာသော မိန်းကလေးသုံးယောက်ထဲမှာ သူမကို ချပြုမိသွားတာဖြစ်၏။ ပထမတော့ အမှုမဲ့ အမှတ်မဲ့ ငေးနေမိသော သူသည် နောက်တော့မှ သူမကို မှတ်မိသွားသည်။ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးလောက်က တွေ့ခဲ့ဖူးသော ဆံပင်ဟိုတိုလေးက ယခု ပခုံးကျော်ကာ ခြေဖြင့်ဖွင့်ဖြာနေကြသည်။ ကန်းထရိုးရှပ်အကျႌလေးနှင့် ဂျင်းနံ့တစ်ထည်ကိုသာ ခပ်ရိုးရိုး ဝတ်ဆင်ထားသော်လည်း စတိုင်လ်မိုက်လှသူလေးကို သူက ငေးမောကြည့်နေပြီး အနားရောက်မှ ရုတ်တရက် ထခေါ်မိသည်။

"မင်း ... ဘရဏီ မဟုတ်လား"

သူမက သူ့ကို မြင်သော်လည်း အံ့ဩဟန်မပြ။ ဒီလိုဆို သူမက ကြိုမြင်ပြီးသား ဖြစ်ပါလိမ့်မည်။

"ဟုတ်ပါတယ်"

"သြော် ... ကိုယ်တို့ မတွေ့ဖြစ်တာတောင် ကြာပြီနော်"

သူမက စကားလုံး ကပ်စေးနည်းဟန်ဖြင့် ခေါင်းပဲ ညိတ်ပြသည်။ အနီးကပ်ကြည့်လေ၊ ဆွဲဆောင်မှုအားကောင်း



www.burmeseclassic.com

www.burmeseclassic.com



လေ ဖြစ်သော မျက်နှာလေးကို သူက သေချာစွာ စေ့စေ့စပ်စပ် ကြည့်ကာ ...

"မင်း ဝတ္ထုတွေ ထွက်ပြီလား"

"ထွက်ပြီ။ ရှစ်အုပ်ဘောင် ရှိပြီ"

"အို ... ဟုတ်လား။ ကောင်းပြီ၊ ကိုယ် ဖတ်ကြည့်လိုက်ဦးမယ်။ ကြိုက်ရင်တော့ မင်းရဲ့ပရိသတ် ဖြစ်ပြီပေါ့။ ဝေဖန်မှာနော်။ ရတယ် မဟုတ်လား"

"ဖတ်ကြည့်မနေပါနဲ့။ သေချာပေါက် ရှင် ကြိုက်မှာမဟုတ်ပါဘူး။ ခွင့်ပြုပါဦး"

သူမက ပြုံးထေ့ထေ့ဖြင့် ဆက်လျှောက်သွားသည်။ အဲဒီ မထီတရီမျက်နှာပေးနှင့် မဖတ်နဲ့ဟူသော အပြောကြောင့်ပဲ သူမရဲ့စာအုပ်တွေကို ညတွင်ချင်း ချက်ချင်းသွားငှားကာ တစ်ညလုံးလုံး မိုးလင်းပေါက် ထိုင်ဖတ်ပစ်လိုက်သည်။ ပြီးတော့ သူမရဲ့ဖုန်းနံပါတ်ကို စုံစမ်းကာ နောက်တစ်နေ့ပဲ သူမဆီသို့ ဖုန်းဆက်ခဲ့ပါသည်။

✧ ✧ ✧





တကယ်တော့ သူမထံသို့ ဖုန်းဆက်ခဲ့ခြင်းနှင့် ရင်းနှီးခွင့်ရအောင် ကြံဆောင်နိုင်ခဲ့ခြင်းများမှာ သူ့ရဲ့မခံချင်စိတ်တစ်ခုကြောင့်သာ ဖြစ်သည်။ ပြောရလျှင် သူဟာ လက်ရှိအချိန်မှာ သူမထက် များစွာအောင်မြင်ကျော်ကြားသော Best Seller တစ်ယောက်ဖြစ်သည်။

ဝါသနာကြောင့်သာ စာရေးသောကြောင့် သူ့စာအုပ်တွေဟာ သုံးလေးလနေမှ တစ်ခါထွက်သော်လည်း ထွက်သမျှဘိုင်းဟာ ရုပ်ရှင်၊ ဗီဒီယိုဖြစ်သည်။ ရုပ်သိပ်မချောသော်လည်း ကြည့်ကောင်းအောင် နေတတ်သူမို့ရော၊ အောင်မြင်မှုရဲ့အရှိန်ကြောင့်ရော သူ့ကိုဆိုလျှင် ကောင်မလေး တော်တော်များများက ကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမှ ဒီလို ငွေချုတ်စာရေးဆရာမလေးတစ်ယောက်က စိတ်မဝင်စားသလိုလို ပမာမခန့်သလိုလို ဆက်ဆံတာကြောင့် သူက မခံချင်ဖြစ်ကာ သူမနှင့် ရင်းနှီးအောင် ကြိုးစားခြင်းဖြစ်ပြီး လေးနက်သော ခံစားချက်မျိုး မရှိခဲ့ပါ။

အရင်ကောင်မလေးတွေလိုပဲ ပေါ့ပေါ့ထားခဲ့သော်လည်း ကြာလာသောအခါ သူ့စိတ်တွေသည် လေးနက်တည်ငြိမ်ခြင်းဆီသို့ တဖြည်းဖြည်း ကူးပြောင်းသွားခဲ့တာဖြစ်သည်။

ဒါကလည်း သူမက သူ တွေ့ဖူးသော တခြားမိန်းကလေးတွေနဲ့ မတူသောကြောင့် ဖြစ်ပါသည်။ သူနဲ့စကားပြောလျှင် ရင့်သလို၊ ပြတ်သလို ထင်ရသော ကောင်မလေးသည် တခြားသူတွေနဲ့ ဆိုလျှင်တော့ အဆင်ချောနေတတ်သည်။ ဒါပေမဲ့ အဲဒီလို ဘုဘောက်ပြောရင်းမှ ပို၍ ရင်းနှီးသွားစေသလားတော့ မပြောတတ်ပါ။

သူမနှင့် သူသည် အပြင်မှာတွေ့တာနည်းပြီး သူကသာ သူမကို ဖုန်းဆက်လေ့ရှိသူဖြစ်သည်။ လက်ကိုင်ဖုန်းကို မုန်းတီးသော သူသည် ခရီးသွားချိန်မှအပ လက်ကိုင်ဖုန်းကိုင်သူမဟုတ်ပါ။ သူမထံ ဖုန်းဆက်လျှင်လည်း ကြိုးဖုန်းနဲ့ပဲ ခေါ်သူဖြစ်သည်။





တစ်ခါတုန်းက သူ အပြင်သွားတုန်း ဖုန်းလာသွားသဖြင့် သူက သူမထံ ဖုန်းဆက်မေးသည်။ မင်း ကိုယ့်ကိုဖုန်းဆက်သေးလားဟူသော အမေးစကားကို သူမက ရင်ဝဖနောင့်နဲ့ကန်သလို ပြန်ဖြေတာကို မှတ်မိနေသေးလေသည်။

"ရှင့်ဆီကို ကျွန်မက ဘာကိစ္စနဲ့ ဆက်ရမှာလဲ။ ဆက်ဇရာလား။ အားအားယားယား"

သူက အဲဒီလို ပြန်ဖြေတာကို တော်တော်တင်းသွားခဲ့သည်။ ဒါပေမဲ့ စိတ်လည်းမဆိုးရက်နိုင်။ အဲဒီလို ပေစောင်းစောင်း အပြောအဆိုတွေကိုပဲ ရင်ခုန်မှန်းမသိ ရင်ခုန်ခဲ့တာ ဖြစ်နိုင်လေသည်။ ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်ဖူးသော ဂရုစိုက်ခြင်းမျိုးတွေဖြင့် သူမအပေါ်ကို အပြည့်အဝ ဂရုစိုက်ခဲ့သည်။ အဓိက,ကတော့ သူမကို ဒီထက်အဆပေါင်းများစွာ အောင်မြင်စေချင်သော စေတနာဖြင့် သူ သိသလောက်၊ တတ်သလောက် လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်ပါသည်။

သူ့ကိုဆိုလျှင် ပုဂ္ဂိုလ်ရေးအရ ဘယ်တော့မှ အထင်မကြီးသော ကောင်မလေးသည် စာကြောင်းပေကြောင်း ပြောရမည်ဆိုလျှင်တော့ တက်တက်ကြွကြွကြီးပဲ ရှိနေတတ်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေကိုလည်း ခွဲနပ်ကြီးစွာ အပတ်တကုတ် ရေးတတ်သူတစ်ဦး ဖြစ်ပါသေးသည်။

ဒါကြောင့် သူမရဲ့စာအုပ်တွေက တစ်လကို တစ်အုပ် ပုံမှန်ထွက်လေ့ရှိသည်။ အဲဒါကိုလည်း သူက အမြဲမခံချင်အောင် ပြောတတ်သည်။

"မင်းကွာ ... စာအုပ်တွေက တစ်လကို တစ်အုပ်ထွက်နေတာပဲ။ မင်းကိုယ်တိုင် ရေးတာရော ဟုတ်ရဲ့လား။ ရှဲဒိုးရှိတယ်နဲ့ တူပါတယ်"

သူက အဲဒီလို ပြောလိုက်လျှင် သူမက လုံးဝမဖြုံပါ။ နှုတ်ခမ်းကို တမင်ထော်ပြီးပြုံးကာ (သူမမို့ အဲဒီလို ပြုံးပဲပြုံးတတ်ပါသည်။ အဲဒီလို ပြုံးတိုင်း အရမ်းချစ်ဖို့ ကောင်းသည်။)

"ဟုတ်တယ်လေ၊ ရှင်ကိုယ်တိုင် ရေးပေးတာပဲဟာ"

အဲဒီအခါမျိုးတွင် သူ ဘာမှပြန်မပြောနိုင်ပေ။

ဒါပေမဲ့ သူမရဲ့မျက်နှာကို အကြာကြီး ငေးကြည့်နေပြီးတော့မှ ...

"ဏီဏီရယ် ... မင်းက သိပ်ချစ်ဖို့ ကောင်းတာပဲနော်။ မင်းကို အရမ်းချစ်တာပဲ"





သူ့စကားကြောင့် သူမရဲ့မျက်နှာက ရုတ်တရက် နီမြန်းသွားပြီးတော့မှ သူ့ကို အထင်သေးသလို စိုက်ကြည့်ခဲ့တာ မှတ်မိနေသေးသည်။ အဲဒီအကြည့်ကြောင့် သူကလည်း ခံပြင်းသွားကာ နှုတ်မှ ထွက်မိထွက်ရာ ထွက်သွားသေးသည်။

"ဟိတ် ... အဲဒါ ရည်းစားစကား ပြောတာ မဟုတ်ဘူးနော်။ ရည်းစားစကား ပြောတယ် ထင်မနေနဲ့"

အဲဒီစကားကြောင့် သူမမျက်နှာ အရောင်ပြောင်းသွားပုံက ပို၍ကြောက်စရာကောင်းသွားသည်။ သူ့ကိုယ်သူ မှားသွားပြီဟု သိသော်လည်း ကျွံပြီးသွားသော စကားလုံးများကို ဘယ်လိုမှ ပြန်ကောက်၍ မရတော့။ သူမရဲ့မျက်နှာကတော့ စိတ်ဆိုးနေသည့်ပုံစံမှ တဖြည်းဖြည်းနှင့် လှောင်ထေ့ထေ့ပုံစံသို့ ပြောင်းသွားသည်။

"အေးလေ ... ကျွန်မ နည်းနည်း မှားသွားတာ။ ရှင်က ဒါမျိုးစကားကို ထမင်းစားရေသောက် ပြောနေကျပဲ။ ဒါပေမဲ့ ကျွန်မက ရှင်တွေ့ဖူးတဲ့ မိန်းမမျိုး မဟုတ်ဘူး။ လာမပြောနဲ့ စာရေးဆရာ။ ရှင် အီရမယ့် မိန်းမစားမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ့်အတွက်တော့ မင်းက ဘာမှ ထူးခြားမှု မရှိပါဘူး"

သူက မခံချင်စွာ ပြန်ပြောမိလျှင် သူမက ခပ်တင်းတင်း တစ်ချက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားတော့သည်။ ဘာမှ မပြောချင်တော့ဘူး၊ စိတ်ကုန်သွားပြီဆိုသော သဘော။

သူသည် ပထမတော့ သွားလည်း ဘာအရေးလဲ၊ ဂရုစိုက်လို့ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းကာ တွေးလိုက်သည်။ ဒါပေမဲ့ သူမ ကြည့်သွားသော အကြည့်များကို တွေးမိသွားလျှင် ဘယ်လိုမှ နေထိုင်လို့ မရပါ။

ဒီလိုခံစားချက်မျိုးကို ဘယ်တုန်းကမှ သူ မခံစားခဲ့ဖူး။ သူ့ကိုယ်သူ ရှောရှိနေပြီဟု သိသော်လည်း အဲဒီခံစားချက်ကို လျစ်လျူရှုပစ်လိုက်သည်။ မိန်းမတစ်ယောက်အတွက် ခံစားရတာလောက် အောက်တယ်မရှိဟု သတ်မှတ်ထား၍ ဖြစ်ပါသည်။

✧ ❦ ✧





အထက်က ဖြစ်သွားခဲ့သော ကိစ္စနှင့် ပတ်သက်၍ သူက သူမထံ ဖုန်းမဆက်ဖြစ်အောင် တတ်နိုင်သမျှ အောင့်အည်းထားသော်လည်း သုံးရက်ထက် ပိုမနေနိုင်ခဲ့ပါ။ သူမကတော့ သူ့ထံသို့ ဘယ်တော့မှ ဆက်လေ့မရှိသူမို့ သူမထံမှ ဖုန်းကိုတော့ မျှော်လင့်စရာ အကြောင်းမရှိခဲ့။

သူ ဖုန်းဆက်တော့လည်း သူမက ဘာမှမဖြစ်သလို ပုံစံနဲ့ပဲ ပြန်ပြောသည်။ သူမရဲ့ပုံစံသည် သူ့အပေါ်မှာ လုံးဝကို ဥပေက္ခာပြုထားတယ်ဟုသော ပုံစံမျိုးဖြစ်သည်။ သူက အဲဒါကို သိသဖြင့် တတ်သည့်ပညာ မနေသာလုပ်ကာ ဟာသတွေ ပေါင်းစုံလျှောက်ပြောတော့မှ သူမ ရယ်မော်ရလာသည်။ ပြီးတော့ ထူးဆန်းသော မှတ်ချက်တစ်ခုကို ပေးလေသည်။

"ရှင့်ကို ဘကယ်ချစ်မိတဲ့ မိန်းကလေးကတော့ တော်တော်သနားစရာ ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ၊ ကိုယ် ဘယ်သူ့ကိုမှ အသည်းမခွဲခဲ့ဖူးပါဘူး"

"သေချာလား။ အသည်းခွဲတဲ့အဆင့် မရောက်သေးတာပဲ နေမှာပါ။ ရှင်နဲ့တွေ့တဲ့ မိန်းကလေးတိုင်းက ရှင့်ဝတ္ထုတွေအတွက် ကုန်ကြမ်းဖြစ်သွားတာပဲလေ"

"ဝတ္ထုဖြစ်သွားတယ် ဆိုတာတော့ လက်ခံပါတယ်။ ဒါပေမဲ့ တမင် ကုန်ကြမ်းရှာခဲ့တာမှ မဟုတ်တာ"

"ဟား ဟား ... တောမှာ သွားပြော စာရေးဆရာ။ နှင်းဆီပင်စိုက်ရင် နှင်းဆီပင်ပဲ ပေါက်မှာ သိနေတဲ့ကိစ္စကြီးကို မတော်တဆလို့ မပြောစမ်းပါနဲ့"

"မင်းက ကိုယ့်ဆိုရင် သိပ်ဖတ်တတ်တာပဲနော်၊ အရမ်းသိတာပဲလား ... ဟုတ်လား"

သူက အဲဒီလို မထိခလုတ် ထိခလုတ် ပြောလျှင် သူမက တဟားဟားနှင့် အော်ရယ်သဖြင့် သူတောင် ကြောင်တောင်တောင် ဖြစ်သွားရသည်။ သူက တကယ်ပြောတာဖြစ်သည်။ ဒါပေမဲ့ သူမကတော့ ဘယ်လိုမှတ်ယူသွားလဲတော့ မပြောတတ်ပါ။





"စာရေးဆရာ ... ရှင်က သိပ်ရယ်ရတာပဲ။ ဟာသတွေချည်း ပြောတယ်။ အိုကေ ... အိုကေ ... ဒါပေမဲ့ ဒီစကားတွေကို ဖုန်းထဲမှာပဲပြော။ ဟုတ်ပြီလား။ ဒီနေ့တော့ စာရေးလို့ ကောင်းတော့မှာပဲ"

သူမက အဲဒီလိုပြောလျှင် သူက ဘာပြန်ပြောရမှန်း မသိတော့ပါ။ တကယ်တော့ သူမက၊ သူ ပြောသမျှစကားတွေကို ဟာသ,သဖွယ် လျှော်ထားလိုက်တာဖြစ်မှန်း နောက်မှပဲ အတိအကျ သိခွင့်ရခဲ့တာဖြစ်သည်။ သူက သူမကို ဘယ်လိုကြွေကြွေ၊ ဘယ်လိုပဲခြွေခြွေ၊ သူမက အားလုံးကို ရယ်စရာအဖြစ် သဘောထားတော့တာဖြစ်သည်။

တစ်ခါတလေတော့ သူက နဖပ်ဝင်းညက်နေသည့် မျက်နှာလေးကို ငေးကြည့်ရင်း အချစ်စိတ်တွေက အတိုင်းအဆမဲ့ ပျံ့နှံ့လာလျှင် သူမကို မချင့်မရဲ မေးမိသည်။

"ဏီဏီ ... မင်းကို ကိုယ့်ရဲ့ ဟိုးနှလုံးသားအတွင်းထောင့် တစ်နေရာက ချစ်နေတယ်ဆိုရင် မင်း ယုံမှာလား"

"ဘာလဲ ... အဲဒါ ခုရေးနေတဲ့ ဝတ္ထုထဲက ဒိုင်လာ၊ အရမ်းရိုးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို မရှော်စမ်းပါနဲ့။ မင်း လူကဲခတ်မညံ့ပါဘူး ဏီဏီ။ ကိုယ် မင်းကို တကယ်ကြွေနေတာ မင်း သိပါတယ်။ တမင် ရှုးချင်ယောင် ဆောင်နေတာ မဟုတ်လား"

"ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေစမ်းပါနဲ့။ ရှင့်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ နားလည်ပေးထားတာကို အခွင့်ကောင်း မယူနဲ့"

"ကျွတ် ... ခက်လိုက်တာကွာ။ ကိုယ် ဘယ်လိုနေပြမှ မင်းကို ချစ်တယ်ဆိုတာ မင်း ယုံမှာလဲ"

သူမက သူ့ကို စိတ်တိုဟန်ဖြင့် တစ်ချက်မော့ကြည့်သည်။ ပြီးတော့မှ နှုတ်ခမ်းတွေက မထိတရိ ပြုံးသွားကာ ...

"ကြည့်ရတာ ခလောလောဆယ် ရှင့်မှာ ရည်းစားတစ်ယောက်လောက်တောင်မရှိဘဲ ပြတ်လပ်နေတယ် ထင်တယ်။ အိုကေ ... ရှင့်အတွက် ရည်းစားတစ်ယောက် ရှာပေးမယ်၊ ဟုတ်ပြီလား။ အလန်းဆုံးကို ရစေရမယ်"

"ပြဿနာပဲကွာ။ လွဲကုန်ပြန်ပြီ"

သူမက ပခုံးတွန့်ကာ ဘာမှပြန်မပြော။ ဘယ်လောက်မှမကြာပါ။ သူ့ကို ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေး





တော့သည်။ ကောင်မလေးက လှရှာပါသည်။ သူ့ကိုလည်း အရေးတယူ ရှိလှသည်။ ခင်သွားသောအခါ ဖုန်းတွေ ဘာတွေလဲ ဆက်သည်။ ဒါပေမဲ့ ရည်းစားထားရတာတွေကို စိတ်ကုန်နေပြီ ဖြစ်သော သူက ကောင်မလေးကို အရိုးရှင်းဆုံးသာ ပြောပစ်လိုက်တော့သည်။

"ကိုယ်က အရင်တုန်းက ရည်းစားများခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ ဏီဏီ့ကို တကယ်ချစ်နေတာ့ကွ။ သူက ကိုယ့်ကို မယုံဘူး ဖြစ်နေတာလေ။ အဲဒါ မင်းပါ ကူပြောပေးပါဦး"

အဲဒီအချိန်ကစပြီး ထိုကောင်မလေး သူ့ထံ ဖုန်းမဆက်တော့။ သူနဲ့ သူမ တွေ့ကြတဲ့အခါမှာတော့ သူ့ကို ပြုံးထော့ဆော့ဖြင့် လက်ပိုက်ကြည့်ကာ ...

"ရှင်က ဘယ်ဆိုးလို့လဲ။ ကိုယ့်ခြံထဲမှာ ထင်းမခွေဘူးဆိုတဲ့ အထာနဲ့ပေါ့လေ။ ဒါမှမဟုတ် နောက်တစ်ယောက်ဆို ရင်ရော"

"တော်စမ်းပါကွာ၊ မလုပ်ပါနဲ့တော့ ဏီဏီရာ။ မင်း ကိုယ့်ကို ဘာဖြစ်လို့ နားမလည်နိုင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ နားလည်ပေးရမှာလဲ။ ရှင့်ကို နားလည်ပေးလိုက်ရင် ဒီကမ္ဘာမှာ ကျွန်မလောက် ညံ့တဲ့မိန်းမ ဘယ်ရှိတော့မလဲ ရှင့်"

"ဘာဆိုင်လို့လဲ။ မင်းနဲ့ ကိုယ်လောက် တစ်ယောက်နဲ့ တစ်ယောက် ပါရမီဖြည့်ပေးနိုင်တာ ရှိဦးမလား"

"ဟား ... ရယ်စရာတွေ မပြောစမ်းပါနဲ့။ ရှင့်အချစ်ကို လုံးဝကို မယုံဘူး။ တစ်နေ့နေ့မှာလည်း ကျွန်မဟာ ရှင့် ဝတ္ထုအတွက် ကုန်ကြမ်းဖြစ်သွားဦးမှာပဲ"

သူက မပြောနိုင်သဖြင့် ဘာမှ ဆက်မပြောတော့။ သူမကို အလုကြည့်နေခွင့်နဲ့သာ ကျေနပ်နေခဲ့သည်။ သူမ စာ ရေးတတ်တဲ့အချိန်မှာ ဖုန်းပြောခြင်း၊ တစ်ခါတလေ ကော်ဖီဆိုင် တစ်ဆိုင်ဆိုင်မှာ စကားစမြည် ပြောဆိုခြင်း၊ သူမအတွက် စာတ လမ်းသစ်များ ရှာဖွေပေးခြင်းနဲ့သာ ကုန်လွန်ဖြတ်သန်းခဲ့ရသော သူသည် တစ်နေ့နေ့မှာတော့ သူမတစ်ယောက် သူ့နှလုံးသားကို နားလည်လာမည်ဟု မျှော်လင့်ခဲ့သည်။

ဒါပေမဲ့ သူ မျှော်လင့်ထားခဲ့သလို ဖြစ်မလာခဲ့ပါ။ တစ်ရက်မှာတော့ သူမက သူ့ကို လေးနက်သော စကားတစ်ခွန်း ပြောလာခဲ့သည်။





"ကျွန်မ သိပ်မကြာခင် လက်ထပ်တော့မယ် စာရေးဆရာ"

"နောက်နေတာလား"

"တကယ်ပြောတာပါ။ ရှင့်ကို တမင်ပြောပြတာ။ ကျွန်မကို ရှင် အရင်လိုတွေ ထိကပါး ရိကပါး မနောက်သင့်တော့ဘူးလေ"

အဲဒီတော့မှ သူက တကယ် ယုံသွားတော့သည်။ အမြဲတမ်း အပြောကြီးခဲ့သော ကောင်မလေးတစ်ယောက် ရွေးချယ်သည့် ယောကျ်ားမှာ ဘယ်လိုယောကျ်ားမျိုး ဖြစ်မလဲဆိုတာကို လည်း အတော်တလည် စိတ်ဝင်စားသွားခဲ့ပါသည်။

အချစ်အကြောင်းတွေ ရေးနေသော်လည်း သူသိသလောက်တော့ ချစ်သူရည်းစားဟူ၍ မည်မည်ရရ မထားဖူးသော၊ အချစ်ကိုလည်း သိပ်စိတ်မဝင်စားသော၊ လက်ရှိမှာလည်း အပျိုကြီးစာရင်း မဝင်သေးသော ဒီကောင်မလေးဟာ ဘယ်လိုလူမျိုးကိုမှ လက်တွဲဖော်အဖြစ် ရွေးချယ်လိုက်သလဲ။ သူသည် အသည်းကွဲတာတွေ၊ ဘာတွေနောက်ထား၊ သူမ ဘာ့ကြောင့် အိမ်ထောင်ပြုတော့မှာလဲဆိုတာ အကြီးအကျယ် သိချင်သွားသည်။

"မင်း လက်ထပ်မယ့် ယောကျ်ားက ဘယ်လိုယောကျ်ားမျိုးလဲ ဏီဏီ၊ ပြီးတော့ မင်းက သူ့ကို ချစ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သူက အရာရှိတစ်ယောက်ပေါ့။ ချစ်သလားဆိုတာကတော့ အိမ်ထောင်တစ်ခု ထူထောင်ရာမှာ အချစ်က အဓိကမကျပါဘူး။ သူကတော့ ကျွန်မကို ချစ်ပါတယ်။ ကျွန်မကတော့ သူ့ကို အားကိုးလေးစားတယ်"

"ဒါဖြင့်ရင် မင်း သူ့ကို မချစ်ဘဲနဲ့ လက်ထပ်မှာပေါ့။ မိုက်လိုက်တာ မိန်းကလေးရယ်"

သူမက သူ့ကို အသာအယာ ပြုံးကြည့်သည်။ အဲဒီ အပြုံးနဲ့ အကြည့်တွေထဲတွင် သူ့အတွက် သမုဒ္ဒယအရိပ်အငွေ့တွေ ပါဝင်နေတာကို တွေ့ရလျှင် သူ တော်တော်ကျောချမ်းသွားသည်။

ဘုရားရေ ... သူမရော သူ့ကို နည်းနည်းလေးလောက် တောင်မချစ်နေနိုင်ဘူးတဲ့လား။ သူ ဖွင့်မေးချင်လှသော်လည်း သူမက ဝန်ခံလိမ့်မည် မဟုတ်ပါ။

"အံ့သြစရာကြီးနော်။ အချစ်ဝတ္ထုတွေရေးနေတဲ့ စာရေးဆရာမတစ်ယောက်က အချစ်ဆိုတာ ဘာမှမသိဘဲ လက်ထပ်တော့မယ်တဲ့။ ဟား ဟား ... သိပ်ရယ်ရတဲ့ ဟာသပဲကွာ"





သူက နာနာကြည်းကြည်းပြောလျှင် သူမက ကျေကျေနပ်နပ်ကြီး ပြုံးကာ ...

"အဲဒီအကြောင်းကို ရှင်က ဝတ္ထုရေးလိုက်ပေါ့ စာရေးဆရာရယ်"

အဲဒီနောက် သူတို့နှစ်ယောက်သည် တစ်ယောက်နဲ့တစ်ယောက် အတန်ကြာ စိုက်ကြည့်မိကြသည်။ နောက်တော့ သူမက စတင်ပြီး ထွက်ခွာသွားခဲ့ပါသည်။ သိပ်မကြာခင်မှာပဲ သူမရဲ့လက်ထပ်မင်္ဂလာပွဲကို ကျင်းပခဲ့သည်။

သူ မသွားခဲ့ပါ။ အဲဒီနေ့မှာ သူမအကြောင်းဝတ္ထုတစ်ပုဒ် ရေးသားခဲ့တာဖြစ်သည်။ နားထဲမှာလည်း သူ့ကိုဖိတ်စာလာပေးစဉ်က သူမ ပြောသွားခဲ့သော စကားတို့ကို အကြိမ်ကြိမ်အခါခါပဲ ပြန်လည် ကြားယောင်လာမိသည်။

"စာရေးဆရာမကြီး ခင်နှင်းယု ရေးထားတဲ့ စာသားတစ်ခုကို ကျွန်မက သိပ်ကြိုက်တာ။ မိန်းကလေးတွေ ချစ်သူရွေးရင် လရောင်အောက်မှာရွေးပါ။ အိမ်ထောင်ဖက်ကိုတော့ နေရောင်ထဲမှာ ရွေးပါတဲ့လေ။ ဒါကတော့ နေရောင်အောက်က အိမ်ထောင်ဖက်ပေါ့"




www.burmeseclassic.com

www.burmeseclassic.com



ဒါဆို လရောင်အောက်က ချစ်သူက ဘယ်သူလဲဟု မမေးတော့ပါ။ တရို့အကြောင်းအရာများသည် ဘာမှမပြောလဲ သိနိုင်ပါသည်။ သူကတော့ ထူးဆန်းသောဖြစ်ရပ်မှန် ဝတ္ထုတစ်ပုဒ်ကို ရေးသားဆဲပင်။





www.burmeseclassic.com



(၁)

လူတွေက ခက်တော့လည်း ခက်သားပင်။ မိန်းကလေးတစ်ယောက်များ အသက်နှစ်ဆယ့်ငါးလောက် မရောက်လိုက်နဲ့ အပျိုကြီးဖြစ်နေပြီနော်တို့၊ ဘယ်တော့လောက် အကျိုးချုပ်ရတော့မလဲတို့ အခါတော်ပေးစကားတွေက အလွန်ပြောတတ်ကြသည်။ ယောက်ျားလေးတွေကိုတော့ အဲဒီလိုပြောသံ သိပ်မကြားရတတ်။

မိတ်ဆွေအန်ကယ်ကြီးတစ်ယောက် ပြောဖူးသောစကားကိုတော့ သတိရမိသည်။ သူမထက် တစ်နှစ်ခန့်သာကြီးသော ထိုအန်ကယ်ကြီး၏သမီး မင်္ဂလာဆောင်တော့မည်ဟု သတင်းကြားစဉ်ကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန် အရွယ်ရောက်နေသော သားနှစ်ယောက်ကိုတော့ ချန်လှပ်ထားလျက် အထွေးဆုံးသမီးကိုမှ စီစဉ်ရက်သော ထိုအန်ကယ်ကြီးကို သူမက "မစောလွန်းဘူးလား အန်ကယ်ရယ်၊ ဘဝမှာ တစ်ကိုယ်တည်း ပျော်ဖို့ကောင်းတဲ့အချိန်တွေ ကျန်ပါသေးတယ်"ဟု ဆိုတုန်းက ဖြစ်လေသည်။

"မိန်းကလေး ဆိုတာမျိုးက ကုန်စိမ်းနဲ့တူတယ် သမီးရဲ့။ ကုန်စိမ်းဆိုတာ မနက်ခင်းဈေးမှာပဲ အပြတ်ရောင်းရတာ။ ဒါမှ ဈေးကောင်းရတာ။ ညနေခင်းဈေးကျတော့ ဘယ်သူကမှ ဈေးကောင်းမပေးချင်ကြတော့ဘူး။ ယောကျ်ားလေးကျတော့ ကုန်ခြောက်လေ၊ ဘယ်အချိန် ထုတ်ရောင်းရောင်း အရေးမကြီးဘူး"တဲ့။

တကယ်တော့ ထိုကုန်စိမ်းနှင့် ကုန်ခြောက်ကိစ္စ၊ အင်း ... သမီးကညာ အခါမလင့်စေနဲ့ဟူသော စကားတွေကား ဟိုးအတိတ် ခပ်ဝေးဝေးမှာ ကျန်ခဲ့ပြီဟုထင်သည်။ အခုခေတ်ကြီးထဲမှာ ငယ်ငယ်ရွယ်ရွယ်လေးတွေကလည်း ယူချင်လျှင် ယူကြသည်။

အချစ်ရေးကို ယောင်ယောင်မျှပင် စိတ်မဝင်စားဘဲ ကြီးပွားရာ ကြီးပွားကြောင်း ရှာသူတွေကလည်း အများကြီး။





ဘယ်ဟာက အမှား၊ အမှန်ဆိုတာတော့ မဝေခွဲနိုင်တော့။ အိမ်ထောင်ကျပြီးသွားသော သူငယ်ချင်းတွေကတော့ တစ်ယောက်တစ်မျိုးစီ ညော်စီးရီးတွေ ဖွင့်ပြကြသည်မှာ နားတောင်အူရလေသည်။

"အမယ်လေး လင်းလင်းရေ၊ ယောကျ်ားများတော့ ယူဖို့ စိတ်ကိုမကူးနဲ့၊ ငါ့ဘဝထဲက အမှားတကာ့ အမှားထဲမှာ အဲဒီယောကျ်ားယူမိတဲ့အမှားက အဆိုးဆုံးနဲ့ အကြီးကျယ်ဆုံးပဲဟော့"

"ဟယ် ... ဘာလို့လဲ သော်သော်ရယ်။ နင်တို့ပဲ ချစ်လွန်းလို့ နှစ်ခါပြန်တောင် ခိုးခဲ့ရတယ်ဆို"

"အေး ... အဲဒီတုန်းက ရူးနှမ်းမိလို့ကိုးအေ့။ တစ်နေ့ တစ်နေ့ လုပ်လိုက်ရတဲ့ အလုပ်က လက်နဲ့ပြတ်တယ်လို့ကို မရှိဘူး။ သင်းတို့ကတော့ အကြော့သား အမော့သားနဲ့ လူပျိုရှုံးလို့။ ငါ့မှာသာ တစ်နေ့တခြား မျက်ဖြူဆိုက်နေတာ"

"ဩော် ... နင်က သူ့ကို ချစ်လို့ယူထားတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟာ။ ဘာမှအသုံးမကျတဲ့ အလကားအချစ်။ အဲဒီအချစ်ဆိုတာကြီးကို နင်လည်း ယုံစားပြီး ယောက်ျား သွားမယူနဲ့။ မှားမယ်မှတ်"

သူငယ်ချင်းမ ပြောသွားသော အလကားအချစ်၊ အသုံးမကျသော အချစ်ဆိုတာကြီးက သူမ၏နားထဲတွင် ပဲ့တင်သံထပ်လျက် ကျန်ခဲ့သည်။ ဒါကြောင့် နောက်ထပ်သူငယ်ချင်းမတစ်ဦးထံ သွားသောအခါ သူ့အဖြစ်က ပို၍ပင် ဆိုးနေလေတော့သည်။

"အချစ်ဆိုတာ အသုံးကျလား၊ မကျဘူးလားတော့ ငါမသိဘူး။ ငါသိတာကတော့ အကြိမ်ကြိမ် မွေးဖွားနေတယ်ဆိုတာပဲ"

"ဘာရယ် ... ဘယ်လို။ နင့်စကားက ဘယ်လိုကြီးလဲ"

"ငါ့ယောက်ျားလေ အခု ကောင်မလေးတစ်ယောက်နဲ့ ဖြစ်နေတယ်။ ဟိုတစ်နေ့က စားသောက်ဆိုင်မှာ ငါကိုယ်တိုင်မိတာ"

"ဟယ် ... အဲဒီတော့ နင်က ပွဲကြမ်းပစ်ရောလား"





"မကြမ်းပါဘူး။ ငါ သူ့ကို ကွာပေးမယ်လို့ပဲ ပြောလိုက်တယ်။ အဲဒီလိုကျပြန်တော့လည်း သူက ကွာမပေးနိုင်ဘူးတဲ့"

"ဘယ်လိုဖြစ်ရတာလဲဟယ်။ နင်တို့ရည်းစားသက်တမ်းကလည်း ခြောက်နှစ်လောက်တောင် ရှိခဲ့တာပဲ။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ် လင်မယားတွေလည်း ဖြစ်သေးတယ်။ ဒီလိုကိစ္စမျိုးတွေ ရှိလားဟယ်"

ကလေးပင် မရသေးသော အိမ်ထောင်သက် နှစ်နှစ်ကျော်ခန့်သာ ရှိသေးသည့် သူတို့၏ဇာတ်လမ်းကို ကြားရသောအခါ သူ မအံ့ဩမိတာတော့ အမှန်ပင်။ သူငယ်ချင်း၏ မျက်လုံးတွေကတော့ ရီဝေစွာဖြင့် အဝေးကိုငေးကာ ...

"ရှိလို့ပဲ အခု နင်ကြားနေရပြီလေ။ လောကကြီးမှာ ဘာကိုမှ သိပ်မျှော်လင့်ထားလို့ မရဘူးဟ။ အထူးသဖြင့် အိမ်ထောင်ရေးကိစ္စတွေက ပိုဆိုးတယ်။ နင်လည်း အိမ်ထောင်ပြုတော့မယ်ဆိုရင် သေချာစဉ်းစားဦး။ ဒီကိစ္စမျိုးဆိုတာ ဘက်ပေါင်းစုံက စဉ်းစားမှ တော်ကာကျတာ။ အေးလေ ပြောလို့လည်း မရပါဘူး။ ဘယ်လောက်ပဲ စဉ်းစား စဉ်းစား ဖြစ်ချင်တဲ့သူဟာ ဖြစ်မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကျတော့ တစ်မျိုးဖြစ်သည်။ ဒေဝီသည် ယောက္ခမနှင့် လုံးလုံးအဆင်မပြေချေ။ သူမထံကို ရောက်လာတိုင်း ယောက္ခမ မကောင်းကြောင်းတွေသာ ပြောလေ့ရှိသူပင်။

"လင်းလင်းရေ မပြောမရှိနဲ့နော်။ နင် ယောက်ျားယူမှဖြင့် ဥတစ်လုံး တစ်ကောင်ကြွက်ကို ယူတာပဲ ကောင်းလိမ့်မယ်"

"ဟယ် ... ဘာဆိုင်လို့တုံး"

"ဆိုင်ပါသကော်အေ။ ငါ့ယောက်ျား သင်္ဘောက ပို့လိုက်သမျှပိုက်ဆံကို သူကချည်းပဲ ဒိုင်ခံပြီး သိမ်းကျုံးယူတယ်လေ။ ငါက အထိန်းအသိမ်း မတတ်လို့တဲ့။ ငါ့ယောက်ျား ပြန်လာမှ အကုန်ပြန်ပေးမယ်တဲ့။ ဒီကြားထဲ ငါက ခွက်ဆွဲတောင်းစားနေရမှာလား။ ယောက်မတွေ ဆိုတာလည်း ပြောမနေနဲ့။ သူတို့မောင်ပို့တဲ့ ပိုက်ဆံနဲ့ ဝတ်စားသုံးဖြုန်းနေကြတာ။ ငါ့မှာတော့ အမေ့ဆီ လက်ဖြန့်တောင်းနေရတုန်းပဲဟော့"





"ဟဲ့ ... နင့်ဆီကိုပဲပို့လို့ ပြောပါလားဟဲ့"

"အမယ်လေး ... ပြောပါသကော။ သူကလည်း အခုမှ မိဘကျေးဇူး မြင့်မိုရ်ဦး လုပနေတာလေ။ ဒီအရွယ်ထိရောက်အောင် သူ့အမေက ပြုစုကျွေးမွေးလာရတာတဲ့။ ငါကပဲ စိတ်ပုပ်မကြီး ကျနေတာပဲ။ ငါက သူ့အမေကို မပေးရဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ ငါတို့နောင်ရေးလည်း ရှိသေးတယ်လေ။ အခုထိ ငါတို့မှာ အိုးပိုင်အိမ်ပိုင်လည်း ရှိတာမဟုတ်ဘူး။ သူ သင်္ဘောပြန်လာတုန်း ခဏဆိုရင် သူ့အမေအိမ်မှာ လိုက်နေလိုက်။ သူ သင်္ဘောပြန်တက်သွားရင် ငါ့အမေအိမ် ပြန်နေလိုက်နဲ့ ဒီလိုချည်းပဲ သွားရတော့မှာလား။ သူပို့ထားတဲ့ ပိုက်ဆံတွေနဲ့ဆို တိုက်ခန်းကောင်းကောင်းတစ်ခန်းတော့ ရနေပြီ။ ဒီဘွားတော်နဲ့တော့ ရေရှည်မှာ မလွယ်ပါဘူးဟာ"

ဒေဝီ၏ညည်းညည်းညူညူ စကားသံတို့ကို ကြားရပြန်သောအခါတွင်လည်း ယောက္ခမတွေ၊ ယောက်မတွေဟူသော ဝေါဟာရများကို အကြားနဲ့တင် လန့်ရလေသည်။ အင်း ... ဘယ်လိုတွေလဲ။ အားလုံးဟာ နှစ်ဦးသဘောတူချစ်လို့ ယူထား



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ အကြင်လင်မယားတွေပါပဲ။ ဒါပေမဲ့ အခြေအနေတွေက တစ်သမတ်တည်း မဟုတ်ဘဲ ဘယ်အရာတွေကြောင့်များ ပြောင်းလဲကုန်ကြရတာပါလိမ့်။

သူငယ်ချင်းမများ၏ ခံစားချက်များကိုလည်း သူမက ကိုယ်ချင်းစာမိသည်။ ဘယ်သူမဆို ကိုယ်ကိုယ်တိုင်ရဲ့ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်ဖြစ်ချင်ကြတော့မှာပေါ့။ ဇာတ်လိုက်အမည်ခံထားပြီး ဇာတ်ပို့ဘဝ၊ ဇာတ်ရံဘဝ ရောက်နေရဟဲ့ဘဝမျိုးကို ဘယ်သူက ကျေနပ်ပျော်ရွှင်နေပါ့မလဲ။

အိမ်ထောင်ရေးပုစ္ဆာတွေကို အဖြေထုတ်ကာ ခေါင်းရှုပ်နေသော သူမကို သူမနည်းတူ အပျိုကြီးတစ်ပိုင်း ဖြစ်နေသော သူငယ်ချင်းတစ်ယောက်ကတော့ သူ တတ်သလောက် မှတ်သလောက် ဝင်ရှင်းပြဖူးသည်။

"ဒီမယ် ... ငါကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ပေါ့ဟာ။ ချစ်သူစုံတွဲ တစ်တွဲပေါ့။ အတူတူ ထိုင်နေကြရာကနေ မိန်းကလေးက ငှက်လေးတွေ ပျံလာတာမြင်တော့ မောင်ရေ အဲဒါ ဘာငှက်လဲဟင်လို့ မေးတယ်။ ကောင်လေးက အချစ်ငှက်လေးတွေပေါ့ကွယ်တဲ့။ အဲ ... နောက်တော့ သူတို့ ညားသွားကြတာပေါ့ဟာ။ ကလေးလေးတစ်ယောက်ရလာပြီးတဲ့နောက် မိန်းကလေးက ငှက်လေးတွေတွေ့တော့ မေးပြန်ရော။ မောင် အဲဒါ ဘာငှက်လေးတွေလဲဗျ။ အဲဒီကျတော့ ယောကျာ်းက နင့်အမေလင်ငှက်ဟေ့၊ နင့်အမေလင်ငှက်ဟ ဆိုပြီး ပြန်အော်သတဲ့။ ဟား ဟား ဟား ... ပုံပြင်လေးကတော့ ဒါပါပဲဟယ်"

"ဟင် ... အဲဒါက ဘာအဓိပ္ပာယ်လဲဟ"

"ဟာ ... ပြောင်းလဲတတ်တဲ့ သဘာဝပေါ့ဟ။ ဒါ ကမ္ဘာဦးအစကတည်းက ရှိခဲ့တဲ့ဥစ္စာပဲ။ လူဆိုတာ အပြောင်းလဲဆုံးသတ္တဝါတွေပဲဟာ။ အဲဒီ ပြောင်းလဲမှုဒဏ်တွေကို မကြုံချင်လို့ တစ်ကိုယ်တည်း နေနေတာ ဘယ်လောက်ငြိမ်းချမ်းလဲ။ နင်လည်း ထွေလီကာလီတွေ စဉ်းစားမနေနဲ့။ ဒီအတိုင်းပဲကောင်းတယ်"

"ဟား ... ဒါဆို တို့က အချစ်မရှိတဲ့ လူသားတွေပေါ့"

"အချစ်မရှိလို့ ငြိမ်းချမ်းနေတာပေါ့ဟ။ အချစ်ရှိကြည့်ပါလား။ အေး ... ပြောမယ့် ကြုံဖူးမှသိပေါ့ဟာ။ မီးဆိုတာကိုင်ကြည့်မှ ပူမှန်းသိရတာပဲ။ နည်းနည်းလောက်ဖြစ်ဖြစ်







www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည့်လိုက်စမ်းပါဟာ။ ယောက်ျားဆီက HIV ကူးစက်ခံရရင် ဒါတွေဆို ဘယ်လောက် ရင်နာဖို့ကောင်းလဲ”

“တော်တော်ကြောက်ဖို့ကောင်းတဲ့ ကိစ္စတွေပါလား”

ကြောက်ဖို့ ကောင်းတယ် ဆိုသော်ငြားလည်း မကြောက်တတ်ခဲ့သော အမေကတော့ သူ့သမီး တစ်ကိုယ်တည်း ပျော်ရွှင်နေတာကို မကြည့်အားဘူးနဲ့တူသည်။ အိမ်ထောင်ပြုဖို့ အတွင်တွင် တိုက်တွန်းသည်မှာ နားပင်ငြီးမတတ်။ နောက်ဆုံး အမေ့ရဲ့ ဆန္ဒါတင်တစ်ယောက်ကို အကဲဖြတ် ကြည့်ရှုလိုက်တော့ ...

“ကိုယ်က အစားအသောက်ကောင်းဆို အရမ်းမက်တာ လင်းလင်းရဲ့။ လင်းလင်းက အချက်အပြုတ်ကောင်းတယ်ဆိုတော့ ကိုယ် ကံကောင်းတာပေါ့နော်”

ဒါက မယူရသေးခင်က စားဖို့မှူးတစ်ယောက်ရတော့မှာမို့ ဝမ်းသာအားရဖြစ်နေသော အနှိုပ်ဂျိုးလ်ရဲ့စကား။ ယောက္ခမလောင်းကြီးကရော။ သူငယ်ချင်းဒေဝီရဲ့ယောက္ခမလို အလိုလောဘမကြီးသော်ငြားလည်း သူတို့အိမ်တစ်ခုလုံးရဲ့ သန့်စင်ပြောင်လက်မှုန်တစ်စက်မှမရှိသော အနေအထားကို လိုက်ပြကာ ...



“နောက်ဆို ဒီအိမ်ကြီးက သမီးခြေသမီးလက်ပေါ့။ သမီးပဲ ဦးစီးရမှာ။ သမီးရောက်လာရင်တော့ အန်တီ အနားရတော့မှာပေါ့ကွယ်။ ကားလည်း ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်တဲ့ သမီးကို ဘယ်နေရာသွားသွား အဖော်လုပ်လို့ရပြီပေါ့။ ဟင် ... သမီးမျက်လုံးတွေ ရဲနေပါလား”

“ဟုတ်ကဲ့ ... ညက အလုပ်လုပ်တာ ညဉ့်နက်သွားလို့ အန်တီ”

“ဩော် ... ဒီလိုလည်း မလုပ်နဲ့လေ၊ အချိန်နဲ့ အိပ်မှပေါ့။ နောက်ဆို သမီးအလုပ်တွေကို လျှော့ရင်လည်းလျှော့၊ လုံးဝနားရင်လည်း နားလိုက်ပါတော့ကွယ်”

ထိုအမျိုးသမီးကြီးကိုတော့ ဘာစကားမှ တုံ့ပြန်မပြောဆိုခဲ့ချေ။ အိမ်ပြန်ရောက်တာနှင့် အမေ့ကိုတော့ လက်တွေရောခြေထောက်တွေပါ တခါခါနှင့်ပင်။

“တော်ပြီ မားသားကြီးရေ။ လုံးဝ လုံးဝကို မဖြစ်နိုင်တော့တဲ့ကိစ္စကြီးပါနော်။ လက်လျှော့လိုက်ပါတော့”

“ဟဲ့ ... ဘာလို့တုံး။ ညည်းကို ဒီလောက် ဖူးဖူးမှုတ်အလိုရှိနေကြတာအေ။ ဒီလိုကြည်ဖြူတဲ့ ယောက္ခမမျိုး အခုခေတ်မှာ ရှိနိုင်လို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက် အသုံးဝင်ရင် ရှိနိုင်တာပဲ အမေရေ။ လင်းလင်းကိုရရင် Cooking, driving and house keeping, 3 in 1 အသုံးဝင်မှာမို့ ဖူးဖူးမှုတ် အလိုရှိနေတာ။ အကောင်း အောက်မေ့မနေနဲ့။ လင်း ဒီအလုပ်တွေလည်း မလုပ်နိုင်ဘူး အမေ။ လင်းဘာသာလင်းပဲ နေပါရစေ။ လင်းကို ယောကျ်ားယူဖို့ မတိုက်တွန်းပါနဲ့တော့ အမေရယ်"

"ညည်းက ပျောင်းမမို့ပါအေ"

အမေက မကျေမနပ်ဟန်နှင့်ပင် ဘာမှမပြောတော့။ သူမကတော့ သက်ပြင်းအရှည်ကြီးကိုသာ တစ်ချက်ချကာ ...

"လင်း အိမ်ထောင်ရှင်တွေ အများကြီးကို လေ့လာပြီးပြီ အမေ။ ချစ်လည်း ချစ်ကြည့်ဖူးပြီ။ မဖြစ်ပါဘူး အမေရယ်။ လင်းစိတ်နဲ့လင်းကိုယ်ပဲ နေပါရစေ။ အမေ့အိမ်မှာ လင်း ထချင်တဲ့အချိန်မှ ထတယ်။ လင်းလုပ်ချင်မှ လုပ်တယ်။ အစားအသောက် ချက်ပြုတ်တာ ဝါသနာပါတယ်ဆိုပေမယ့် သူများအတွက် တာဝန်တစ်ခုလို နေ့စဉ်လုပ်ပေးရမှာမျိုး လင်း မလိုလားဘူး။ တာဝန်ဆိုတဲ့ စကားလုံးမှာ အိမ်ထောင့် တာဝန်ကို လင်း ထမ်းဆောင်နိုင်ပါဘူး အမေ"

✧ ❀ ✧





(၂)

ဒီလိုနှင့် သူမ လူတစ်ယောက်ကို ချစ်ကြည့်လိုက်သည်။ ဒီနေရာမှာ နည်းနည်းမေးစရာရှိမည် ထင်ပါသည်။ အချစ်ဆိုတာ အဲလိုချစ်ကြည့်လိုက်လို့ ရသလားဟု။ သူတကာတွေ ပြောနေသည့် နှလုံးသားမှ မွေးဖွားလာတာ ဘာညာဟူ၍တော့ သူမ သိပ်နားမလည်။

ထိုလူတစ်ယောက်ကတော့ဖြင့် မဆိုးဘူးဟု မှတ်ချက်ချကာ ချစ်ကြည့်လိုက်ခြင်းသာ ဖြစ်သည်။ သို့သော် အေမီ ပြောသလို ချစ်ကြည့်လိုက်သည့် အချိန်မှစ၍ ငြိမ်းချမ်းမှုတွေ သိသိသာသာ ပျောက်ဆုံးလာသည်ကတော့ အမှန်ပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မရခင်ကတစ်မျိုး၊ ရပြီးတော့ အချိုး တစ်မျိုးပြောင်းတတ်သော ယောကျ်ားတို့၏ သဘောသဘာဝကို ပို၍ နားလည်လာရသည်။

"ရှင်ပြောတော့ စီးကရက် မသောက်တတ်ဘူးဆို"

"ဩော် ... အပျင်းပြေ ဖွာတာပါ"

"အပျင်းပြေလည်း ကျွန်မရှေ့ လာမဖွာနဲ့။ ရှင့်အငွေ့တွေ ကို ကျွန်မပါ ရှူနေရတာ"

ကိုယ်ကလည်း သူ့ရဲ့အကျင့်ကို မကြိုက်သလို သူ ကလည်း ကိုယ့်ကို ဆရာကြီးသိပ်လုပ်ချင်သည်။

"စကားပြောရင် နူးနူးညံ့ညံ့လေးများ ပြောပါတော့လား ကွာ။ ရယ်လိုက်ရင်လည်း ဝါးလုံးကွဲမတတ်ဘဲ"

"အမယ်လေး ... ကျွန်မ ရှင်နဲ့မကြိုက်ခင်ကလည်း ဒီ စတိုင်လ်ပဲ။ ဘာကိစ္စပြင်ရမှာတုံး"

"ကျွတ် ... ကောင်းဖို့ပြောတာလည်း လက်မခံဘူး"

"ရှင်က အခုမှလာပြီး ပြောနေတာကိုး။ ဒါနဲ့ နေပါဦး။ မနေ့က ကျွန်မ ဖုန်းဆက်တော့ ရှင် ဘယ်သွားနေတာလဲ"





"ကိုယ့်မိတ်ဆွေတစ်ယောက်ကို လေဆိပ်မှာ သွားကြိုနေ တာ"

တကယ်တမ်းတော့ မိတ်ဆွေ မိတ်ဆွေနှင့် မရိုးသား ချင်သော ဇာတ်လမ်းမှန်း နောက်များကျမှ သူမ ရိပ်မိသိရှိခွင့် ရခဲ့သည်။ ဒီလိုနှင့်ပင် ဖန်ဆင်းထားသော အချစ်တစ်ခုသည်လည်း လွယ်လွယ်နှင့်ပင် ပြိုကွဲခဲ့ရဖူးလေသည်။ အကြောင်းစုံ သိသွား သော အေမီကတော့ စပ်ပြုံးပြုံးမျက်နှာပေးနှင့် ...

"ဘယ်လိုလဲ ... ချစ်ကြည့်ရတာ အဆင်မပြေရဲ့လား"

"တော်စမ်းပါဟာ။ ဖယောက်ျားတွေ အတော်ရှုပ်တဲ့ ကိစ္စကြီးပါ။ အေးပေါ့လေ ... နင်ပြောသလိုပါပဲ။ သူနဲ့ချစ်နေတဲ့အချိန် မှာမှ ငါ တစ်ယောက်တည်း နေခဲ့တဲ့ဘဝကို အတော် တမ်းတမိတယ်။ တယ်ကို ငြိမ်းချမ်းတာပဲ"

"အေး ... ဒါ ရည်းစားထားတာပဲ ရှိသေးတယ်။ ရည်းစား ဆိုတာ ကိုယ် feeling မရှိတော့ရင် ချက်ချင်း ဖြတ်ပစ် လိုက်လို့ရသေးတယ်။ ယောကျ်ားယူပြီးသွားရင်တော့ တော် တော် ခေါင်းစားရမယ့် ပြဿနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးနော် ... ငါ ထင်တာကတော့ မိန်းမတစ်ယောက်ရဲ့ဘဝမှာ ယောကျ်ားယူပြီးသွားရင် ပေးဆပ်မှုကချည်း (၇၀)ရာခိုင်နှုန်းလောက် ရှိတယ်။ တချို့ဆို ရာနှုန်းပြည့်ပဲ"

"ဒါကဲ့ normal ပဲ ရှိသေးတာ။ မကောင်းတဲ့ယောကျ်ား၊ အလုပ်မလုပ်တဲ့ယောကျ်ားဆို သွားရော။ နင် ကြားဖူးပါတယ်။ တချို့ဆို ယောကျ်ားကြောင့် ဘဝဆုံးတဲ့အထိ ဒုက္ခရောက်ရတာ။ ယောကျ်ား မကောင်းလို့"

✧ ❦ ✧





(၃)

"လင်း အဲဒီလောက် အရည်အချင်း မရှိဘူးဘဲ သတ်မှတ်လိုက်ပါတော့။ ဒါတောင် ယောကျ်ားကိစ္စ၊ ကလေးရလာရင် ကလေးကိစ္စတွေ မပါလာသေးဘူး။ အဲဒါတွေပါပါလာရင်တော့ ရူးသွားလိမ့်မယ်။ တော် ... တော်ပြီအမေ လင်းကို တရားမချပါနဲ့တော့"

ထိုနေ့မှစတင်၍ အမေသည် သူမကို အိမ်ထောင်ပြုဖို့ အရိပ်အမြွက်ပင် မဆိုလေတော့။ သူမကလည်း ဘယ်သူကဘာပြောပြော မတုန်လှုပ်တော့။ ဘေးအိမ်မှ အန်တီကြီးကတော့ သူ့သမီး အပျိုကြီး မဖြစ်တဖြစ်နှင့် သူမတို့နှစ်ဦးကို လူလည်မကြီးတွေဟု စွပ်စွဲချက်တင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညည်းတို့က လူလည်မတွေပေါ့အေ။ အင်မတန် Selfish ဖြစ်တဲ့ မိန်းမတွေမို့ ယောက်ျားမယူတာ။ ညည်းတို့ကို သာ ဖူးဖူးမှုတ်ပြီး ဘာမှမခိုင်းမယ့် ယောက်ျားမျိုးဆို ညည်းတို့လား မယူဘဲနေမှာ"

"ထင်သလား အန်တီ။ အပျိုဘဝရဲ့လွတ်လပ်မှုကိုလည်း မြတ်နိုးခုံမင်နေလို့ပါ။ ကိုယ်လုပ်ချင်တာကို တစ်ယောက် ကို ပြန်ပြီးတင်ပြရတာ၊ ငုံ့ညှာနေရတာတွေလည်း မရှိချင် ဘူး"

သူငယ်ချင်းတစ်ယောက်ကတော့ အပြတ်ပြောသည်။

"ဟော့ ... နင် ဘာတွေပဲ လျှောက်ပြောပြော အချစ်ဆိုတာ ကြီးကို နဖူးတွေ့ ဒူးတွေ့ မကြုံဖူးသေးလို့ ဒီလိုပြောနေ တာ။ နင်ပြောသလို အခု အိမ်ထောင်ရေးမှာ စိတ်ကုန်နေတဲ့ သူတွေအားလုံးဟာ အချစ်မှာ အတုံးအရုံး ကျဆုံးခဲ့တဲ့သူ တွေချည်းပဲ။ နင်လည်း အချစ်မှာ ကျဆုံးသွားရင် သေပြီ ဆရာ ဖြစ်သွားမှာပဲ။ မယုံရင် စောင့်ကြည့်"

ထိုစကားကိုတော့ သူမ နည်းနည်းလက်ခံသလို များများကြီးလည်း ကြောက်ရလေသည်။ နည်းနည်းလက်ခံသည်





ဆိုသည်မှာ လှည့်ဖြားတတ်သော အချစ်ရဲ့ပညာကို တီးမိခေါက်မိ ၍ ဖြစ်သည်။ ထိုအချစ်မှာ တစ်ခဏတာ ကျဆုံးသွားပြီး တစ် ဘဝတာလုံး အကျဉ်းကျရမည့် အဖြစ်မျိုးကိုတော့ မလိုလားချေ။

ဟုတ်သည်။ အချစ်ကိုတော့ သူမ လန့်လှသည်။ အဲဒီအတွက် ဘယ်ယောက်ျားကိုမှ စေ့စေ့မကြည့်ဖြစ်အောင် နေ တော့သည်မှာ ယခုအချိန်ထိ။ ကိုယ့်ဇာတ်လမ်းမှာ ကိုယ်ပဲဇာတ် လိုက်ဖြစ်ချင်တာလေ။

**(အိမ်ထောင်ရှင် သူငယ်ချင်းများအတွက်အမှတ်တရ)**

✧ ✧


www.burmeseclassic.com


www.burmeseclassic.com





# ဆုမြတ်ပွန်ပွန်

အပျိုကြီး ဒီပရက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖွန်သည် စားပွဲပေါ်မှာ တင်ထားသော ထမင်းချိုင့်ကို ဖွင့်ကြည့်ပြီးနောက် အထဲမှဟင်းကိုမြင်လျှင် နှာခေါင်းရှုံ့ကာ စိတ်ပျက်သွားမိရလေသည်။ ဟင်းက ဆိတ်သားပြုတ်ကြော်နှင့် သရက်သီးသနပ်တို့သာဖြစ်သည်။ ခြောက်ခြောက်ကပ်ကပ် ဆိတ်သားတုံးလေးများကိုကြည့်ကာ ခေါင်းကို ယမ်းရင်းမှ ထမင်းချိုင့်ကို ပြန်ပိတ်လိုက်သည်။

မေမေက နောက်ပါးမှ ရောက်လာလျှင် ဖွန်သည် မကျေမနပ်နှင့် နှုတ်ခမ်းစူပြကာ ...

"မေမေ့ဟင်းတွေကလည်း တစ်ခါလာလည်း ပြုတ်ကြော်တွေချည်းပဲ။ ကြက်၊ ဝက်၊ ဆိတ် မရိုးတမ်း ပြုတ်ကြော်တွေချည်း လုပ်နေတော့တာပဲ။ တစ်ခါတလေများ နိုနို ဖတ်ဖတ်လေး ချက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဗွန့်ကို မျက်စောင်းထိုးကာ မီးဖိုပေါ်မှ ဆူနေသော ရေနွေးအိုးကို ဓာတ်ဘူးထဲ ပြောင်းထည့်ရင်းမှ …

"စိုစိုဖတ်ဖတ်လေး စားချင်ရင် ကိုယ့်ဟာကိုယ် မနက်စောစော ထချက်ပေါ့အေ။ သချိုင်းကုန်းကို ခြေတစ်ဖက်လှမ်းနေတဲ့ အမေအိုကြီးက ထမင်းချိုင့် အဆင်သင့် ပြင်ပေးထားတာတောင် ကျေးဇူးတင် ကျေနပ်ဖော် မရကြဘူး။ တရားကျဖို့ ကောင်းလိုက်တဲ့ သမီး။ ဟင်း … ငါသေရင်လည်း မနက်လာချက်ပေးဦးမယ်"

"တွေ့လား … မေမေက၊ ကိုယ့်သမီးကိုယ် ဘယ်တော့မှ အကောင်းမပြောဘူး"

"ညည်းကရော အကောင်းပြောချင်စရာ ရှိလို့လား။ ဒီအသက်အရွယ် ရောက်နေပြီ။ ညည်းကို ငါ ဘာစိတ်ချစရာရှိတုန်း။ အိမ်ထောင်ပြုဖို့ ပြောလာခဲ့တာ ညည်းအသက် အစိတ်ကျော်လာပြီကတည်းက။ တစ်ကိုယ်ကောင်းဆန် အတ္တကြီးပြီးတော့ကို ညည်းက ပေကတ်ပြီးနေနေတာ"

ဗွန်သည် မရိုးနိုင်သော မေရှင်ဓာတ်ပြားဟောင်းကြီးကို မေမေတစ်ယောက် ဖွင့်တော့မည်မှန်း သိသိကြီးနှင့် ဖြိုင်





ငြင်းဖို့ရာအတွက် ယူထားပြီးသား ထမင်းချိုင့်ကို စားပွဲပေါ် ပြန်တင်ပစ်လိုက်သည်။

အဲဒီမေမေတစ်ယောက်ဟာဖြင့် ဘာကြောင့်မှန်း မသိဘဲ (အမှန်တော့ သိပါသည်) ဗွန့်ကို ယောကျ်ားမြန်မြန်ယူစေချင်နေသည်မှာ တစ်ပိုင်းတင်မကဘဲ တစ်ကိုယ်လုံးပါ သေနေသူဖြစ်သည်။

"ဗွန်က ယောကျ်ားမယူတာ တစ်ကိုယ်ကောင်းဆန်ပြီး မယူတာ …ဟုတ်လား။ ပြောင်းပြန်ပါ မေမေရယ်။ မေမေ့ကိုငဲ့ပြီး ဗွန် မယူတာကို မေမေ ဘာကြောင့်နားလည်မပေးနိုင်ရတာပါလိမ့်"

မေမေက ဗွန့်ကို ညည်း ငါမွေးထားတာပါအေဟုသော အပြုံးမျိုးဖြင့် ခပ်မဲ့မဲ့စိုက်ကြည့်လေသည်။

"အပိုတွေ ပြောမနေပါနဲ့ မိဗွန်ရယ်။ ညည်းပါးစပ်ဟလိုက်တာနဲ့ အူဘယ်နခွေဆိုကာ ငါက မသိဘဲနေမလား။ ညည်းလား ငါ့ကိုငဲ့နေကာ။ သူများကြားရင် အဟုတ်ထင်ပြီး ညည်းကိုတော့ သနားပြီး ငါ့ကိုသာ အတ္တကြီးတဲ့မိန်းမကြီးလို့သာ ဝိုင်းပြောကြမှာပါ။ ငါ့ကိုငဲ့တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ညည်းကိုယ်ညည်း ငဲ့နေတာ။ ငဲ့တာမှ အငဲ့လွန်နေတာ။ မသိဘူးများ ထင်မနေနဲ့"

"ဘာဆိုင်လဲ မေမေရာ။ ဖွန် ယောက်ျားမယူတာကိုပဲ မေမေက အပြစ်ကြီးတစ်ခု လုပ်နေတာ။ဘာလေးပြောလိုက် ပြောလိုက် နောက်ဆုံး ဒီဘူတာပဲ ဆိုက်တာပဲ။ ဘာမှကို မပြောရဲအောင်ပဲ"

"ဘယ်ပြောရဲမလဲ၊ ငါ ပြောတာတွေက အမှန်တွေချည်းပဲ ကိုး။ ညည်းက ပေါ့ပေါ့နေ ပေါ့ပေါ့စားပဲ လုပ်ချင်တဲ့ မိန်းမလေ။ မအေလုပ်ပေးသမျှကို ဇိမ်နဲ့ အကြော့သားလေး ခံချင်တဲ့ မိန်းမ။ အရွယ်ရောက်လာလို့ လူ့တာဝန်ဝတ္တရား ကျေပွန်ဖို့ စိတ်ကူးမှ မရှိတာ"

"အဲဒါက ဘယ်သူ့ကို ထိနိုက်နေလို့လဲ မေမေရာ"

ဖွန်သည် စိတ်တိုလာသဖြင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီးနောက် ခပ်ဆတ်ဆတ် ဆိုမိသည်။ မရတော့။ ဒီနေ့တော့ ဒီပြဿနာကို မေမေနဲ့ အကျေအလည် ဖြေရှင်းတော့မှ ရတော့မည်။ မေမေ့ရဲ့ပုံစံကလည်း ဖွန့်ကို အပီအပြင် ချဲတော့မည့်ပုံပဲ ဖြစ်သည်။ ခါတိုင်း ဖွန်က အရစ်တက်နေလျှင်တောင် ရုံးနောက်





ကျလိမ့်မယ်။ သွားပါတော့အေဟု တတွင်တွင် နှင်ထုတ်မောင်းထုတ်သော မေမေဟာ အခုတော့ သူကပါ ခုံမှာဝင်ထိုင်သည်။

"ညည်း ယောက်ျားမယူတာ ညည်းကိုယ်ညည်း အရင်ထိခိုက်တယ် မိဖွန်။ ပြီးတော့ ငါ့ကိုလည်း ထိခိုက်တယ်။ ညည်းစဉ်းစားကြည့်စမ်း။ ဒီလောကကြီးထဲမှာ ပြေးကြည့်တော့မှ ညည်းနဲ့ငါ သားအမိနှစ်ယောက်တည်းရှိတာ။ အားကိုးအားထား ယောက်ျားသားဆိုတာလည်း မရှိတဲ့ တို့ဘဝမှာ ညည်း ငါမရှိတော့တဲ့အချိန် ဘယ်လိုနေထိုင်သွားမှာလဲ ...

ငါကရော အသေဖြောင့်မှာတဲ့လား။ ညည်းကို စိတ်မချတဲ့စိတ်နဲ့ပဲ ပြိတ္တာမကြီး ဖြစ်နေမှာ ...

အခုတောင် တရားစခန်းတွေ ဝင်ချင်လိုက်တာ ဖျပ်ဖျပ်လူးပဲ။ ညည်းတစ်ယောက်တည်း ဘယ်လိုမှ စိတ်မချတာနဲ့ ငါမှာ မဝင်ရတာ။ အခုချိန်မှာ ညည်းသာ ကိုယ့်အိမ်ထောင်နဲ့ကိုယ် တင့်တောင့်တင့်တယ်လေးဆို ငါဘယ်လောက် စိတ်ချမ်းသာရမလဲ။ နောက်ကြောင်းအေးအေး စိတ်ဖြောင့်လက်ဖြောင့်နဲ့ တရားစခန်း သွားနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



သမက်ရှိတော့လည်း ယောကျ်ားသားတစ်ယောက်ရှိလို့ အားကိုးအားထား ရနိုင်တယ်ဟဲ့။ အခုတော့ ပြေးကြည့်လို့မှ မိန်းမသားနှစ်ယောက်တည်း။ ဓားပြလာတိုက်ပြီး လူသတ်သွားရင်တောင် ဘယ်သူမှ သိမှာမဟုတ်ဘူး"

"ဘယ်ဓားပြမှလဲ လာမတိုက်ပါဘူး မေမေရာ။ အဲဒီလောက် မဆိုင်တာတွေကို ရှုတ်ဆွဲစိမနေပါနဲ့"

"စိုးရမယ်အေ ... ညည်းယောကျ်ားမယူတာဟာ ငါ့ကိုင့်လို့လည်း မဟုတ်ဘူး။ လောကီအာရုံကို စိတ်ကုန်ပြီး တရားဓမ္မတွေဘက်ကို စိတ်ပါနေလို့လည်း မဟုတ်ဘူး။ အပျင်းကြီးလွန်းလို့ကို မယူတာ။ ည,ညဆို ကိုရီးယားကားတွေကို နှစ်နာရီ၊ သုံးနာရီအထိ ထိုင်ကြည့်၊ စာအုပ်တွေဖတ်၊ မနက်ကျမှ ရုံးသွားခါနီး အူယားဖားယားထ၊ ကိုယ့်ကိုယ်ကိုယ်ကလည်း လုချင်ပချင်သေးတယ်။ ချက်ဖို့ပြုတ်ဖို့ဆိုတာ တစ်ချက်လေးမှ လှည့်မကြည့်ခဲ့တဲ့သူ ...

ဘဝမှာ ပေါ့ပေါ့လေးပဲ နေချင်တဲ့သူ။ အဲဒါကို ဟိုလူ့ကို ငဲ့တာတွေ၊ ဒီလူ့ကို ငဲ့တာတွေ လျှောက်ပြောမနေနဲ့ ...





ညည်းသူငယ်ချင်းတွေဆို သူ့ဟာနဲ့သူ အားလုံးအခြေတကျ ဖြစ်နေပြီ။ တံခွန်မရှိတဲ့ ဘုရား၊ အလံမရှိတဲ့ ရထား၊ လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူး မိစွန်ရဲ့"

မေမေက ညည်းညည်းညူညူဖြင့် ပြောလျှင် စွန်သည် မေမေ့ပုံစံကို သနားသွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တစ်ခါတစ်ရံမှာ သားအမိနှစ်ယောက်တည်း နေရသောဘဝဟာ အထီးကျန်ဆန်သလို ဖြစ်ရတာကို စွန်ကိုယ်တိုင်လည်း ခံစားဖူးသည်။

ဒါပေမဲ့ စွန့်မှာက မေမေ အခုနကပြောသလို ဖြေဖျောက်စရာတွေ အများကြီးရှိသည်။ စာအုပ်ဖတ်ချင်ဖတ်၊ ထိုင်ပြီးလျှင် မထနိုင်သော ကိုရီးယားစီးရီးတွေရှိသည်။ ပြီးတော့ စွန်က အအိပ်မက်တတ်သေးသည်။

ရုံးပိတ်ရက်တွေဆိုလျှင် နေမြင့်မှထကာ နေ့လယ်နေ့ခင်းတွေမှာလည်း မအိပ်ရလျှင် မနေနိုင်၊ အိပ်ဖို့လောက်သာ စောင့်နေသူဖြစ်သည်။ တကယ်တော့ မေမေ ပြောကာတွေဟာ တစ်ခုမှ မမှားချေ။



www.burmeseclassic.com

www.burmeseclassic.com



, စင်စစ်အားဖြင့် ဇွန်သည် ယောကျ်ားယူဖို့တောင် ပျင်းနေသူဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်အတွက်မှလွဲ၍ တခြားသူ အတွက် ကရိကထ ဒုက္ခမခံချင်။ အချိန်တန် ရုံးသွားကာ ရုံးက ပြန်လာလျှင် အေးအေးဆေးဆေး နပ်နေရသည့် အရသာကို မက်မောမဆုံး ဖြစ်နေတာပဲ ရှိတော့သည်။ ဒါပေမဲ့ ဇွန်က မေမေ့ ကို အလျှော့မပေးဘဲ အပျိုကြီးဂုဏ်ပုဒ်တွေကိုဖော်ကာ ...

"သူများတွေလည်း အပျိုကြီးဘဝနဲ့ အရိုးထုတ်သွားတာပါပဲ မေမေရယ်။ တစ်သက်လုံး နားအေးပါးအေးနဲ့ နေသွားတာ ပါပဲ။ သိပ်တော်ပြီး သိပ်ထက်မြက်တဲ့ မိန်းမတွေက အပျို ကြီး လုပ်ကြတာချည်းပါပဲ"

မေမေ့ထံမှ မျက်စောင်းကြီးတစ်ခုက ကြောက်စရာ ကောင်းအောင် ဝဲပျံလို့လာသည်။

"ညည်းက ဘယ်လောက်များ ထက်မြက်ပြီး တော်တတ် နေလို့လဲ။ ကုမ္ပဏီဆယ်ခုကို တစ်ပြိုင်နက် အုပ်ချုပ်နေရ လို့လား။ ဘွဲ့တွေတစ်ခုပြီးတစ်ခုယူဖို့ ယောကျ်ားယူဖို့ အချိန်အားမရှိအောင် စာကျက်နေရတဲ့ သူမျိုးမို့လို့လား။ သားအမိအချင်းချင်း ဘာမှ အပိုတွေ လာပြောမနေနဲ့။





ဒီမှာ မိဇွန် ... မှတ်ထား၊ လောကကြီးမှာ ယောကျ်ားမယူ တဲ့ မိန်းမက နှစ်မျိုးနှစ်စားပဲ ရှိတယ်။ သိပ်တော်လွန်းတဲ့ မိန်းမနဲ့ အပျင်းကြီးလွန်းတဲ့ မိန်းမတွေပဲ။ ညည်းက သိပ် တော်လွန်းတဲ့မိန်းမ မဟုတ်တာတော့ သေချာတယ်"

"တွေ့လား ... မေမေကိုက လိုက်ပြီးရန်စနေတာ"

"ရန်စနေတာ မဟုတ်ဘူး၊ အမှန်တရားတွေကို ပြောပြနေ တာ။ ပြောသာ ပြောနေရတာပါအေ၊ ညည်းကို ယောကျ်ား သာ ယူနိုင်နေရတာ ယူမယ့်ယောကျ်ားကရော ရှိသေးလို့ လား။ လက်ရှိ ညည်းကိုကြိုက်နေတာ ဘယ်နှယောက်များ ရှိနေလို့လဲ"

မေမေရဲ့စကားကြောင့် ဇွန်ရဲ့အပျိုကြီးမာနက လှစ်

ခနဲ ခေါင်းပြူပြီး ထွက်လာသည်။

"အမယ် ... မေမေနော်၊ ရှိပါ ... ရှိပါ"

မေမေက ဇွန့်ရဲ့အပြောကို လှောင်ပြုံးပြုံးကာ ...

"ငါ့သမီးရယ်၊ မိန်းကလေးဆိုတာ ဘာနဲ့တူသလဲ သိလား။ ကုန်စိမ်းနဲ့ တူတယ်ကွယ့်။ ကုန်စိမ်းဆိုတာ မနက်ခင်းဈေး မှာပဲ ဈေးကောင်းတာ။ ညနေခင်းဈေး ရောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်နှာပန်းမလှတော့ဘူး၊ ဈေးကောင်းမရတော့ဘူး။ ဈေး ကျော့ပြီး အတင်းတိုးရောင်းတော့လည်း ဈေးနှိမ်ခံရတာပေါ့ ...

မိန်းကလေးဆိုတာ ငယ်ရွယ်တုန်းအချိန်မှာ ရွေးချယ်ဖို့ အခွင့်အရေး အများဆုံးပဲ။ အခု ငါ့သမီးက မနက်ခင်းဈေး မဟုတ်တော့တာတော့ သေချာနေပြီကွယ်၊ ဘယ်သူ့ကိုရွေးမေး"

နွန်သည် မေမေ့ကို ပြန်မချေပနိုင်တော့ဘဲ တွေတွေကြီးကြည့်ကာ ထမင်းချိုင့်ကိုယူ၍ ထွက်လာခဲ့လေသည်။ ဖယ်ရီစောင့်ရာလမ်းဆုံသို့ လျှောက်လာခဲ့သော်လည်း နားထဲတွင် မေမေပြောလိုက်သော မနက်ခင်းဈေးနှင့် ညနေဈေးတို့သာ ဝဲလည်လှည့်ပြီးနေသည်။ နွန်ဟာ ဈေးကောင်းမရတော့သည့် ညနေခင်းဈေးကြီးများ ဖြစ်နေပြီတဲ့လား။

အဲဒီလိုတွေးမိလျှင် နွန့်ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်ပြီးလာသည်။ နွန့်ရှေ့မှ သင်တန်းသွားမည့် ခေတ်ပေါ်ကောင်မလေးတစ်အုပ်စုက ဖြတ်လျှောက်သွားကြသောအခါ နွန်သည် ဘာရယ်မဟုတ် ငေးမောမိသွားသည်။ သွက်လက်တက်ကြွနေကြသော ကောင်မလေးတွေကတော့ စိမ်းစိမ်းစိုစိုတွေရှိသည့် မနက်ခင်းဈေးတွေပေါ့။

ဟာ ... ဒါကြီးကတော့ မဟုတ်သေးဘူး။ နွန်သည် အခါင်းတွေကို ခါယမ်းပြီးနောက် မကြာခင်ကမှ အပျိုကြီးဘဝကို နွန့်လွတ်သွားခဲ့သော ကိုယ်နှင့် တော်တော်အတွဲညီခဲ့သည့် သူငယ်ချင်း သန္တာ့ကို သွား၍သတိရမိသွားလေသည်။ နွန်တော့ သူနဲ့တွေ့ဖို့ လိုလာပြီဖြစ်သည်။

✧ ❦ ✧






www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း ရှင်က ဒီသီတင်းကျွတ်မှာ အပျိုကြီးဘ၀ ကို ချွတ်ပြလိုက်ပေါ့ ဖွန့်ရယ်"

အဲဒီစကားကို ကလေးထမင်းခွံ့နေသော ဖွန့်သူငယ်ချင်း သဉ္ဇာက လှမ်းပြောလိုက်တာဖြစ်သည်။ ဖွန့်သည် ဆက်တီလက်ရန်းပေါ်တွင် လက်ထောက်ထားရင်းမှ သဉ္ဇာကို ငေးကြည့်နေမိသည်။

သဉ္ဇာသည် ဖွန့်နှင့်အတူတူ အတွဲညီညီ အပျိုကြီးလုပ်လာခဲ့ပြီးမှ အသက်သုံးဆယ်ကျော်ပြီး၌ ယောက်ျားယူသွားခဲ့တာဖြစ်သည်။ အခုတော့ အိမ်ထောင်ကျပြီးတာ သုံးနှစ်ခန့်ရှိခဲ့ပြီ။ နှစ်နှစ်သမီးအရွယ် သမီးလေးတစ်ယောက်ပင် ရှိနေပြီဖြစ်သော သူငယ်ချင်းသည် အိမ်ထောင်ပြုခြင်း၏ အဆိုးအကောင်း အရသာတို့ကို အစိမ်းသက်သက်ဖြစ်သော ဖွန့်ထက်စာလျှင်တော့ တီးမိခေါက်မိပြီဖြစ်လောက်သည်။





ဖွန့်နဲ့မေမေရဲ့ပြဿနာ ဖွန့်ရင်ဖွင့်သမျှတို့ကို နားထောင်ပြီးသောအခါ သူမက အားပါးတရပင် ရယ်မောလေသည်။ သဉ္ဇာရယ်တာတွေကို ဖွန့်က မျက်စောင်းတစ်ချက်ထိုးကာ ...

"ရယ်မနေနဲ့ မိန်းမ၊ ယောကျ်ားယူရတာ ကောင်းလား၊ မကောင်းဘူးလား၊ အဲဒါပြော"

"ဖွန့်ရယ် ... မေးလိုက်မှဖြင့် တုတ်ထိုးအိုးပေါက်။ အပျိုကြီးရယ်လို့ကို မပြောရဘူး"

"အောင်မာ ... မနေ့တစ်နေ့ကမှ ယောကျ်ားရတဲ့ မိန်းမကများ အသံကောင်း ဟစ်မနေစမ်းပါနဲ့။ ရှင်က ကျုပ်နဲ့ အတူတူပဲ နေခဲ့တာဆိုတော့ ကျုပ်အတွေးအခေါ်တွေကိုလည်း သိမှာပါ။ ဘယ်လိုလဲ အိမ်ထောင်ပြုရတာ စိတ်ပျက်စရာ ကောင်းလား"

"မေးတာကိုက အဆိုးမြင်ဝါဒီဘက်ကကွဲ။ ကဲပါ ဖွန့်ရယ်၊ နင် စိုးရိမ်နေတာတွေကို ငါ သိပါတယ်။ နင် အခုနေသလို လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး မနေရတော့မှာကို စိတ်ပူနေတာ မဟုတ်လား။ ဒါကတော့ဟာ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ယောက် ဖြစ်လာပြီဆိုမှတော့ အပျိုဘဝနဲ့တော့ ထပ်တူဘယ်ကျတော့မလဲ။ အဓိက,က အဲဒါကို စိတ်ပူရမှာ မဟုတ်ပါဘူး။ ကိုယ့်ကို သစ္စာရှိပြီး အကျင့်စာရိတ္တကောင်းဖို့။ မကောင်းဖို့ မကောင်းမှာကိုပဲ စိတ်ပူရတာပါ။ နင်က မဟုတ်တာတွေကိုပဲ တွေးပူနေတာကိုး"

"အောင်မာ ... ညည်းက အခုတော့ ဒီစကားထွက်ပြီပေါ့လေ။ အစက ရှင်လည်း ကရိကထများမှာ၊ လွတ်လွတ်လပ်လပ် မနေရတော့မှာတွေကို တွေးမကြောက်ခဲ့ဘူးလား"

ဖွန်ရဲ့ရန်တွေ့စကားကို သဥ္ဇာက နားလည်ခွင့်လွှတ်သော အပြုံးလေး ပြုံးပြသည်။ အဲဒီအပြုံးဟာ ရွှယ်တူအချင်းချင်း တစ်ဆင့်ပိုယူလိုက်သော အပြုံးမို့ ဖွန်က နှုတ်ခမ်းတစ်ချက် မဲ့မိသွားသည်။

"ငါ နင့်ကို နားလည်ပါတယ် ဖွန်ရယ်။ ဟုတ်ပါတယ်။ ငါလည်း တစ်ချိန်က နင့်လို တွေးခဲ့တာပါပဲ။ အဲဒီလိုတွေ တွေးခဲ့လို့လည်း အသက်သုံးဆယ်ထိ ခံနေခဲ့တာပေါ့။





ဒါပေမဲ့ နင့်ကို ငါ့အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောရရင် လူ့စိတ်ဆိုတာ တစ်သမတ်တည်း သွားနေတာမျိုး မဟုတ်ဘူးဟ။ ငါ့စိတ်ဆိုရင်လည်း ပြောင်းလဲသွားတာပဲ။ ဒါဟာ ထူးထူးခြားခြားကြီး လိုက်ပြောင်းလဲရတာမျိုး မဟုတ်ပါဘူး။ ကိုယ့်မိသားစုနဲ့ကိုယ် ဖြစ်လာတော့လည်း လွှတ်လပ်တာတွေ မလွတ်လပ်တာတွေ စဉ်းတောင်မစဉ်းစားမိတော့ပါဘူးဟာ"

"ရှင် ဆိုလိုတာသည် အိမ်ထောင်ပြုရတာ ကောင်းတယ်ပေါ့"

ကလေးဆိုးကြီးလို ဖွတ်မေးနေသော ဖွန့်ကို သဥ္ဇာက သဘောတကျ ရယ်မောကာ နှာခေါင်းရှုံ့ပြသည်။

"ဒါကတော့ ယူကြည့်လိုက်ပေါ့ ဖွန်ရယ်"

ဖွန်သည် သဥ္ဇာကို အသံမထွက်ဘဲ ဆဲပစ်လိုက်သည်။ ပြီးလျှင် နံရံပေါ်က သဥ္ဇာတို့မင်္ဂလာဆောင်တုန်းက ဓာတ်ပုံထံသို့ အကြည့်ရောက်သွားလျှင် ရင်ထဲမှာ အားကျသလိုလို ဖြစ်သွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သဥ္ဇာရဲ့ယောက်ျားက အပြင်မှ ပြန်ရောက်လာကာ ကလေးကိုပွေ့ချီရင်း ဇွန့်ကိုပါ လှမ်းနှုတ်ဆက်သည်။ ဇွန်သည် ပျော်ရွှင်ကြည်နူးစရာ ကောင်းသည်ဟု ထင်ရသော မိသားစုလေးကိုငေးကာ ကိုယ့်ဘဝကိုယ် အထီးကျန်များ ဖြစ်သလားဟု ပြန်ဆန်းစစ်ကြည့်မိသည်။

သဥ္ဇာတို့မိသားစုကိုကြည့်ကာ မေမေ့ကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ ဇွန် ဆယ်တန်းနှစ်ကတည်းက ဖေဖေဆုံးပါးသွားပြီးနောက် ဒီအတိုင်း ရပ်တည်ခဲ့ရသော မေမေသာမရှိခဲ့တော့လျှင် ဇွန်တစ်ယောက်တည်း ဘယ်လိုရပ်တည်ရမှာတဲ့လဲ။

အတွေးတွေ တသီတတန်းကြီး ထည့်လိုက်သောအခါလေးပင်လာသည်။ ဇွန့်ရဲ့တိုက်ခန်းလေးမှာ ဇွန်တစ်ယောက်တည်း နေရတော့မည် ဆိုပါက ဇွန့်ကျောထဲတွင် နည်းနည်းစိမ့်လာလေသည်။ ဇွန့်ရင်ထဲကို လှမ်းမြင်နိုင်သော သဥ္ဇာကတော့ အိမ်ပြန်ခါနီးတွင် ဇွန့်ကို စကားတစ်ခွန်း ကပ်ပြောသည်။

"အတွေးဆိုတာ အခိုးနဲ့တူတယ် ဇွန်။ တွေးရင် တွေးသလောက် ခရီးဆန့်တတ်တာပဲ။ အမျိုးစုံတွေးပြီး သိပ်





ခေါင်းခြောက်မခံပါနဲ့။ ငါလည်းပဲ နင့်ကို အိမ်ထောင်ပြုစေချင်တယ်ဟာ။ ဘဝအတွက် အဖော်ဆိုတာ လိုအပ်ပါတယ် ဇွန်ရယ်"

အဲဒီအဖော်ကို ညနေခင်းဈေးမှာ သွားဝယ်လို့ရသေးလား။ ဇွန်သည် ကိုယ့်ကို ဘယ်သူတွေများ ကြိုက်နေပါလိမ့်ဟု အလျင်အမြန် တွေးတောမိသွားလေသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ... ဟိုပြော ဒီပြော အပြောခံနေရသော ဇွန်သည် ကိုယ့်ကို ချစ်ခင်နှစ်သက်နေသူ ဘယ်နှယောက်များ ရှိနေပါသနည်းဟု အခုမှ မျက်စိကို ပြူးကြည့်မိလျှင် အတိအလင်း ချစ်ရေးဆိုထားသူမှာ ရှားရှားပါးပါး နှစ်ယောက်သာလျှင်ရှိကြောင်း ထိတ်လန့်အံ့ဩဖွယ်ရာ သိလိုက်ရသေးလည်း။

အဲဒီ ချစ်ရေးဆိုထားသူ နှစ်ယောက်ဟာလည်း အခုမှ ပူပူနွေးနွေး ချစ်ခွင့်ပန်ထားသူများ မဟုတ်ကြချေ။ သူတို့ ဘယ်အချိန်က ရည်းစားစကား ပြောခဲ့ပါလိမ့်ဆိုတာ ဇွန့်ကိုယ် ဇွန်တောင် မမှတ်မိတော့ပေ။ အခုချိန်မှာ သူတို့ဟာ ဇွန့်ဆီက အဖြေကို လိုချင်ကြသေးလား၊ မလိုချင်ကြတော့ဘူးလား ဆိုတာ လည်း ဇွန် မသိရ။ တော်တော်တော့ စဉ်းစားရကျပ်သော ပြဿနာ ဖြစ်သည်။ ၊





သူတို့နှစ်ယောက်တွင် တစ်ယောက်က ဇွန့်ရဲ့ငယ် သူငယ်ချင်း ရဲနိုင် ဖြစ်၍၊ နောက်တစ်ယောက်ကတော့ ဇွန့်ထက် သုံးနှစ်ခန့်ကြီးသည့် ဆရာဝန်တစ်ယောက်ဖြစ်သည်။ ဆရာဝန်က တော့ လွန်ခဲ့သည့် နှစ်နှစ်ခန့်က မေမေနှင့် ပတ်သက်ပြီး စတင် သိကျွမ်းခဲ့ရသူဖြစ်ကာ မေမေက စဉ်းစားခိုင်းလွန်းသော သူတစ် ယောက်လည်း ဖြစ်သည်။

သို့သော် ရင်ခုန်ခြင်း ဆိုတာကို မေ့လျော့၊ အချစ် ဆိုတာကို ဘာမှန်းမသိ၊ အိမ်ထောင်ပြုဖို့ဆိုတာတော့ ခေါင်းထဲမှာ ရှိကိုမရှိသည့် ဇွန်သည် ဒေါက်တာသီဟတည်းဟူသော လူတစ် ယောက်ကိုလည်း စိတ်မဝင်စားခဲ့။

အင်း ... ဒါပေမဲ့ ဒီအချိန်မှာတော့ ရဲနိုင်နှင့် သီဟ တို့သည် ဇွန့်အတွေးထဲမှာ နေရာမပေးပါဘဲနဲ့ကို နေရာယူလာခဲ့ ပြီဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့အခြေအနေကို အသာစုံစမ်း ကြည့်လိုက်လျှင် နှစ်ယောက်စလုံးဟာလည်း လက်ရှိမှာ ဗလာနတ္ထိ တွေ ဖြစ်တာကြောင့် ဇွန်သည် ဘယ်သူ့ကို ရေလာမြောင်းပေး စလုပ်ရပါ့ဟု တွေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို တွေးရသည်မှာ ဘယ်သူမှမသိတာတောင် တော်တော်ရှက်ဖို့ကောင်းလေသည်။ ဘယ်သူမှ မသိဘူးဆိုပေမယ့် ကမ္ဘာပေါ်တွင် ဇွန်.အကြောင်းကို ဇွန်.ထက်ပင် ပိုသိသေးသော မေမေကတော့ သိသည်။ ပြီးတော့ ဘာကိစ္စပဲဖြစ်ဖြစ် မရှက်တမ်း ဖွင့်ဟတိုင်ပင်ခွင့်ရသော သဥ္စာလည်း သိသည်။

ဒီအချိန်ကျမှတော့ နှလုံးသားကလည်း သိပ်မလှုပ်ရှားတော့ပြီ ဖြစ်လေရာ ဇွန်သည် ဘယ်သူ.ကိုမှ ထူးပြီးရင်ခုန်တာမျိုးရယ်တော့ မရှိတော့ချေ။ အပျင်းကြီးသမားတို့၏ ထုံးစံအတိုင်း မောဟကလည်း ခပ်များများမို့ ဘယ်သူက ကိုယ့်အတွက် ပိုကောင်းမလဲဟူသော ကွန်ပျူတာဦးနှောက်နှင့်သာ ရွေးချယ်ဖို့ စဉ်းစားရတော့တာဖြစ်သည်။

နောက်ဆုံးတော့ ဇွန်သည် မေမေ့အတွက်ပါ ရည်ရွယ်ပြီး ဒေါက်တာသီဟကိုသာ အလေးသာဖို့ ဆုံးဖြတ်လိုက်လေသည်။ ဒီအပျိုကြီးတော့ ရတဲ့ဟာကောက်ယူလိုက်ရတယ် ဆိုတာထက်စာလျှင် ဆရာဝန်တစ်ယောက်ကို ယူလိုက်ရတာဟာ မျက်နှာပန်းလှသည်ဟု သတ်မှတ်ရ၍ဖြစ်သည်။





အဲဒီအတွက် ပထမဦးစွာ သူ.ဆေးခန်းသို့ မေမေနှင့်အတူသွားရသည်။ မေမေသည် သူ.သမီး ယောကျ်ားရဖို့အရေးအတွက် သွေးလေးဘာလေး နည်းနည်းတက်ပြကာ မူးချင်ယောင်ဆောင်ပြရသည်။ အခါတိုင်းက ဆရာဝန်ကို စကားသုံး,လေးခွန်းထက် ပိုမပြောခဲ့သော ဇွန်သည် အခုတော့ အပြုံးတစ်ခုကို မချတ်တမ်း တပ်ဆင်ကာ အိမ်လာလည်ပါဦးတွေ ဘာတွေ လောကွတ်ပျူငှာလျက် မြှောင်းပေးရသည်။

ဒီလိုနှင့် မြှောင်းပေးတော့လည်း ရေကစီးလာတော့ပြီပေါ့။ ရေစီးလာပြီဆိုတော့မှ ဇွန်သည် အဲဒီရေဟာ ဘယ်လိုရေမျိုးလဲ။ ကျန်းမာရေးအတွက် သင့်တော်သည့်ရေလား၊ အမှုန်အမွှားတွေပါသည့်ရေလား၊ ချိုးရေသက်သက်ပဲလား စသဖြင့် အကဲခတ်စစ်ဆေးရသည်။

လူ.အကြောင်း ပေါင်းကြည့်မှသိ ဆိုသလိုပင် စကားများများ ပြောကြည့်တော့မှပဲ ဇွန်သည် ဆရာဝန်၏အကျင့်ထူးများကို တွေ.မြင်လို.လာရလေသည်။ ဇွန်.ထံကို ဖုန်းဆက်လျှင် ဘယ်တော့မှ ငါးမိနစ်ထက်ပို၍ မပြောတတ်။ အကြောင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြ၍ ချပစ်တတ်ကာ"ညဘက်(၇)နာရီဆို ဂျူတီထွက်ပြီ ဖွန်လှမ်း ဆက်လိုက်နော် ဆိုတာမျိုးက ခဏ ခဏပဲ ဖြစ်သည်။

ဖွန်က ဖုန်းလှမ်းခေါ်လျှင်တော့ နာရီဝက်၊ တစ်နာရီ ကြာအောင် ပြောတတ်သည်။ ပထမတော့ ဖွန်သည် အဲဒါကို သိပ်အထာမနပ်သေးချေ။ သြော် ... သူ မအားလို့နေမှာပါလေ ဟူသော သဘောထားခဲ့သည်။ နောက်တော့ သူ့ဟာကအမြဲတမ်း လိုလို ဖြစ်တာကို သတိပြုမိလာသည်။

လကုန်၍ တယ်လီဖုန်းဘေလ်လာသောအခါ ဖွန် တစ်ယောက် ရင်ဘတ်ဖိရတော့တာဖြစ်သည်။ ခါတိုင်းက လေး, ငါးခြောက်ထောင်ထက် မပိုသော ဖုန်းဘေလ်များသည် သုံး,လေး သောင်းမျှ ကျနေသောအခါ ဖွန်သည် ဒေါသကြီးလှသည်။ မေမေ့ ကိုပင် ဆရာဝန်က ကုပ်ကုပ်စ ကပ်စေးကြီးဟု မကျေမနပ်ပြော မိလျှင် မေမေက ကန်စွန်းရွက်သင်ရင်းမှ ဖွန့်ကိုလှည့်တောင်မကြည့် ဘဲ ...

"ဆက်ရမှာပေါ့အေ့။ ညည်းက ညနေခင်းဈေး ရောက်နေ ပြီပဲ။ မနက်ခင်းဈေးလို ဈေးကောင်းဘယ်ရတော့မလဲ။





နုနုရွရွ လှလှပပ ငယ်ငယ်ရွယ်ရွယ် ကောင်မလေးဆိုကို သာ ယောကျ်ားလေးတွေက ချောင်းပေါက်မတတ်လာ၊ ဖုန်းတွေ ခဏခဏဆက်၊ အကြာကြီးဆက်မှာပေါ့ဟဲ့။ ညည်းဆီကို ဘယ်သူက အကြာကြီးဆက်မှာလဲ။ သူက ညည်းနဲ့ဖုန်းပြောဖော်ရတာကိုပဲ ကျေးဇူးတင်လိုက်ဦး"

"ဟာ ... မေမေကလည်း ကိုယ့်သမီးဘက်က လိုက်မယ် တော့ မရှိဘူး။ ဆရာဝန်ကပ်စေးဘက်က ..."

"ငါ ဘယ်သူ့ဘက်ကမှ မလိုက်ဘူး။ အခြေအနေကို သုံး သပ်ပြနေတာ။ အဲဒါကြောင့် ရှေးလူကြီးတွေက ပြော်တာ ပေါ့။ မိန်းကလေးတွေ အရွယ်ရောက်လာရင် ကျောက်ပျဉ် က စကားပြောတယ်တဲ့။ အပျိုကြီးတွေ ကျောက်ပျဉ်ကျ တော့ ဘာပြောလဲ သိတယ် မဟုတ်လား"

ဖွန်သည် မေမေ့ကို မျက်စောင်းတစ်ချက်ကဲကြည့် ကာ ...

"သိတယ် ... သိတယ်။ ဒါပေမဲ့ ဖွန်ကတော့ ရတာယူမယ့် မိန်းမမျိုး မဟုတ်ဘူးနော် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒါပေမဲ့ ကိုယ်ယူမှာက ကိုယ်ကလုပ်ကျွေးရမယ့် ယောက်ျားမျိုး။ အလုပ်အကိုင်မရှိ ပေါ်ကြော့ကောင်မျိုးမှ မဟုတ်တာ။ အဲဒါမျိုးကို ရတာယူရမှာထက်စာရင် ဒီလောက်ကတော့ ကိုယ်က နားလည်ပေးရတော့မှာပေါ့အေ၊ ဈေးလျှော့ပေးရတော့မှာပေါ့။ ညနေဈေးရောက်သွားပြီပဲ"

ဇွန်သည် မေမေ့ကို မထွေးနိုင် မအန်နိုင်သော မျက်နှာဖြင့် အီလည်လည်ကြီး ကြည့်မိသည်။ မေမေ့ပုံစံက ဇွန့်ကို တမင်ရွဲ့ပြောနေတာ မဟုတ်ဘဲ အတည်သဘောဖြင့် ပြောနေသဖြင့် ဇွန်သည် စိတ်ဆင်းရဲလာသည်။ မိန်းမတစ်ယောက်အတွက် သုံးဆယ့်နှစ်နှစ်ဟူသော အသက်အရွယ်ဟာ တကယ့်ကိုပဲ ဈေးကောင်းမရတော့ဘဲ ဖူးဖူးမှုတ် အချစ်မခံရတော့မယ့် အရွယ်ကို ရောက်နေပြီတဲ့လား။ ဒီလိုတော့ မဟုတ်နိုင်သေးဘူးဟု ထင်သည်။

ဇွန်သည် ဆယ့်ရှစ်နှစ်သမီးနှင့် နုပျိုခြင်းမှာ မယှဉ်နိုင်တော့သော်လည်း လုပမှုဘက်မှာတော့ ယှဉ်နိုင်သေးသည်ဟု ထင်သည်။ အသက်သုံးဆယ်ကျော်ပြီးသည့်နောက် အရင်ကထက် ပြည့်လာသော်လည်း ကောက်ကြောင်းရှိသော ခန္ဓာကိုယ်ကို ထိန်းထားနိုင်ဆဲပဲဖြစ်သည်။





ကျန်းမာရေးနှင့်လည်း ပြည့်စုံသလို အလုပ်အကိုင်နှင့်လည်း တင့်တယ်သော မိန်းကလေးတစ်ယောက်ဟာ အပျိုကြီးမဖြစ်တဖြစ်ဆိုသော ဘွဲ့လေးရသွားတာနှင့် ရတာယူ မဖြစ်လို့တော့ပြီ။

"ညည်းက အပျိုကြီးလို့ပြောရင်လည်း မကြိုက်ဘူး။ အဲဒီလောက်ထိ ဇီဇာကြောင်မနေပါနဲ့အေ။ ကိုယ့်ကိုသစ္စာရှိပြီး ရိုးသားတဲ့သူမျိုးဆိုရင် လက်ခံဖို့ သင့်တော်တာပဲဟာ"

မေမေက အဲဒီလိုပြောသဖြင့် ဇွန်သည် စိတ်နည်းနည်းလျှော့ကြည့်သည်။ စိတ်လျှော့ကာ ထပ်၍ဆက်ဆံတော့လည်း မကြိုက်တာတွေက တစ်ပုံတစ်ခေါင်းကြီးပဲ ထပ်တွေ့လို့လာပြန်လေသည်။ သူနဲ့ဇွန်နဲ့ဖြင့် ဘာမှတောင် မဖြစ်သေး။ လူကိုပိုင်စိုးပိုင်နင်းဖြင့် ဟိုဟာလေးစားချင်လို့၊ ဒါလေးစားချင်လို့ပါ။ အော်ဒါပေးတာတွေ ပါလာသည်။

မေမေကတော့ ရွှေသမက်လိုချင်ဇောဖြင့် ဟိုကချဉ်ခြင်းတပ်သမျှ အိမ်က ဒိုင်ခံချက်ပေးတော်မူသည်။ သွားပို့ရသော ဇွန့်မှာ မသက်သာလှ။ ချိုင့်ကြီးနဲ့မို့ ဘတ်စ်ကားမစီးချင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



Taxi မီးတော့ Taxi အဖိုးအခ ကုန်သေးသည်။ သူ့ဆေးခန်းရောက်တော့ ကျေးဇူးရှင်က လူကို အမောဆို့အောင် လှည့်တတ်သေးသည်။

ဆေးခန်းမှာ လူနာကျနေလျှင် မျက်နှာတောင်ထွက်ပြဖော်မရဘဲ နာ့စ်ကိုသာ ချိုင့်ယူခိုင်းပြီး အပေါက်ဝကတင် လှည့်ပြန်ရတာမျိုးလည်း ရှိသေးသည်။ မသိလျှင်တော့ ဗွန်ကပဲ ဒီဆရာဝန်ကို ကြိုက်လွန်းသဖြင့် ပိုးကြေးပန်းကြေး လာလုပ်နေသည့်ပုံမျိုးဖြစ်သည်။

တစ်ခါတလေ အပြင်တွေ ဘာတွေမှာ မုန့်သွားစားလျှင်လည်း သူက ပိုက်ဆံရှင်းဖို့၊ ဝယ်ကျွေးဖို့ လုံးဝမစဉ်းစား။ သူ့ကားနှင့် လာခေါ်လို့ ကားပေါ်တက်လိုက်တာနှင့် "ဒီနေ့ဒကာက ဗွန်ဆိုတော့ အိမ်က ဘာမှတောင်စားမလာဘူး ... ဟင်းဟင်း" ဆိုသော စကားကြီးက ကြိုတင်ပိတ်ထားလေရာ စားသောက်ပြီးလျှင် ဗွန်မှာ အောင့်သက်သက်နှင့် ထုတ်ရှင်းရစမြဲ။

နောက်ဆုံးတစ်ခုကတော့ အဲဒီဆရာဝန်သည် ဗွန်ဘယ်လိုမှ သည်းမခံနိုင်သော ကိစ္စတစ်ခုကို လုပ်ခဲ့တာပဲဖြစ်သည်။





ဗွန့်မွေးနေ့ နံနက်စောစောမှာ ဘုရားတက်ဖို့၊ ပြီးလျှင် ဒင်းဆမ်းသွားစားဖို့ အကြံအစည်ကို သူက ဘယ်လိုစကားလေးတစ်ခွန်းဖြင့် ပယ်ဖျက်လိုက်ပါသနည်း။ နားထောင်ကြည့်ပါ။

"အဲဒီနေ့က ကိုယ်ဂျူတီတော့ မရှိဘူးကွ။ ဒါပေမဲ့ အိပ်ရေးပျက်တာ ကြာပြီဆိုတော့ အိမ်ရေးဝဝ အိပ်ချင်တယ်။ ညနေဘက်မှ ဘုရားတက်မယ်လေ ဗွန်ရာ၊ ပိုမကောင်းဘူးလား"

ဗွန်သည် စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားသော်လည်း နည်းနည်းတော့ သည်းခံကြည့်လိုက်ပါသေးသည်။

"ညဘက်မသွားချင်ပါဘူး။ အိမ်မှာက မေမေတစ်ယောက်တည်းရယ်။ ကိုယ့်မွေးနေ့မှာ မနက်စောစောပဲ ဘုရားတက်ချင်တာပေါ့။ သိပ်အစောကြီးလည်း မဟုတ်ပါဘူး။ ခြောက်နာရီခွဲလောက်ပဲဟာ"

"အာ ... အဲဒီအချိန်က အရမ်းအိပ်ကောင်းတဲ့ အချိန်တွေနပ်လို့သိပ်ကောင်းတာ။ ညနေဘက်မှ သွားပါလား ဗွန်ရာ နော်"



www.burmeseclassic.com

www.burmeseclassic.com



ဖွန့်ရဲ့မေးကြောတွေက ချက်ချင်းတင်းသွားသည်။ ဖွန်သည် ဒေါသကို အတန်တန် ထိန်းထားရသော လေသံဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"နေပါစေ ကိုသီဟ။ ရှင် အိပ်ရေးဝဖို့ အရေးကြီးပါတယ်။ အိပ်ပါ ... ရပါတယ်"

"ဖွန်ကလည်းကွာ၊ ကိုယ်က လိုက်မပို့ဘူးလို့ ပြောနေတာမှ မဟုတ်တာ။ အချိန်ပဲ ရွှေ့တဲ့ဟာ။ အဲဒီလို သဘောမနစမ်းပါနဲ့"

"သြော် ... ကျွန်မ သဘောနတယ် ဟုတ်လား။ ထားပါတော့၊ ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မ ညနေဘက်တော့ လုံးဝမသွားဘူး"

သူက ဂရုမစိုက်လေဟန်ဖြင့် ပခုံးနှစ်ဖက်ကိုပင် တွန့်ပြကာ ...

"ဖွန့်သဘောပဲလေ၊ ကိုယ်က မပို့ဘူးလို့ ပြောတာမဟုတ်ဘူးနော်"

ဖွန်သည် တောက်မခေါက်မိအောင် အတန်တန်ထိန်းကာ လှည့်ထွက်ခဲ့ရသည်။ သူ့ရှေ့မှာ မပေါက်ကွဲခဲ့ရသမျှ အိမ်





ရောက်၍ မေမေ့ရှေ့ရောက်လျှင်တော့ တန်းစီပြီး ပေါက်ကွဲပြလိုက်တော့သည်။

"အလကား မေမေ။ အဲဒီဆရာဝန်က ဖွန့်ကို မေတ္တာစစ်နဲ့ချစ်တာ မဟုတ်ဘူးဆိုတာ သိပ်သိသာတာပဲ။ နည်းနည်းလေးမှ အလျှော့ပေးဖို့ စိတ်ကူးမရှိဘူး။ သူ မသေရမှာကိုပဲ တွေးပြီး ကြောက်နေတာ။ ဒါလေးတောင် လိုက်လျောဖို့ စိတ်ကူးမရှိတဲ့ ယောက်ျားကို ဘဝလက်တွဲဖော်အဖြစ် ဘယ်လိုရွေးချယ်ရမှာလဲ။ တော်ပြီ မေမေ။ သူ့ကိုတော့ ဖွန် လုံးဝမယူနိုင်တော့ဘူး။ ဘာအချစ်မှမရှိတဲ့ ယောက်ျား"

ဖွန့်အပြောကို မေမေက တရားကျသလိုဖြင့်ကြည့်ကာ ...

"ဒီအသက်အရွယ်ရောက်မှ ညည်းက အချစ်ကို မျှော်လင့်နေသေးလား မိဖွန်ရဲ့။ အချစ်က ကျန်ခဲ့ပြီလေ။ ဒီအရွယ်မှာတော့ သူ့လိုကိုယ့်လိုက နှလုံးသားထက် ဦးနှောက်နဲ့ပဲ ရွေးချယ်ဆုံးဖြတ်ပြီပေါ့ဟဲ့"

"တော်ပြီ မေမေရာ။ ဒီလူကိုတော့ လုံးဝစိတ်မကူးတော့ဘူး။ အပြတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမေက သက်ပြင်းတချချဖြင့် ဘာမှဆက်မပြောတော့ချေ။ ပထမဦးစားပေးကြီး ကျဆုံးသွားသောအခါ အရန်လူအဖြစ် သတ်မှတ်ထားသော ရဲနိုင်မှာ ဖွန့်ရဲ့စိတ်ကူးထဲသို့ အလိုလိုရောက်လာလေသည်။ "ရဲနိုင်ကတော့ ငယ်ပေါင်းကြီးဖော်မို့ အဆင်ပြေမလားပဲ"ဟူသော ဖွန့်ရဲ့အပြောကို မမေကတော့ နှုတ်ခမ်းကြီး မဲ့ကာရွဲ့ကာဖြင့် "ငါတော့ မထင်ပါဘူးအေ"ဟု ပြောသည်။

ဖွန်သည် မခံချင်စိတ်ဖြင့် ရဲနိုင်ကိုတော့ အဆင်ပြေစေရမည်ဟူသောစိတ်မျိုး မွေးထားလိုက်သည်။ အဲဒီလို မွေးထားတာ ကိုယ်တစ်ယောက်တည်း သိသော်ငြားလည်း ကိုယ့်စိတ်နှင့်ကိုယ်ပင် ပြန်ရှက်နေတာ ဖြစ်လေသည်။

ရဲနိုင်နှင့်ကတော့ အဆက်အသွယ် မပြတ်သဖြင့် နည်းနည်းလေး ပုံစံပြောင်း ဆက်ဆံလိုက်တာနှင့် ရဲနိုင်ကလည်း သူ့အပေါ် ဘယ်လိုထားတော့မည် ဆိုတာကို သဘောပေါက်သည်။ ရဲနိုင်ကတော့ ဟိုဆရာဝန်လို ကပ်ဆေးဘီးစိပ်တော့မဟုတ်။ အရောင်းအဝယ်သမားမို့ လက်ဖွာသည်။





တစ်ယောက်နှင့် တစ်ယောက် နင်နဲ့ ငါနဲ့ဆိုကာ ပြောမနာ ဆိုမနာမို့ အဆင်ပြေသည်ဟု ပြော၍ရမည်။ တစ်ခါတလေ ဖွန် ရုံးဆင်းလျှင် လာကြိုကာ တစ်ခုခု သွားစားတတ်တာတို့၊ ရုံးပိတ်ရက်တွေမှာ ရှော့ပင်းလေး ဘာလေး ထွက်ကြတာကို လုပ်ရင်း အဆင်ပြေနေပြီဟု ပြော၍ရပြီဖြစ်သည်။

မမေ့ကိုတောင် ဖွန်က လက်မတစ်ချက် ထောင်ပြကာ "ဒီဝါကျွတ်တော့ သေချာပါပြီ မမေရဲ့"ဟု ပြောလျှင် မမေက ခေါင်းတညိတ်ညိတ်ဖြင့် ...

"သေချာရင်တော့ ကောင်းတာပေါ့အေ။ ဒါပေမဲ့ ညည်းက ကြေးများတတ်တော့ ညည်းကိုပဲ ငါက ကြောက်တာပါ"

"မမေကလေ ရှိတော့လည်းရှိလို့၊ မရှိတော့လည်းမရှိလို့။ မိန်းကလေးပဲ ကြေးကတော့ များရမှာပဲ မဟုတ်ဘူးလား။ အိမ်ထောင်မှုဘုရားဘည်လေ မမေရဲ့"

ဖွန်ရဲ့ပိုင်နိုင်သလို အပြောကို မမေက ပြုံးချင်ချင် မျက်နှာပေးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"အဲဒီစကားက မနှန်ဘူးလို့ ငါ မငြင်းလိုပါဘူး ငါ့သမီးရဲ့။ ဒါပေမဲ့ အနေအခြေ အချိန်အခါက ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေရဲ့ ကြေးများခွင့်ဆိုတာလည်း သဘာဝတရားကြီးက အချိန်ကာလတစ်ခုမှာပဲ အခိုက်အတန့်ပေးထားတာ ...

အဲဒါကြောင့် သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကား ပေါ်လာတာပေါ့ကွယ်။ မိန်းကလေးဆိုတာ ငယ်ရွယ်တုန်းမှာပဲ ကြိုက်တဲ့လူက ပေါတာမဟုတ်လား။ အခု ပြုနေကြတဲ့ အိမ်ထောင်သည်တွေကိုပဲကြည့်။ ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေနဲ့ ဆယ်နှစ်လောက် ကွာနေကြတာပဲလေ ...

အဲဒီယောကျ်ားတွေဟာ ဘာလို့ ကိုယ်နဲ့ရွယ်တူ တန်းတူကို မရွေးချယ်ကြသလဲ။ ယောကျ်ားတော်တော်များများဟာ ငယ်ရွယ်တဲ့ မိန်းကလေးတွေကိုပဲ နှစ်သက်ကြတယ်။ အသက်အရွယ်နဲ့ အိမ်ထောင်ရေးသုခနဲ့ ... သမီးက ဒါတွေ နားမလည်ပါဘူးကွယ်”

မေမေက အဲဒီလို လေသံပျော့နှင့် ပြောတော့လည်း ဖွန်သည် စိတ်ရှုပ်လာရပြန်သည်။ ငယ်ရွယ်တုန်းက စိတ်မကူး မစဉ်းစားခဲ့လေသော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လေမည်လား။





ကိုယ့်ကံကိုက ဒီလိုပဲလားဟု ဘယ်အရာကို လွှဲချရမှန်း မသိတော့ချေ။

တစ်နေ့မှာတော့ ဖွန်နှင့် သူငယ်ချင်းတစ်ယောက်ဟာ ရုံးကိစ္စတစ်ခုနှင့် မြို့ထဲဘက်သို့ သွားရသည်။ အဲဒီမှာပဲ ဖွန့်ရဲ့မျက်လုံးတွေသည် ကားပါကင်ရှိရာ တစ်ဖက်လမ်းသို့ ကူးသွားသော ရဲနိုင်နှင့် ကောင်မလေးတစ်ယောက်ကို ဖျတ်ခနဲ မြင်မိလေသည်။

ကောင်မလေးက ဖွန်တို့ထက် တော်တော်ငယ်ပုံရကာ သွက်သွက်လက်လက်လေးဖြစ်သည်။ ဖွန်သည် အဲဒီမြင်ကွင်းကိုမြင်လျှင် ရည်းစားလူလု အနုကျွဲခတ် ခံစားချက်မျိုးတော့ မရှိသော်လည်း စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားသည်။

ရဲနိုင်နှင့် ကောင်မလေးကတော့ ဘာမှသိပုံမရ။ ကားပေါ်တက်ကာ ပျော်ပျော်ရွှင်ရွှင်ပဲ မောင်းထွက်သွားကြသည်။ သူတို့နှစ်ယောက်ရဲ့ပုံစံမှာ သာမန်တော့ မကဘူးဟု ဖွန် ထင်သည်။ ဖွန်သည် မေမေ ပြောပြဖူးသော ယောကျ်ားတော်တော်များများဟာ ငယ်ရွယ်တဲ့ မိန်းကလေးတွေကိုပဲ နှစ်သက်ကြသည်ဟူသော စကားကို ပြန်ကြားမိလျှင် ရင်ထဲမှာ ပူခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ရဲနိုင်ကို ချစ်သောစိတ်ကြောင့် မဟုတ်ဘဲ မိန်းကလေးမာန တစ်နည်းဆိုရလျှ ... ဂုဏ်ကြီးမာနကြောင့်သာ ဖြစ်သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလေသည်။ မွန်သည် ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေတာမျိုးကို ဘယ်တော့မှ မျိုသိပ်မထားတတ်သူပီပီ ရဲနိုင်နှင့် တွေ့သောအခါ ဖွင့်မေးလိုက်သည်။ ရဲနိုင်က ငါးသလောက်ပြုံး ခပ်ပါးပါးဖြင့်ပင် "ဒါက ဒီလိုပါပဲဟာ" မွန်သည် သူ့အပြောကို နားမလည်လျက် ...

"ဘာဒီလိုပါပဲလဲ။ အဲဒါ နင့်ရည်းစားလား"

"အင်း ... ဘယ်လိုပြောရမလဲ၊ ဒီလိုပဲပေါ့"

"ဟာ ... ဘာဒီလိုပဲပေါ့လဲ။ ရည်းစားဆိုလည်း ရည်းစား၊ ပွင့်ပွင့်လင်းလင်းပြောပေါ့"

"ရည်းစားမဟုတ်ပါဘူးဟာ"

မဟုတ်ဘူးဆိုသော်လည်း သူ့ရုပ်က ပြုံးစိစိ။ မွန်သည် သူ့ပုံစံကိုကြည့်ပြီး စိတ်တိုလာသည်။ သူ့ပုံစံက ကြောင်ကကြွက်ကို ဆော့ကစားနေသည့် ပုံစံမျိုးဖြစ်သည်။ မွန်သည် ကိုယ့်ကို တခြားတစ်ယောက်က အဲဒီလိုလုပ်တာကို မခံမရပ်နိုင်ဆုံးပဲ ဖြစ်သည်။





သူ့ပုံစံက အပျိုကြီးပျာနေပြီလားဟူသော ပုံစံမျိုးဖြစ်သဖြင့် မွန်သည် အဲဒီပုံစံကို ပိုပြီးမခံချင်၊ မခံနိုင်ဖြစ်မိသည်။ ဆက်ပြောနေလျှင် ကိုယ်ပဲ အရှုံးဖြစ်မည်စိုးသဖြင့် မပြောတော့ဘဲ သူ့အကြောင်းကိုသာ အသာစုံစမ်းရသည်။

စုံစမ်းကြည့်လိုက်တော့မှပင် ရဲနိုင် ဆိုသောယောက်ျားသည် လွန်ခဲ့သော ဆယ်နှစ်လောက်က မွန် သိခဲ့သော ရဲနိုင်မဟုတ်တော့ဆိုတာကို သိရလေသည်။ သူတွဲနေသော ကောင်မလေးတွေမှာ တစ်ယောက်တောင်မက သမီးဝမ်း၊ သမီးတူး၊ သမီးသရီးခသဖြင့် သမီးတွေတန်းစီပြီးနေလေသည်။ မွန့်ကို သူ့အကြောင်းပြောပြသူရဲ့စကားကို နားထောင်ရလျှင် မွန့်မှာ အွတ်ခနဲပင်ဖြစ်သွားရသည်။

"သူနဲ့တွဲနေတာလေးတွေက ဆယ့်ရှစ်၊ နှစ်ဆယ်လောက်လေးတွေချည်းပဲ မွန်ရဲ့၊ မွန့်လို သုံးဆယ်ကျော်မပြောနဲ့ အသက်အစိတ်တောင် မပါဘူး။ မွန့်ကိုတော့ ငယ်ချစ်ဆိုပြီး ..."

"အို ... တော်ပါ။ ဘာငယ်ချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇွန်.ရဲ.ခပ်ဆတ်ဆတ်အပြောကို မနွယ်က ဇွန်.ကို တစ်ချက်ပြုံးကြည့်သည်။

သူ.အပြုံးက နှစ်သိမ့်သည့်အပြုံး။

"ငွေရေးကြေးရေးလည်း အဆင်ပြေ၊ အရွယ်လည်းရှိတဲ့ ယောကျ်ားလေးတွေကတော့ ဒီလိုပဲပေါ့ ဇွန်ရယ်။ သူလည်း ဒီအသက်အရွယ်ရောက်မှတော့ ရွေးပြီပေါ့။ ကိုယ်က လိမ္မာပါးနပ်ဖို့ပဲလိုတယ်။ နားလည်ပေးရတာပဲ ဇွန်ရဲ.။ ကိုယ့်အသက်အရွယ်ကလည်း သိပ်မူနေ အင်နေလို့ မရတော့ဘူးလေ။ ခေါင်းတွေကို တဒေါက်ဒေါက်မြည်အောင် လိုက်ခေါက်ပြီး ရွေးလို့ရတဲ့အရွယ်က အသက်အစိတ်လောက်ထိကှ နောက်ဆုံးပဲ။ ဒါတောင် အစစအရာရာ တော်တော်ကြီး ပြည့်စုံနေမှ"

ဇွန်သည် စုံစမ်းကာမှ ကိုယ့်ကိုပါ အဖျားခတ်နေသော စကားတွေကြောင့် သွေးမတိုးရုံတမယ် ဒေါသတွေတချောင်းချောင်းထွက်ကာ အိမ်သို့ပြန်လာရသည်။ မေမေ့ရှေ့သို့ရောက်လျှင် ရင်ဘတ်ကို ဖိလျက် ...





"တော်ပြီ မေမေ၊ တော်ပြီ။ ရဲနိုင်ကိုလည်း သမီးမစဉ်းစားတော့ဘူး။ လက်စသတ်တော့ သူ သမီးကိုလက်ထပ်ဖို့ ဘာကြောင့် အတိအလင်း ထပ်မပြောတာလဲဆိုတာ သိပြီ။ သူက ခေါင်းခေါက်ပြီး ရွေးနေတာ မေမေရဲ. ...

အမယ်လေး ... တော်ပါပြီ။ အဲဒီဘဝတော့ ဇွန်တို့က ဘယ်တော့မှ အရောက်မခံဘူး။ ယောကျ်ားမရလို့ သေမသွားဘူး မေမေရေ။ တစ်သက်လုံးက ဒီအတိုင်းနေလာခဲ့ပြီးတော့မှ သူ မရွေးလို့ ကျန်ခဲ့ရတယ် ဆိုတာမျိုး အပြောမခံနိုင်ပါဘူး။ အပျိုကြီးဈေးတော့ အကျမခံနိုင်ဘူး"

မေမေက ဒီလိုဖြစ်လာလိမ့်မယ် ဆိုတာကို ကြိုသိနေသော မျက်နှာထားဖြင့် ဘာမှ ထူးခြားတုန်လှုပ်ဟန် မပြချေ။ ဇွန်.ကိုလည်း ဒီတစ်သက် အပျိုကြီးပဲ ဖြစ်တော့မှာပါပဲဟူသော ပုံစံဖြင့် စိတ်လျှော့သည့်သဏ္ဌာန် လုပ်ထားလျှင် ဇွန်ကလည်း အဲဒါကို အသည်းအနာဆုံးပဲဖြစ်သည်။ အသည်းနာ၍ ဒီဝါကျွတ်မှာတော့ အစွံပဲဟူ၍လည်း မောင်းမခတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်လက်ပျက်ဖြင့် အဲရာရာကို စိတ်တိုကာ အလိုမကျ ဖြစ်မှုတွေသည် နောက်ပိုင်းမှာ ဆက်တိုက်ဆိုသလိုပင် ဖြစ်လာသည်။ အလုပ်မှာလည်း အဆင်မပြေ၊ ပရက်ရှာတက်ကာ သွေးတိုးလာသဖြင့် ဆေးခန်းသို့သွားလျှင် ဆရာဝန်က ဗွန့်ကို ခမည်းလိုတာပါဟု နောက်လိုက်သဖြင့် ထသတ်မိမလို ဖြစ်သောကြောင့် မေမေကပင် ဖွတ်ဖျောင်းဖျကာ အိမ်သို့ ပြန်ခေါ်လာရသည်။

နောက်ဆုံးတော့ ဗွန်သည် ဘယ်လိုမှ မတတ်နိုင်တော့သည့်အဆုံး ရုံးမှာခွင့်တင်လျက် မေမေနှင့်အတူ တရားစခန်းသာ ဝင်လိုက်တော့သည်။ တရားစခန်းက ပြန်ထွက်လာတော့မှပင် နည်းနည်းပုံမှန်ဖြစ်သွားသော ဗွန့်ကို အပေါင်းအသင်းတွေက ဝိုင်းမေးကြလျှင် ဗွန်သည် အားလုံးကို တစ်ခွန်းတည်းသာ အော်၍ ဖြေလိုက်တော့လေသည်။

"အပျိုကြီးဒီပရက်ရှင် ဝင်လို့ဟေ့ ... သိပြီလား"

အဲဒီ ဒီပရက်ရှင်တွေမှာ တခြားအချိန်တွေ ဆိုလျှင် သိပ်မသိသာ။ သီတင်းကျွတ်ပြီဆိုလျှင် အပျိုကြီးဒီပရက်ရှင်တွေ အလိုလို ဝင်လာတတ်သည်မှာ ဗွန်တင်ပဲလား။ တခြားသူတွေရော





ဘယ်လိုမျိုးများလဲဆိုတာ နောက်ကျမှပဲ အပျိုကြီးအချင်းချင်း အသာလေး လက်တို့မေးရတော့မည်။ သေချာတာကတော့ ဘယ်အပျိုကြီးမှ ကိုယ့်ဈေးကိုယ်မချလိုကြဘဲ အပျိုကြီးမာန်တွေ ရှိတတ်တာပဲ ဖြစ်တော့လေသည်။

✧ ✧



www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်မွန်မွန်

## စင်ဒရဲလားကို မကယ်တင်နိုင်သူ



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်မရဲ့ ရာထူးအဆင့်အတန်းဟာ ဒီအိမ်မှာ ဘာလဲဆိုတာ ကျွန်မကိုယ်တိုင်ပင်လျှင် သေချာမသိပါ။ ကျွန်မဟာ ဒီအိမ်ကြီးရဲ့အိမ်ဖော်လည်း မဟုတ်။ ဒါပေမဲ့ ဒီအိမ်ကြီးရဲ့မိသားစုဝင် အခွင့်ထူးခံ လူတန်းစားလည်းမဟုတ်။ သူစိမ်းတစ်ရံလည်းမဟုတ်။ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းသိ မရေရာသော အခြေအနေဖြစ်သည်။

သို့သော် ဒီအိမ်ကို ရောက်လာခဲ့သော အခြေအနေကိုတော့ ကျွန်မ ရေရေရာရာ မှတ်မိနေသေးသည်။ ကျွန်မ လူမှန်းသိတတ်စ လေးငါးခြောက်နှစ် အရွယ်တွင် အဖေက ဆုံးပါးသွားခဲ့ပြီး ကျွန်မ ဆယ့်သုံးနှစ်သမီးအရွယ်တွင် အမေက ထပ်၍ဆုံးသွားသည်။ အဲဒီအခါမှာ ကျွန်မရဲ့အဒေါ်က ဒီအိမ်ကြီးကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဂုံ့ငိုက်တာဖြစ်ပါသည်။ ဒီအိမ်ကြီး၏ပိုင်ရှင် မားမား ဆိုသူက ယေရှုစုတ်ပြတ်နေသော ကျွန်မကို ကြည့်ရတာတောင် မျက်လုံး သနသည့်ပုံစံမျိုးဖြင့် ...

"အင်း ... ကိုယ့်ဟာကိုယ် အေးအေးနေတော့လည်း ဒုက္ခ တွေက လာလာနှယ်ကြတယ်၊ သူများအပူက ကိုယ့်အပူ ဖြစ်ရဦးမယ်၊ မွေးတုန်းက မွေးထားကြပြီး ကျွေးတော့ မကျွေးနိုင်ကြပါလားနော်"

ညွှန်မရဲ့အဒေါ်က ကျွန်မကို ထိုမိန်းမကြီး လက်မခံ မှာကို စိုးရိမ်သည့်ပုံစံဖြင့် ...

"မားမားရဲ့ ကျေးရုံပါပဲ မားမားရယ်။ လခလည်းပေးစရာ မလိုဘူး။ ဒီအရွယ်က မွေးထားတော့ ဂျယ်ပုံလည်း ရတာ ပေါ့၊ နောက်ကြောင်းလည်း ရှင်းနေတဲ့ဟာပဲ၊ ကျွန်မမှာ လည်း လင်က အရက်သမား၊ ကလေးက ငါးယောက် တောင်ဆိုတော့ သူ့တစ်ကိုယ်စာကို ..."

အဒေါ် ညည်းညူပြနေတာကို မားမားက နားမခံ သာသည့်ပုံစံဖြင့် လက်သည်းနီနီရဲရဲချွန်ချွန်များရှိသော ရွှေရောင် စိန်ရောင်လက်နေသည့် လက်များဖြင့် ကာယမ်း၍ ...





"တော် ... တော် နားငြီးတယ်။ ညည်းတို့မလည်း မွေး တိုင်းတင်တွေ တော်တော်လုပ်ကြ၊ ခက်တယ် ... ခက်တယ် အာရုံနှောက်တယ်၊ ကဲ ... ကဲ ... ထားခဲ့တော့"

အဒေါ်က ဝမ်းသာသွားရိပ်ကို မဖုံးမဖိနိုင်ဘဲ နဂိုက ပြဲသောပါးစပ်ကို မတရားဖြဲထားကာ ...

"ကဲ ... ပွင့်နု၊ ညည်း လိမ်လိမ်မာမာ နေရစ်ပေတော့၊ ညည်းကို မားမားက လက်ခံလိုက်တာ အင်မတန် ကံကောင်း တယ်မှတ်၊ ဒီလိုအိမ်မျိုးမှာ လူတိုင်းနေချင်ကြတာ၊ ဒါ ညည်းတို့ ငါတို့ရဲ့ ကျေးဇူးရှင်နော်၊ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့"

ဒီလိုနဲ့ အမေ့ရဲ့ညီမ၊ ကျွန်မရဲ့အဒေါ်က ကျွန်မတို့ နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော မားမားဒေါ်စိန်ခြယ်တို့အိမ်မှာ ထားရစ်ခဲ့တော့တာဖြစ်သည်။

အဒေါ် ပြန်သွားသည်နှင့် မားမားက ကျွန်မကို မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်ကာ ...

"ဟဲ့ ... မိပွင့်နု၊ ညည်း ဘာလုပ်တတ်သလဲ"

"ကျွန်မ စံပယ်ပန်း သီတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာအေ့ ... အဲဒါကို ပြောနေတာ မဟုတ်ဘူး၊ ခက်တယ် ကာကယ့်အောင်ကြူကြူမပဲ၊ ဟင်း ... ညည်းကိုတော့ အပြတ်ပုံစံသွင်းမှပဲ ဖြစ်တော့မယ်၊ အမယ်လေး ... စတူးပဒ် ... စတူးပဒ်"

ကျွန်မက ဘာတွေအော်နေမှန်း မသိသော မားမားကို မျက်လုံးအပြူးသားဖြင့် ငေးနေမိလေသည်။ မျက်နှာဖုံးစွပ်ထားသလို ဖြူဖွေးနေသော မိတ်ကပ်များဖြင့် ဆံပင်တိုတိုကို တစ်ခေါင်းလုံး ကောက်ထားသော မားမားသည် ကျွန်မနားမလည်သော ဘာသာစကားတွေကို တစ်နေ့လျှင် အခါနှစ်ဆယ်ထက်မနည်း ရေရွတ်တတ်သူဖြစ်သည်။

"ဟဲ့ ... ဘာလယ်ဒီမူး ... ချိန်းဘရီး"စသဖြင့် သူပြောသော နာမည်တွေက လှတော့လှသားဟု ဟွေးမိခဲ့သေးသည်။ မားမားထက် ဆိုးတာက သူ့သမီးနှစ်ယောက်ဖြစ်သော ရှယ်လီနဲ့ နန်စီတို့ပဲဖြစ်လေသည်။

မားမားကို့အိမ်တွင် သူ့နေရာနဲ့သူ တတ်ကျွမ်းသည့် လူတွေ အားလုံးရှိပြီးသား ဖြစ်သောကြောင့် နောက်ပေါက်ဖြစ်သည့် ကျွန်မမှာ အလိုလိုပင် ထိုညီအစ်မနှစ်ယောက်၏ ခိုင်းဖတ်ဖြစ်သွားတော့သည်။



ဒါကို ကျွန်မထက်အရင် ဒီအိမ်မှာ ရောက်နေသော အေးရီက "နင်က သူတို့ရဲ့စက်ကတ်ကြေးပေါ့ဟ"ဟု ဆိုတတ်သည်။ ကျွန်မက အူလည်လည်ဖြင့် "ဘာ ... စက်ကတ်ကြေး" ဟုဆိုလျှင် ...

"စက်ကတ်ကြေးလေဟာ၊ ဦးဦးမှာလည်း အဲဒီလို စက်ကတ်ကြေး ရှိတယ် ပြောတယ်၊ စက်ကတ်ကြေးဆိုတာ အားလုံး လုပ်ပေးရတာတဲ့။ အန်တီမေစီကဆို ဒီစက်ကတ်ကြေးမကို သိပ်မုန်းတာ။ ဦးဦးကတော့ သိပ်ကြိုက်ဆိုပဲ"

မားမားရဲ့သမီးအကြီးဆုံးက အန်တီမေစီဖြစ်ပြီး သူ့မှာက ကလေးတစ်ယောက်ရှိသည်။ သို့သော် အဲဒီကလေးကား အမေဖြစ်သူနှင့် တစ်နေ့ တစ်နာရီတောင် ဆုံပုံမရပေ။ နာနီအိမ်ကိုစာလာသင်သော ဆရာမတို့နဲ့သာ နေရရှာသည်။

ကျွန်မသည် အစကတော့ ထိုအိမ်ကြီးရော ထိုအိမ်ကြီးမှ လူများနှင့်ရော ဘယ်လိုမှ အထာမကျနိုင်ပေ။ ကျွန်မနှင့် အမြဲဆက်ဆံရသူများမှာ မားမားနှင့် သူ့သမီး အပျိုမနှစ်ယောက်ဖြစ်သည့်အတွက် ကျွန်မမှာ ဘယ်လိုမှ မစားသာချေ။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ သူတို့နှစ်ယောက်၏ ဗာဟီရကိစ္စများနှင့် အချိန်တောင် ဘယ်လိုကုန်သွားမှန်း မသိပေ။ ထမင်းတောင် မနည်းလု၍ စားရလေသည်။

ထိုညီအစ်မနှစ်ယောက်၏ စားရေးသောက်ရေးမှတိုင် ဖွထားသမျှ အားလုံးကို ကျွန်မတစ်ယောက်တည်းသာ ဒိုင်ခံရှင်းရပေသည်။

ဒီကြားထဲမှာမှ သူတို့စိတ်တိုင်းမကျလျှင် ခေါင်းကိုစက်သေနတ်ပစ်သလို ခေါက်ခြင်း၊ မိုက်ကြော၊ နားရွက် လိမ်ဆွဲခြင်းတို့ကိုလည်း တစ်နေ့လျှင် ငါးခါထက်မနည်း ခံရတတ်လေသည်။

**အသူအငေါက်တို့မှာတော့ ပြောမနေပါနဲ့တော့။** ပွက်ပွက်ကိုည် ထလျက်၊ နားရွက်မှာသာ အရည်ပျော်စွမ်းအင်ရှိပါလျှင် အရည်တောင် ပျော်ကျနိုင်လေသည်။ တစ်ခါတစ်ရံ၌ ကြီးစွာသော စိတ်ဆင်းရဲမှုမျိုး ဖြစ်ပေါ်၍ ကျွန်မတစ်ယောက်တည်း မှောင်ရိပ်ထဲမှာ ငိုယိုနေလျှင် ကျွန်မကို လာရောက်နှစ်သိမ့်တတ်သူမှာ အေးရီပဲဖြစ်သည်။





တစ်နေ့တော့ အေးရီက ကျွန်မကို ထူးထူးခြားခြားပဲ ပုံပြင်တစ်ပုဒ်နှင့် နှစ်သိမ့်လို့လာသည်။ သူက မမကြီးရဲ့ကလေးကို ထိန်းရသဖြင့် ထိုပုံပြင်ကို အဲဒီကလေးလေးထံမှ ပြန်ကြားခဲ့ရခြင်းဖြစ်သည်။

"အဲဒီကောင်မလေးနာမည်က စင်ဒရဲလားတဲ့ဟ၊ သူတို့လည်း အဲဒီ မိထွေးနဲ့ လင်ပါသမီးနှစ်ယောက်က အရမ်းနှိပ်စက်တာ၊ အဲဒီ မိထွေးကဆိုရင် စင်ဒရဲလားလေးလှတာကို မနာလိုတော့ ကျိန်စာတောင် တိုက်ထားတာ၊ နေ့ခင်းဘက်မှာ ရုပ်ဆိုးအောင်ပေါ့။ သူက ညဘက်မှ လှတာလေ။ တစ်နေ့ တစ်နေ့ အိမ်ထဲက အိမ်ပြင်မထွက်ရဘဲ အိမ်ထဲမှာပဲ နှိပ်စက်ခံနေရတာပေါ့ …

ဒါပေမဲ့ သူက စိတ်ထားအရမ်းကောင်းတော့ သူ့ကို ဘဝဟောင်းက အမေက လှအောင် ဖန်ဆင်းပေးလိုက်ပြီး နန်းတော်ကကျင်းပတဲ့ ကပွဲကို သွားစေတယ်။ အဲဒီမှာ မင်းသားလေးနဲ့ တွေ့တာပေါ့။ မင်းသားလေးကလည်း သူ့ကို မြင်မြင်ချင်းကို ချစ်သွားတာ။ ဒါပေမဲ့ စင်ဒရဲလားဟာ ညဆယ့်နှစ်နာရီထိုးတာနဲ့ အဲဒီအလှအပတွေ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ဆုံးမှာဆိုတော့ အိမ်ကို ကမန်းကတန်း ပြန်ပြေးရတယ်။ အဲဒီမှာ ဖန်ဒေါက်ဖိနပ်လေးတစ်ဖက်က ကျွတ်ကျပြီး ကျန်ခဲ့ပါလေရော”

“ဟဲ့ ... မိပွင့်နု”

အဲဒီအချိန်မှာပဲ နားထဲသို့ ရှယ်လီရဲ့အသံကြီးက ညအချိန်နှင့်မလိုက်အောင် အော်ကြီးဟစ်ကျယ် တိုးဝင်လို့လာလျှင် ကျွန်မရော အေးရီရောပါ ထပြေးရတော့သည်။ ရှယ်လီက ဗိုက်ဆာသဖြင့် ကော်ဖီဖျော်ခိုင်းဖို့ လူရှာရာမှ မတွေ့သောကြောင့် ကျွန်မမှာ ခေါင်းခေါက်တာကို ခံရသည့်အပြင် အေးရီပါ အဆစ်ပါရှုံသွားလေသည်။ သို့သော် ဒီတစ်ခါတော့ ကျွန်မ်ဟာ ခေါင်း ခေါက်ခံရတာကိုတော့ သိပ်စိတ်မဝင်စားနိုင်တော့ပေ။

အေးရီ ပြောပြသော စင်ဒရဲလားပုံပြင်ကိုသာ နားထဲစွဲလျက် ဖာတ်သိမ်းပိုင်းကို အလွန်အမင်းပဲ သိချင်နေမိတော့သည်။

✧ ✿ ✧





(၂)

တစ်နေ့မှာတော့ ကျွန်မ သိချင်နေသော စင်ဒရဲလားပုံပြင်ရဲ့ ဇာတ်သိမ်းပိုင်းကိုသာမက ဇာတ်လမ်းကိုပါ ကြည့်ခွင့်ရခဲ့တော့သည်။ အဲဒါကတော့ မားမားတို့မိသားစုလိုက် ချောင်းသာအလည်အပတ်ခရီး ထွက်သွားသောကြောင့်ပင်။ ထိုအချိန်သည် ကျွန်မအဖို့တော့ နိဗ္ဗာန်ပဲ ဖြစ်လေသည်။ ကျွန်မ၏စိတ်ထဲတွင် ထိုအချိန်ကစလို့ စင်ဒရဲလားရဲ့ဘဝကို အစွဲကြီးစွဲသွားတော့တာဖြစ်သည်။ အေးရီကတော့ မေးစေ့ကိုပွတ်လျက် ဟန်ပါပါပြောသည်မှာ ...

“လောကကြီးက တရားမျှတပါတယ်ဟာ၊ ငါတို့လို စိတ်ထားကောင်းပြီး ဆင်းရဲတဲ့ မိန်းကလေးတွေအတွက် ကယ်တင်မယ့်သူဆိုတာ ရောက်လာမှာပါ။ ဒီတော့ တို့တွေ ဒီအလုပ်မျိုးကို လုပ်စရာမလိုတော့ဘူးပေါ့”


www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို မကြာခဏ ကြေတတ်သော အေးရီသည် သူ့ကို ကယ်တင်မည့်သူကို အမှန်တကယ်ပင် ရှာတွေ့သွားလေသည်။ ထိုသူမှာ တစ်ဖက်ခြံမှာ တိုက်ဆောက်တဲ့အထဲတွင် ပါဝင်နေသော အလုပ်သမားခေါင်းဆောင်ပဲဖြစ်သည်။

ဘာပဲပြောပြော အေးရီသည် အလုပ်သမားခေါင်းကတော် ဖြစ်ရသည့်အတွက် ပျော်ရွှင်ကျေနပ်နေဟန် ရှိလေသည်။ သူကား သူများအိမ်တွင် ထမင်းချက် အဝတ်လျှော် လုပ်စရာမလိုတော့။ အေးဆေးသော အိမ်ရှင်မဘဝကို ခံယူသွားပြီဖြစ်သည်။ အေးရီက သူ မသွားခင် ကျွန်မကို ခပ်တိုးတိုး ကပ်ပြောသွားသည်မှာ ...

"ငါလည်း ငါ့အထွာနဲ့ငါတော့ စင်ဒရဲလားပေါ့ဟယ်၊ နင်လည်း ဒီလိုပဲ တစ်သက်လုံး နေမနေနဲ့။ နင်က ငါ့ထက်ချောတော့ တကယ့် စင်ဒရဲလား ဖြစ်မှာပါ"

ကျွန်မသည် အေးရီရဲ့အပြောကို သဘောကျစွာဖြင့် ကျန်ရစ်ခဲ့သည်။ ရင်ထဲမှာလည်း မျှော်လင့်ချက်ဖြင့် တောက်ပလို့လာလေသည်။ ကြည့်စမ်း ... ဒီမျှော်လင့်ချက်ဆိုတဲ့ စကားကို





ဗီဒီယိုထဲမှာသာ ခဏ ခဏ ကြားဖူးခဲ့တာ။ ဘာဆိုတာ ရေရေရာရာ နားမလည်ခဲ့။ အခုတော့ ကိုယ်တိုင်ခံစားမိသဖြင့် နားလည်လာရချေပြီ။

အဲဒီ မျှော်လင့်ချက်ဆိုတာသည် လူတစ်ယောက်ကို အဓိပ္ပာယ်ရှိစေသည်။

ကျွန်မက ပညာလည်းမတတ်၊ ပိုက်ဆံလည်း မရှိသူမို့ ဒီအတိုင်းကတော့ဖြင့် မားမားတို့လက်ထဲမှ ထွက်နိုင်မည် မဟုတ်ပေ။

အေးရီက ကျွန်မကို လှသတဲ့။ ကျွန်မက ကြမ်းတိုက်ရင်းမှနေ ကိုယ်လုံးပေါ်မှန်ထဲသို့ ကိုယ့်ကိုယ်ကိုယ် ထကြည့်လိုက်သည်။

ညိုသော်လည်း အရိပ်ထဲမှာပင် နေရသည့် အသားတို့က စိုနေကာ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ထွားကျိုင်းသည်။ နှာတံပေါ်ပြီး ထူအာသော နှုတ်ခမ်းများသည် ရှယ်လီတို့ ပြောပြောနေသော စက်ဆီဆိုလား(sexy)၊ ချောဆီဆိုလား၊ ထားပါတော့ အဲဒီလိုမျိုးပင်။


www.burmeseclassic.com

www.burmeseclassic.com



အိုး ... ဒါတောင် မားမား က ရှိုးထုတ်ရင်း အရမ်း ပေါက်တာ၊ ရှယ်လီကလည်း အင်္ကျီပွပွကြီးတွေပဲ ဝတ်ခိုင်းတာ။ ဒါ သူတို့က ကျွန်မလှမှာ မလိုလားလို့ပေါ့။ သို့သော် ကျွန်မက စင်ဒရဲလား ဖြစ်လေသည်။

✧ ❦ ✧

ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





(၃)

ထိုအစ်ကိုကြီး အိမ်ကိုရောက်သောနေ့ကို ကျွန်မ ဘယ်တော့မှ မမေ့ပါ။ မမေ့သည်မှာ အဲဒီနေ့တွင် ရှယ်လီတို့ သိုအစ်မနှစ်ယောက်လုံး စိတ်ကောင်းတွေဝင်ကာ ကျွန်မကို လုံးဝ ဆူမပေါက် မရိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

တောင်ကြီးသားဖြစ်သော ထိုအစ်ကိုကြီးဟာ ရန်ကုန် မှာ အလုပ်တာဝန်ကျသဖြင့် မိဘချင်း အင်မတန်ရင်းနှီးသော မားမားတို့အိမ်မှာ လာရောက် နေထိုင်ရမှာဖြစ်သည်။ အစ်ကိုကြီး နာမည်က အောင်အောင် ဟုခေါ်သည်။

ထိုနေ့က ထမင်းဝိုင်းဝွင် ကိုအောင်အောင်က ကျွန်မသုပ်ထားသော မရမ်းသီးသုပ်ကို ချီးကျူးရာမှ မျက်လုံးချင်း ဒတင်ရင်းနှီးလာခြင်း ဖြစ်လေသည်။ သို့သော် ကြာကြာတောင် မရင်းနှီးလိုက်ရ။ ရှယ်လီက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မွှင့်နု၊ သစ်သီးပွဲ သွားပြင်ထားလေ၊ ဘာရပ်လုပ်နေတာလဲ၊ နင်တော့လား"

ကျွန်မသည် အခါများစွာက အငေါက်ခံခဲ့ရတာကို ဘယ်လိုမှ မနေပေမယ့် ဒီတစ်ခါတော့ ဒါလေးအပြောခံရတာကို ရှက်ရွံ့သွားရလေသည်။ သို့သော် ထိုအစ်ကိုကြီးက ဖော်ရွေနားလည်ဟန်ရှိသည်။

သူ ရောက်လာမှ ပိုတောင် အဖိအနှိပ် အငေါက်ခံလာရသော ကျွန်မကို ကရုဏာသက်သော မျက်လုံးများဖြင့် ငေးငေးကြည့်တတ်သည်။ ရှယ်လီတို့ နန်စီတို့ အလစ်တွင် ကျွန်မဘဝကို မေးမြန်းကာ အားပေးစကား ပြောတတ်လေသည်။

"အားမငယ်ပါနဲ့ မွှင့်နုရယ်၊ စေတနာဆိုတာ ရောင်ပြန်ဟပ်ပါတယ်။ ကိုယ့်စေတနာအတိုင်း ကိုယ်အကျိုးပေးတတ်တဲ့ ..."

"အဲဒါ ဘယ်လိုမျိုးလဲဟင်"

ကျွန်မက နားလည်သော်လည်း နားမလည်ဟန်ဆောင်ကာ မေးလိုက်လျှင် သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြသည်။ ဒီလိုလူမျိုးတွေထဲက ဒီလိုအပြုံးမျိုးရတာ ပထမဆုံးပဲ ဖြစ်သည်။





ဒီအိမ်ကြီးမှာ ရောက်စကနေ၍ ခုနှစ်နှစ်လုံးလုံး ကျွန်မအသက်နှစ်ဆယ်ထိ မညည်းမညူ ကျွန်ခံခဲ့သမျှ စေတနာထားခဲ့သမျှ စေတနာအကျိုးပေးတော့မယ် ထင်ပါရဲ့။

"သြော် ... မွှင့်နု စိတ်ချမ်းသာရမှာကို ပြောတာပေါ့"

"ဘယ်လို စိတ်ချမ်းသာရမှာလဲ"

သူက အသည်းယားအောင် ပြုံးကာ ခေါင်းတစ်ချက်ညိတ်သည်။ ပြီးတော့ မွှင့်နုကို မကြည့်ဘဲ ...

"ဒါတော့ တစ်နေ့နေ့ကျရင် သိလာမှာပါလေ"

ကျွန်မ ရုတ်တရက် လွင့်ခနဲ ဖြစ်သွားသည်ဟု ထင်သည်။ ကျွန်မ စိတ်ချမ်းသာရမယ်တဲ့၊ တစ်နေ့နေ့တဲ့၊ အို ... စင်ဒရဲလားလည်း ဒီလိုမျှော်လင့်ခဲ့ဖူးမှာပဲ။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



(၄)

BURMESE CLASSIC .com

စကားလေးတစ်ခွန်း၏ မျှော်လင့်ချက်ဖြင့် ကျွန်မ ကား အ[illegible]ဟိုင်းထက် သည်းခံကာ အခါတိုင်းထက် အားလုံးကို ပို၍ရိုကျိုး[illegible] သည်။ ကြည့်ခဲ့ဖူးသော ဇာတ်ကားထဲက ဇာတ်ဝင်ခန်း တစ်ခုထဲကလို အချက်အပြုတ် အပြုအစုကောင်းသော မိန်းမကောင်း သာ ယောကျ်ားတို့ ကြွေသည်ဟူသော စကားအတိုင်း အစ်ကိုအောင် ကို ရောက်ဖဲကထက် ဝလာအောင်၊ ဝတ်သောအကျီတွေ ဖြူဖွေး ကော့ပြန့်နေအောင် စီမံပေးခဲ့သည်။

နန်းစီတို့ နှိပ်စက်တိုင်း အပြုံးမပျက် ခံယူတတ်ပုံကို အစ်ကိုအောင်က ချီးကျူးလေတိုင်း သူတို့ များများနှိပ်စက်ပါစေဟု တောင် ဆုတောင်းရမလိုပင်။ ဒီလိုနှင့် ကျွန်မ မျှော်လင့်ချက်တွေ





အရောင်တောက်လာခဲ့သည်။ ဟိုညီအစ်မနှစ်ယောက်ရဲ့ နိုင်လိုမင်းထက်မှုတွေနဲ့စာလျှင် ဖြူစင်သိမ်မွေ့မှုနှင့် ရိုကျိုးသည်းခံတတ်မှုတို့ရှိသော ကျွန်မကိုသာ မြင်တတ်မှာပဲဟု အတွေးနှင့် ပျော်မိခဲ့သမျှ …

"ပွင့်နုရေ … ဘုရားခန်းဘေးက အခန်းကျယ်ကြီးကို ရှင်းထားဟော့၊ သေချာလုပ်၊ ခန်းဆီးအသစ်တွေတပ်၊ ပြီးရင် ငါ လာကြည့်မယ်"

မားမားက ခိုင်းစေလျှင် ကျွန်မမှာ ချက်ချင်းပြေးလုပ်ရသည်။

ခန်းဆီးအသစ်ကို အိမ်တော်ထိန်း ဒေါ်မြဲထံတွင် သွားထုတ်ရင်း နှုတ်ဆော့မေးမိလိုက်လျှင် …

"အောင်အောင်ရဲ့မိဘတွေ လာမှာလေ၊ ညည်း သေချာရှင်းနော်၊ သူတို့ တည်းကြမှာ"

"ဟုတ်လား၊ ဘုရားဖူးလားဟင်"

"ဘယ်ကလာ အေ၊ ဘုရားလည်းဖူးတာပေါ့၊ ညည်း နန်းစီကို သွားမမေးနဲ့ဦး၊ စိတ်တိုနေတယ်။ ရှယ်လီနဲ့ အောင်အောင်ကို ပေးစားတော့မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မိုက်ခဲ့ ဖြစ်သွားရခြင်းမှာ အိပ်ရေးပျက်ခြင်းကြောင့်တော့ မဟုတ်ပါ။ အို ... အစ်ကိုအောင် ကျွန်မ တစ်နေ့ စိတ်ချမ်းသာရမယ်ဆို။ ခုတော့ ဘယ်လိုများ ...

"ညီအစ်မနှစ်ယောက်လုံးက အောင်အောင့်ကို လုနေတာပေါ့။ နန်စီအတွက်က ရာပြီးသားမို့ ရှယ်လီက ရသွားတာ"

"အစ်ကိုအောင်က သူ့ကို ကြိုက်လို့လား"

ဒီတစ်ခါတော့ ဒေါ်မြကြ ကျွန်မကို အ,ရန်ကောဟူ၍ ကြည့်လာကာ ...

"ကြိုက်ဖို့ မကြိုက်ဖို့က အရေးမကြီးပါဘူးအေ၊ ဒီခေတ်မှာ ရှယ်ဒီမိတ်ဆိုရင် လူတိုင်း လိုချင်ကြတာ"

"ဟို ... အစ်ကိုအောင်က သဘောကောင်းပြီးတော့ ... ဟို ..."

ကျွန်မ ဆိုလိုချင်တာကို ဒေါ်မြကြ သိဟန်ဖြင့် မျက်မှောင်တစ်ချက် ရှုံ့ပြီးလျှင် ...

"အေး ... ရှယ်လီတို့ ဆိုးတာက ညည်းတို့ ငါတို့အပေါ်သာ နိုင်စားတာလေအေ၊ သူတို့ဟာတွေနဲ့ သူတို့ကျတော့လည်း ကောင်းနေပြန်တာပေါ့။ အောင်အောင်ကလည်း





ရှယ်လီ့ကို ကြိုက်ပုံမပေါ်ပေမယ့် ငွေမျက်နှာကိုတော့ မရှောင်နိုင်ဘူးလေ၊ အထူးသဖြင့် ရှယ်လီတို့အသိုင်းဝန်းက သူ့ကို မြင့်သထက်မြင့်အောင် ပံ့ပိုးပေးမယ့်ဟာမျိုး ပါရမီဖြည့်ပေးမယ့် သူမျိုးမို့လို့ပေါ့"

"ဩော် ... ပါရမီဖြည့်တယ်ဆိုတာ ဝတ်ကြီးဝတ်ငယ်ပြုစုတာကို ခေါ်တာမဟုတ်တော့ဘူးနော်"

"ညည်းကလည်းအေ၊ ငါလောက်တောင် မသိဘူး။ ညည်းတို့ ကြိုက်နေတဲ့ စိတ်ကူးယဉ်နေတဲ့ စင်ဒရဲလားဆိုတာ ပုံပြင်ထဲကကိုးအေ့။ ဒီခေတ်ကြီးထဲမှာ ပါရမီဖြည့်တယ်ဆိုတဲ့ စကားဟာ ထမင်းဟင်းချက်ကျွေးတာ၊ ရေပူရေချမ်းကမ်းလှမ်းတာကို ဆိုလိုတာ မဟုတ်တော့ဘူးပေါ့။ ဒါကြောင့်လည်း ဂုဏ်ရှိတဲ့ ယောကျ်ားတွေနဲ့ ငွေရှိတဲ့ မိန်းကလေးတွေ ရကြတာပေါ့။ ဟင်း ... သိပ်စိတ်ကူးမယဉ်နဲ့ ပွင့်နေရေ။ ပုံပြင်ထဲမှာသာ စိတ်ထားကောင်းတဲ့ စင်းဒရဲလားကို မင်းသားလေးက ကယ်နိုင်တာ၊ အပြင်ဘက် တကယ့်ဘဝ ဒီလိုခေတ်ကြီးထဲမှာတော့ မင်းသားလေးလည်း မကယ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကြ ပြောပြီးထွက်သွားသော် ဦး ကျွန်မ နားထဲကြွင်တော့ ဒေါ်မြ ပြောသော စကား‌ေကြာက အထပ်ထပ် ရိုက်ခတ်လျက် ကျန်ခဲ့လေသည်။ ဩော် ... လက်တွေ့ဘဝမှာတော့ စင်ဒရဲလားကို မင်းသားလေးက မကယ်နိုင်ပေဘူးကိုး။ ဖြစ်နိုင် သည်ပဲ။

စင်ဒရဲလားတို့ခေတ်မှာ အတန်းပညာ၊ ဘွဲ့လက်မှတ်၊ အင်တာနက်၊ လက်ကိုင်ဖုန်း မော်တော်ကား ဒါတွေမရှိ။ ဒါဆိုရင် ကျွန်မ တစ်ခုလောက် မေးချင်သည်။ စင်ဒရဲလားသာ နှစ်ဆယ်တစ်ရာစုကို ရောက်နေခဲ့ပြီ ဆိုပါစို့။ ဒီလိုမျိုး မင်းသား လေးနဲ့ ပျော်ရွှင်စွာ ပေါင်းဖက်နိုင်မည်ဟု ထင်ကြပါသလား။

စဉ်းစားကြည့်စေချင်သည်။ ကျွန်မကတော့ အစ်ကို အောင်နဲ့တွေ့ရင် မေးကြည့်ရဦးမည်။ စင်ဒရဲလားသာ နှစ်ဆယ့် တစ်ရာစုထဲကို ရောက်လာမည်ဆိုပါစို့၊ ကံကောင်းသွားနိုင်ပါဦး မလား။

✧ ❦ ✧

ဆုမြတ်မွန်မွန်

www.burmeseclassic.com